# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၄)ရက် ၊ တနင်္ဂနွေနေ့ ၊ (2-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၉၄)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KIA၊ KNU၊ AA၊ ABSDF၊ SAFနှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် အမျိုးသားဦးရေ ၂၈၀၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၃၀၃ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ

**နေပြည်တော်  ဩဂုတ်  ၁**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KIA၊ KNU၊ AA၊ ABSDF၊ SAF နှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များနှင့် အကြမ်းဖက်အဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင်အမျိုးသားဦးရေ ၂၈၀ နှင့် အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၃၀၃ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။


အဆိုပါဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို

**စာမျက်နှာ ၂၀ ကော်လံ ၁**




မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးကို ဆုကြေးငွေ ပေးအပ်စဉ်။

## ၁၃၂ ကေဗွီ ကလော-ရေပေါင်းဆုံ-သာစည်ဓာတ်အားလိုင်းဓာတ်အားပိတ်လုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးပန်ကြားချက်



၁၃၂ ကေဗွီ ကလော-ရေပေါင်းဆုံ-သာစည် အမှတ်(၁+၂) ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော်  ဩဂုတ်  ၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့၊ ဧရိယာများသို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန် ၁၃၂ ကေဗွီ ကလော-ရေပေါင်းဆုံ-သာစည်

**စာမျက်နှာ ၂၂ ကော်လံ ၄**

## မြန်မာအသင်းနှင့် လာအိုအသင်းယှဉ်ပြိုင်မှု တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော်  ဩဂုတ်  ၁**

Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၂၆ ရက်ထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်းပါဝင်သည့် အုပ်စု(ဘီ)ပွဲစဉ်များအနက် မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်းနှင့် လာအိုအမျိုးသားဘောလုံးအသင်းတို့၏ အုပ်စုအဆင့်ပွဲစဉ်ကို ဩဂုတ် ၄ ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၄ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel နှင့် MRTV Sports Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အယ်လ်နီညိုဖြစ်စဉ်ကြောင့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**နေပြည်တော်  ဩဂုတ်  ၁**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားကောင်းသော အယ်လ်နီညိုအခြေအနေတွင် တည်ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သချာ်ပုံစံပြုမော်ဒယ်လ်ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှုမှုမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများမှုမမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားသည်။


## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော်  ဩဂုတ်  ၁**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊

**စာမျက်နှာ ၂၂ ကော်လံ ၁**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ဇူလိုင် ၃၁ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဩဂုတ် ၂ ရက်မှ ၅ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။



ရတနာပုံ

၂၀၂၆ ခုနှစ် ဩဂုတ် ၂ ရက်

အယ်ဒီတာ့အာဘော်

# ခိုင်မာသော မဟာဗျူဟာများဖြင့် နိုင်ငံတော်သစ် အနာဂတ်ပန်းတိုင်သို့

တိုင်းပြည်တစ်ပြည်၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် ဟန်ချက်ညီညီ လျှောက်လှမ်းရသည့် ရည်မှန်းချက်နှစ်ရပ်ဖြစ်သည်။ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးတွင် တင်ပြခဲ့သည့် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြ မိန့်ခွန်းသည် တိုင်းပြည်၏ပကတိအခြေအနေများကို ပွင့်လင်းမြင်သာစွာ အချက်အလက်များနှင့်တကွ ချပြလျက် အနာဂတ်အတွက် ခိုင်မာသည့်မဟာဗျူဟာမြောက် လမ်းပြမြေပုံကို ထင်ဟပ်စေခဲ့သည်။

မိန့်ခွန်း၏ပထမဦးစားပေးအနေဖြင့် တိုင်းပြည်၏အသက်သွေးကြောဖြစ်သော ထာဝရငြိမ်းချမ်းရေး တံခါးကို ရက်ပေါင်း ၁၀၀ အတွင်း အရှိန်အဟုန်ဖြင့် ဖွင့်လှစ်ပေးခဲ့ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် အခြေခံ ပြည်ထောင်စုကြီးပေါ်ပေါက်ရေးအတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် ၄၃ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့နိုင်ခဲ့ကာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) ၁၃ ဖွဲ့နှင့် အပြုသဘောဆောင် တွေ့ဆုံနိုင်ခဲ့သည်မှာ အရေးပါသော မဟာဗျူဟာမြောက် ခြေလှမ်းဖြစ်သည်။ ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးအတွက် တိုက်စွမ်းရည်ရှိသော ခေတ်မီတပ်မတော် (Standard Army) တည်ဆောက်ရေးနှင့် ပြည်သူ့စစ်မဟာဗျူဟာ ဖော်ဆောင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒတို့ကို ပြတ်ပြတ်သားသား ဆုပ်ကိုင်ထားသည်ကို တွေ့ရသည်။

စီးပွားရေးနှင့် စားရေရိက္ခာ ဖူလုံရေးကဏ္ဍတွင်လည်း သမားရိုးကျမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်း၍ ကမ္ဘာ့စပါးကျီနိုင်ငံဖြစ်ရေး၊ ဆီထွက်သီးနှံအထူးဇုန်များသတ်မှတ်ကာ စားအုန်းဆီတင်သွင်းမှု လျှော့ချရေးနှင့် မွေးမြူရေးကဏ္ဍ မြှင့်တင်ရေးတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။ စက်သုံးဆီသုံးစွဲမှုထိန်းချုပ်ရေး မူဝါဒများကြောင့် ဒေါ်လာသန်း ၁၀၀၀ ကျော် သက်သာစေခဲ့သည့် အပြင် EV လျှပ်စစ်ယာဉ်များ အသုံးပြုရေး၊ လေဆိပ်အဆင့်မြှင့်တင်ခြင်း စီမံချက် ၁၀ ခု၊ BRI ၏ မန္တလေး-မူဆယ် ရထားလမ်းနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးကဲ့သို့သော အခြေခံ အဆောက်အအုံ စီမံကိန်း များကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပြီဖြစ်သည်။

အနာဂတ်၏ အဓိကမောင်းနှင်အားဖြစ်သည့် ပညာရေးအတွက် ဘဏ္ဍာငွေကို ၂၀၂၈-၂၀၂၉ တွင် ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားမည်ဖြစ်ပြီး KG+9 မသင်မနေရ စနစ်ဖြင့် လူ့စွမ်းအားအရင်းအမြစ်ကို စနစ်တကျ ပျိုးထောင်ပေးလျက်ရှိသည်။ လူငယ်နှင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း၊ မြန်မာပိုင် ဂြိုဟ်တုလွှတ်တင်ရေးနှင့် အာကာသနည်းပညာ ပူးပေါင်းဆောင် ရွက်ရေးတို့ဖြင့် အနာဂတ်မျိုးဆက်သစ်တို့၏ ဘဝအာမခံချက်ကို စီမံပေးထားသည်။ အလားတူ "သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှု" ဖြစ်ထွန်းစေရန် အဂတိလိုက်စားမှု၊ အွန်လိုင်းလိမ်လည်မှု (Online Scams) နှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတို့ကို အမျိုးသားရေးတာဝန်အဖြစ် ပြတ်ပြတ်သားသား နှိမ်နင်းဆောင်ရွက်လျက်ရှိသည်။

အချုပ်အားဖြင့်ဆိုရသော် "အရှိန်ရအောင်နှစ်နှစ်၊ အရှိန်အဟုန်ဖြင့် တည်ဆောက်မှုကို သုံးနှစ်" ဟူသော ကာလသတ်မှတ်ချက် လမ်းပြမြေပုံနှင့်အတူ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဟူသည့် မူကို စွဲကိုင်ကာ ပြည်သူနှင့် အစိုးရ ဟန်ချက်ညီညီ လက်တွဲကြိုးပမ်းကြမည်ဆိုပါက လက်ရှိစိန်ခေါ်မှုများကို အခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်မည်ဖြစ်သည်။ ခိုင်မာသော မဟာဗျူဟာများဖြင့် အရှိန်သစ်ယူ၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် သာယာဝပြောသော ပြည်ထောင်စုနိုင်ငံတော်သစ် အနာဂတ်ပန်းတိုင်သို့ မုချဧကန် အောင်မြင်စွာ တက်လှမ်းနိုင်တော့မည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၄၅၅၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျောက်မြောင်း ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၄၅၅၉ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၅၈၄၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၅၅၉ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်း မြို့နယ်ခွဲမှာ ပဲစင်းငုံ ၅၈၄၆ ဧက လျာထား စိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၄၅၅၉ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့် စိုက်ပျိုးကြသလို သီးထပ်သီးညှပ် အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။ (၂၀၆)

# သာစည်မြို့နယ် ပုပ္ပားကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများပြီးစီးနေမှု စစ်ဆေး

**သာစည် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ယင်းမာပင်ကျေးရွာအုပ်စု ပုပ္ပားကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ် မြသက်ဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ပုပ္ပားကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှု အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပုပ္ပားကုန်းကျေးရွာ၌ အကျယ် ခြောက်ပေ၊ အနက် ပေ ၄၀ လက်ရေတွင်းတူးဖော်ခြင်း၊ အနံငါးပေ၊ အလျားငါးပေ၊ အမြင့်ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၄၁ ဒသမ ၆၇ သန်းဖြင့် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ရေကြည်မြို့နယ်တွင် ဒေသထွက် နဂါးမောက်သီးများ အရောင်းအဝယ်ကောင်းမွန်နေ



**ရေကြည် ဩဂုတ် ၁**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ဒေသထွက် နဂါးမောက်သီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုချိုလွင်က ပြောပြသည်။

ရေကြည်မြို့နယ်တွင် ဒေသထွက် နဂါးမောက်သီးများ ဇူလိုင်လ ဒုတိယပတ်မှ ယနေ့ထိ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက်နဂါးမောက်သီးများ တစ်ရက်လျှင် အလုံးရေ ၁၅၀၀၀ မှ ၂၂၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ရေကြည်မြို့နယ်မှာ လက်ရှိ နဂါးမောက်သီးတွေ စတင်ထွက်ရှိနေပါတယ်။ ထွက်ရှိတဲ့ နဂါးမောက်သီးတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ အခု အရောင်းအဝယ် ကောင်းမွန်နေတဲ့ နဂါးမောက်သီးတွေက ပိုးမွှားကင်းစင်ပြီး လတ်ဆတ်မှုလဲရှိပါတယ်" ဟု ရေကြည်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုလွင်က ပြောပြသည်။

ရေကြည်မြို့နယ်တွင် အရောင်းအဝယ်ကောင်းမွန်နေသည့် နဂါးမောက်သီး ၁၀ လုံးလျှင် ငွေကျပ် ၁၇၀၀၀ မှ ၂၂၅၀၀ ထိ အရွယ်အစားပေါ်မူတည်၍ ဈေးနှုန်း အပြောင်းအလဲ ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဒသမအကြိမ် မြို့နယ်စာရေးဆရာအသင်း စာဖတ်ဝိုင်းကျင်းပ

**မန္တလေး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ဒသမအကြိမ် မြို့နယ်စာရေးဆရာအသင်း စာဖတ်ဝိုင်းကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားပြီး ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်း အဖွဲ့ဝင် ဆရာမောင်မောင်ညို (ရှေ့နေ)က မြို့ကြီးသားပီသကြစို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာ မင်းလပြည့်(ဟားခါး)က ရွှေရောင်နာရီတစ်လုံးနှင့် အခြားဝတ္ထုတိုများစာအုပ်မှ အကြောင်းအရာများကို လည်းကောင်း ကောက်နုတ်ဖတ်ကြားကြသည်။

ထို့နောက် တက်ရောက်လာသောစာရေးဆရာကြီး၊ ဆရာမကြီးများက ဖတ်ကြားထားသည့် အကြောင်းအရာများကို ဆွေးနွေးမှုဝေပြီး မြို့နယ်စာရေးဆရာအသင်းမှ ဘဏ္ဍာရေးမှူး ဆရာမကြီး ဒေါ်နုနုကြည်(အမေ့အိမ်)က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ်စာရေးဆရာအသင်းအဖွဲ့ဝင် ဆရာကျော်စိုးဦး (မန္တလေး)က ကိုယ်တိုင် ရေးသားထုတ်ဝေထားသည့် ရှေးဦးပြုစုခြင်းဖြင့် အသက်ကယ်ပါစာအုပ်ကို ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနထံ လှူဒါန်းရာ ဦးစီးအရာရှိဦးထွန်းထွန်းနိုင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးဇော်ဇော်ထွန်း-ဒေါ်စုစုလှိုင်မိသားစုက နှစ်ဖက်မိဘများနှင့် အစ်ကို ဦးခင်မောင်ဝင်း၊ အစ်မ ဒေါ်ခင်မေလင်းတို့အားရည်စူး၍ တစ်နေ့တာဆွမ်းအတွက် အလှူငွေကျပ် ၈၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး-ဒေါက်တာမြတ်ကျော်၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးယုတင်နှင့် ဦးအောင်ထိုက်ဦးတို့က လက်ခံရယူစဉ်။

# ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၃၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီးဖြစ်



**ကလေး ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၃၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၈၈၉၆ ဧကစိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကလေးမြို့နယ်တွင် ၅၁၂ ဧက၊ ကလေးဝမြို့နယ်တွင် ၃၅၁ ဧက၊ မင်းကင်းမြို့နယ်တွင် ၂၄၄၈ ဧက စုစုပေါင်း ၃၃၁၁ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲတီစိမ်း ဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက် ပေးနေပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ဧက ၂၇၀၀၊ ကလေးဝမြို့နယ်တွင် ၆၄၃ ဧက၊ မင်းကင်းမြို့နယ်တွင် ၅၅၅၃ ဧက စုစုပေါင်း ၈၈၉၆ ဧကဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြ၍ သိရသည်။ **(၂၀၆)**

# တံတားဦးမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘလဲ့ဘကျေးရွာနှင့် စစ်ကိုင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အဆိုပါကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာနှစ်ရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၈၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၂၂၀ ဒသမ ၅ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၉၃ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၉၀ ကို ရန်ပုံငွေကျပ် ၄၂၇ သိန်းထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ရဲကျော်**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**မော်လမြိုင်ကျွန်း ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကုန်စိမ်းအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် တိုင်ထောင်ပဲသီးများ ဇူလိုင်လဒုတိယပတ်မှ ယနေ့ထိ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ လက်ရှိတွင် တစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူတာများနေတာပါ။ လက်ရှိမှာ တစ်ရက်တာရောင်းအားအနေနဲ့ တိုင်ထောင်ပဲသီး ပိဿာချိန် ၄၀၀၀ ကနေ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက်ကုန်တွေ အများအပြားစိုက်ပျိုး ထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်တွေလဲ သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခြားဒေသတွေကပါ အခုလိုဒေသထွက် တိုင်ထောင်ပဲသီးတွေ ဝယ်ယူအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေ အခွင့်အလမ်းပိုမိုအဆင်ပြေလာပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ကုန်စိမ်းအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးကပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးအပါအဝင် ဒေသထွက် ဟင်းသီးဟင်းရွက်များပေါ်နေသည့် အချိန်ဖြစ်ကြောင်း၊ တိုင်ထောင်ပဲသီး တစ်ပိဿာလျှင် ငွေကျပ် ၆၇၀၀ မှ ၇၅၀၀ ထိပေါက်ဈေးရှိပြီး တိုင်ထောင်ပဲသီးများ အရောင်းအဝယ် ကောင်းမွန်လာသဖြင့် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# ချင့်ချိန်သုံးစွဲသင့်သည့် စားအုန်းဆီ

မျိုးသူ(ကုန်သွယ်မြှင့်)

ကျွန်တော်တို့သည် ဟင်းသီးဟင်းရွက်ဆိုပါက ဘူးသီး၊ ခရမ်းသီး၊ ဘူးညွန့်၊ ပဲရွက် စသည်တို့ကိုသာ မြင်ယောင်မိတတ်သည်။ ဟင်းသီးဟင်းရွက်ဆီဆိုပါကလည်း ဘူးသီး၊ ခရမ်းသီး၊ ဘူးညွန့်၊ ပဲရွက် စသည်တို့က ထွက်သည့်ဆီဟု အမြန်တွေးစိတ်က ထင်မြင်တတ်ကြသည်။ အမှန်က ဟင်းသီးဟင်းရွက်ဆီဆိုသည်မှာ တိရစ္ဆာန်ကထွက်သောဆီမဟုတ်ဘဲ အပင်၏အသီးအနှံများ၊ အစေ့အဆန်များက ထွက်သောဆီဟူသမျှကို ခေါ်ဆိုခြင်းဟုသိရသည်။ ထို့ကြောင့် စားအုန်းဆီသည် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီ (မြန်မာနိုင်ငံတွင် ပဲပိစပ်ဆီဟုလည်းခေါ်ဝေါ်ကြသည်)တို့ကဲ့သို့ ဟင်းသီးဟင်းရွက်ဆီတစ်မျိုးဖြစ်သည်။ သို့သော်လည်း ဆီအုန်းမှထွက်သော စားအုန်းဆီ၏ပြည့်ဝဆီပါဝင်မှုသည် အခြားမြေပဲ၊ နှမ်း၊ နေကြာဆီများထက်များပြားသဖြင့် ကျန်းမာရေးနှင့် မညီညွတ်သော ဆီအဖြစ်ကျော်ကြားခြင်းဖြစ်သည်။ မြန်မာနိုင်ငံဈေးကွက်တွင် ရောင်းချနေသော တံဆိပ်ကပ် ဟင်းသီးဟင်းရွက်ဆီအများစုသည် အိုင်အိုဒင်း တန်ဖိုးများသော စားအုန်းဆီများသာဖြစ်သည်။ ဆိုလိုသည်မှာ ရပ်ကွက်လက်လီဆိုင်များတွင် ခွက်ခြင်ရောင်းချနေသော စားအုန်းဆီထက် များစွာသာလွန်ခြင်းမရှိပေ။ အရည်အသွေးအားဖြင့် အရောင်ကြည်သည်မှလွဲ၍ များစွာမကွာခြားလှပေ။ စားအုန်းဆီကို ဈေးသက်သာသဖြင့် အစဉ်တစိုက် သုံးစွဲရင်း စားအုန်းဆီကို သုံးတတ်လာကြသည်ဟုထင်သည်။ အကြော်ခံသည်ဟူသောဂုဏ်ကြောင့် အကြော်အလှော်ဆိုင်တိုင်းသည် စားအုန်းဆီနှင့်မကင်းသည်ကိုတွေ့လာရသည်။ ကိတ်မုန့်လုပ်ငန်းမှစ၍ လမ်းဘေးအကြော်ဆိုင်လေးများထိ စားအုန်းဆီကိုသာ သုံးနေကြသည်။ ကျွန်တော်တို့ငယ်စဉ်က စားအုန်းဆီကို မြန်မာနိုင်ငံထဲတွင် သုံးစွဲမှုနည်းခဲ့ပြီး မြေပဲဆီဖြင့်သာ အသုံးများသည်ကို တွေ့ရသည်။ မြေပဲဆီလည်း အကြော်ခံဆီထဲတွင် ပါဝင်ကြောင်း တွေ့နိုင်သည်။ သို့သော် ဈေးနှုန်းမြင့်သည့်အတွက် စီးပွားဖြစ်လုပ်ငန်းများက ဈေးသက်သာသော စားအုန်းဆီကို သုံးစွဲနေကြခြင်းဖြစ်သည်ဟုဆိုနိုင်သည်။

**လူမှုစီးပွားရေးရှုထောင့်**

လူမှုစီးပွားရေးရှုထောင့်ကကြည့်လျှင် ရုတ်တရက်အားဖြင့် စားအုန်းဆီက ဈေးသက်သာသည်၊ တွက်ခြေကိုက်သည်ဟုဆိုနိုင်သည်။ ထို့ကြောင့် ဝင်ငွေနည်းပါးသော မိသားစုများနှင့် စီးပွားဖြစ်အစားအသောက်လုပ်ငန်းများသည် ချက်ချင်းငွေကြေးကုန်ကျမှုသက်သာသော စားအုန်းဆီကို ရွေးချယ်တတ်ကြသည်။ သို့သော် ကျွန်တော်တို့မမေ့သင့်သည်မှာ "The dearest is the cheapest in the long run." ဟူသောစကားပုံဖြစ်သည်။ ဈေးကြီးသောပစ္စည်းသည် ရေရှည်တွင် ဈေးသက်သာစေသည်ဟူသော အယူအဆဆိုင်ရာစကားပုံကိုကြည့်လျှင် တန်ဖိုးကြီးပေး၍ ကောင်းသောပစ္စည်းကိုဝယ်ယူသုံးစွဲခြင်းသည် ရေရှည်တွင် သက်သာမှုကိုရစေသည်ဟုဆိုသည်။

ဥပမာအားဖြင့် လူကြီးလေးဦးရှိသော မိသားစုတစ်စုသည် စားအုန်းဆီကို တစ်လလျှင် လေးပိဿာစားသည်ဆိုပါက ကုန်ကျစရိတ်သည် (တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ခန့်ဖြင့် တွက်ပါက) ငွေကျပ် ၃၂၀၀၀ ကုန်ကျမည်ဖြစ်သည်။ အဆိုပါငွေဖြင့် မြေပဲဆီဝယ်ပါက တစ်ပိဿာကျော်ကျော်ရရှိမည်ဖြစ်သည်။ ထိုတစ်ပိဿာဖြင့် တစ်လလောက်အောင် သုံးစွဲကြည့်ပါ။ အကြော်ကြော်စားခြင်းကိုလျှော့ကြည့်ပါ။ ကုန်ကျစရိတ်ချင်းတူသော်လည်း ကျန်းမာရေးပိုကောင်းလာမည်မှာမလွဲပေ။ ရေရှည်တွင် ကျန်းမာရေး စရိတ်သက်သာလာမည်ဖြစ်သည်။ ထို့ကြောင့် စားသုံးဆီတစ်ဦးလျှင် တစ်လကို ၅၀ သား ထက်မပိုအောင် စားသုံးခြင်းက ရေရှည်တွင် ရောဂါဘေး၊ ကျန်းမာရေးစရိတ်ကြောင့် ဖိစီးမည့်ဘေးများမှ လွတ်ကင်းချမ်းသာရာရမည်ဖြစ်သည်။ ကြော်စားခြင်းကိုလည်း သေသေချာချာ စိတ်ပိုင်းဖြတ်ပြီး လျှော့ချနိုင်ရန် လိုအပ်သည်။ အိမ်ရှင်မများက ဆီပြန်ဟင်းတစ်ခွက်ကို ရုံးသမား၊ ကျောင်းသမားများအတွက် ချက်လေ့ရှိသည်။ ကျောင်းတွင်၊ ရုံးတွင် နေ့လယ်စာ မသိုးရေးအတွက်ဟုဆိုကြသည်။ ဟင်းမသိုးစေရန် အခြားချက်ပြုတ်နည်းများကို သုံးပြီး ဆီပြန်ဟင်းများကို လျှော့ချရန်လိုအပ်သည်။

**ကျန်းမာရေးရှုထောင့်**

ကျန်းမာရေးရှုထောင့်မှ စားသုံးဆီများ စားသုံးခြင်းကိုကြည့်မည်ဆိုပါက မည်သည့်ဆီမဆို တန်ဆေး၊ လွန်ဘေးသာဖြစ်သည်ကို တွေ့နိုင်သည်။ မည်သည့်



စားသုံးဆီမဆို လိုသည်ထက်ပိုစားလျှင် ကျန်းမာရေးကို ထိခိုက်နိုင်သည်။ ဆီရောင်းသူများသည် ဆီဘူးများ၏တံဆိပ်တွင် ဆေးလိပ်ဘူး၏ ဘေးတွင်ကပ်သော "ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်နိုင်ပါသည်"ဟူသောစာတန်းမျိုးကို ကပ်သင့်သည်ဟုပင် ထင်မြင်မိသည်။ စားသုံးသူများသည် ကုန်ထုတ်လုပ်သူများ၊ ကုန်သည်ပွဲစားများ၊ လက်လီလက်ကားဆိုင်များအတွက် ကျေးဇူးရှင်များဟုဆိုနိုင်သော်လည်း ရောင်းသူတိုင်းသည် များများရောင်းရရေး၊ အမြတ်ရရေးကိုသာ အဓိကထားနေပြီး စားသုံးသူများ၏ ကျန်းမာရေးအတွက် ထည့်သွင်းစဉ်းစားခြင်း မရှိသကဲ့သို့ မြင်နေရသည်။ ကျန်းမာရေးအတွက် ကြည့်လျှင် အဆိပ်အတောက်ဖြစ်ခြင်းမျိုး မဟုတ်သဖြင့် စားနိုင်သည်။ သို့သော် ဆင်ခြင်တုံတရားဖြင့် စဉ်းစားဆင်ခြင်သင့်သော စားသုံးဆီ သို့မဟုတ် အထူးကန့်သတ်သင့်သော စားသုံးဆီဟုဆိုချင်သည်။

စားအုန်းဆီသည် ပြည့်ဝဆီ ၅၀ ရာခိုင်နှုန်းခန့် ပါဝင်နေခြင်းသည် အများအပြားစားလျှင် သွေးထဲတွင် မကောင်းသော ကိုလက်စထရောပမာဏကို တက်စေသည်။ အဆိုပါမကောင်းသော ကိုလက်စထရောကို တက်စေသည်နှင့်အမျှ ကျွန်တော်တို့ စားသုံးသူများ၏ သွေးကြောတွင် အဆီများစုပုံပြီး သွေးကြောများသည် ချေးပိတ်သည့် ပိုက်များကဲ့သို့ ဖြစ်လာသည်။ ရေရှည် ဆီကို အများအပြားစားလျှင် နှလုံးရောဂါ၊ သွေးတိုးရောဂါနှင့် လေဖြတ်ခြင်းတို့ ဖြစ်နိုင်ခြေ သိသိသာသာမြင့်မားသည်။ အဓိကအကျဆုံးအချက်မှာ အကြော်ခံသဖြင့် ကြော်ပြီးသားဆီများကို မစွန့်ပစ်ဘဲ ထပ်ပြန်တလဲလဲသုံးခြင်း၊ ဆီဟောင်းများကို စွန့်ပစ်ခြင်းမပြုဘဲ ဆီသစ်နှင့်ရော၍ ထပ်မံကြော်ရာတွင်သုံးခြင်းတို့သည် အဆိုးဆုံးဖြစ်သည်။ ပြန်ကြော်ဆီများသည် ဆီ၏ကောင်းသောဓာတ်ပစ္စည်းများ ပျောက်စေပြီး ကင်ဆာရောဂါဖြစ်ပွားနိုင်သည့် အခြေအနေများကိုသာ တိုးပွားစေသည်။ ထို့ကြောင့် သွေးတိုး၊ နှလုံးရောဂါနှင့် ကင်ဆာရောဂါများမဖြစ်လိုပါက ကြော်သောအစားအသောက်အားလုံးကို ရှောင်သင့်သည်။ ယခုခေတ်နေထိုင်မှုပုံစံများသည် ကိုယ်လက်လှုပ်ရှားမှုနည်းသဖြင့် နှလုံးရောဂါ၊ သွေးတိုးရောဂါများကို တိုးပွားရာတွင် အထောက်အကူပြုနေသည်ဟုဆိုချင်သည်။ နှလုံးရောဂါ၊ သွေးတိုးရောဂါရှိနေပြီဆိုလျှင်မူ စားအုန်းဆီကို နေ့စဉ်ပုံမှန်စားသုံးနေခြင်းမှ တင်းတင်းကျပ်ကျပ်ရှောင်ရှားသင့်သည်၊ အများအပြားလျှော့၍ စားသုံးသင့်သည်။ သာမန်ကျန်းမာနေသူတစ်ဦးအတွက်လည်း စားအုန်းဆီကိုလျှော့စားပြီး အခြားစားသုံးဆီများဖြင့် အစားထိုးစားသုံးသင့်သည်။

**ကုန်သွယ်ရေးရှုထောင့်**

စားအုန်းဆီသည် ပြည်တွင်းတွင် အနည်းငယ်သာထုတ်လုပ်နိုင်သည်။ မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းဒေသကြီး တောင်ပိုင်းတွင် ဆီအုန်းစိုက်ပျိုးမှုများရှိသည်။ သို့သော် အနည်းငယ်သာထုတ်လုပ်နိုင်ခြင်းနှင့် အခြားသော မြေပဲဆီ၊ နှမ်းဆီနှင့်နေကြာဆီများက ဆီဈေးကွက်တွင် အပြည့်အဝမဝင်ရောက်နိုင်ခြင်းကြောင့် ပြည်ပမှစားအုန်းဆီတင်သွင်းမှုကိုဆောင်ရွက်ရသည်။ သို့သော် ဆီတင်သွင်းမှုသည် ယခင် ၂၀၂၂ ခုနှစ်မတိုင်မီက အများအပြားတင်သွင်းခဲ့သည်။ ၂၀၂၂ ခုနှစ်နောက်ပိုင်းတွင် တင်သွင်းမှုနည်းလာသော်လည်း နိုင်ငံတကာစားအုန်းဆီဈေး မြင့်တက်လာသဖြင့် နိုင်ငံခြားငွေသုံးစွဲရမှုသည် များပြားနေသေးကြောင်း တွေ့နိုင်သည်။ ထိုသို့တင်သွင်းရာတွင် နိုင်ငံတစ်နိုင်ငံတည်းကိုသာ အများဆုံးအားကိုးရသော အနေအထားမျိုးရှိသဖြင့် အဆိုပါနိုင်ငံ၏ စားအုန်းဆီအပေါ် ကျင့်သုံးသည့် မူဝါဒများကိုလိုက်၍ စားအုန်းဆီဈေးသည် နိုင်ငံအနေဖြင့် မည်မျှချေတာသည်ဖြစ်စေ စားအုန်းဆီရောင်းချသည့် နိုင်ငံ၏ဈေးအတိုင်းသာ လိုက်လံပေးချေနေရသဖြင့် ပြည်တွင်းဈေးနှုန်း၊ ဈေးကွက်သည်လည်း အဆိုပါ နိုင်ငံ၏အခြေအနေပေါ်မူတည်နေသည်။ ထို့ကြောင့် ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကို နိုင်ငံမှအားပေးပြီး ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ပြည်တွင်းဆီ ထုတ်လုပ်မှုအပိုင်းတိုးတက်လာရေး၊ ပြည်တွင်းထုတ်ဆီများဖြင့် ပြည်တွင်းဆီဖူလုံနိုင်ရေးတို့ကို မဖြစ်မနေဆောင်ရွက်သွားရန် လိုအပ်သည်။ ကုန်သွယ်ရေးကဏ္ဍ၏ ပို့ကုန်မှရငွေနှင့် သွင်းကုန်အတွက် ကုန်ကျငွေတို့၏ အပိုအလိုသည် စားအုန်းဆီတင်သွင်းမှုနှင့်လည်း အထိုက်အလျောက် သက်ဆိုင်နေသည်။

**ဥစ္စာဖြို စားဖို့က**

ကျွန်တော်တို့၏ဝင်ငွေကို စားဝတ်နေရေးအတွက် အများဆုံးသုံးစွဲကြရသည်။ ထိုအထဲတွင် စားရေးအတွက် သုံးစွဲနေရသည်က များပြားသည်။ အထူးသဖြင့် ဆန်နှင့်ဆီအတွက် သုံးစွဲရမှုက အများဆုံးဖြစ်သည်။ ဥစ္စာဖြိုစားဖို့ကဟု ရှေးလူကြီးများဆိုကြသည်မှာ မမှားပေ။ ကုန်ကျစရိတ်အများစုသည် စားစရိတ်၊ မီးဖိုချောင်စရိတ်ဖြစ်နေသည်။ ယခုခေတ်တွင် ဖြစ်လေ့ရှိသော ကျန်းမာရေးပြဿနာများတွင် အများဆုံးတွေ့နေရသည်က သွေးတိုး၊ ဆီးချိုနှင့်နှလုံးရောဂါများ၊ ကင်ဆာရောဂါများဖြစ်သည်။ ထိုရောဂါများအတွက် မသင့်တော်သောအစားအစာများတွင် ထမင်းဖြူနှင့် စားအုန်းဆီတို့က ထိပ်ဆုံးကပါသည်ဟု ပြောရမလိုဖြစ်နေသည်။ ထို့ကြောင့် ကုန်ကျစရိတ်များပြားမှု အများဆုံးဖြစ်သော ဆန်နှင့်ဆီကို ချွေတာမှသာ မိသားစု၏မီးဖိုချောင်စရိတ်ကို ချွေတာရာရောက်မည်ဖြစ်သကဲ့သို့ ဥစ္စာခနကိုပါ ချွေတာရာရောက်သည်။ ဆက်လက်တွေးမည်ဆိုပါက ဆန်နှင့်ဆီချွေတာမှ ကျန်းမာမည်၊ ကျန်းမာရေးစရိတ် မကုန်ကျရဘဲ ဝင်ငွေနှင့်ထွက်ငွေမျှတမည်။ ကျန်းကျန်းမာမာဖြင့် အသက်ရှည်မည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် "မြန်မာနိုင်ငံအတွင်းရရှိနိုင်သော လူအများစားသုံးလေ့ရှိသည့်အစားအစာများ၏ အာဟာရတန်ဖိုး" စာအုပ်တွင်ပါဝင်သည့်အစားအစာများနှင့် ကယ်လိုရီပါဝင်မှုများကို လေ့လာကြည့်ရာ မုန့်ဟင်းခါးအလွတ်တစ်ပွဲသည် ကယ်လိုရီပမာဏ ၂၅၈ ရှိပြီး အီကြာကွေးတစ်ခုသည် ၂၉၁ ဒသမ ၆ ကယ်လိုရီပမာဏရှိသည်။ ဘူးသီးကြော်သုံးချောင်းခန့်ပါသော တစ်ပွဲစာသည်လည်း ကယ်လိုရီပမာဏ ၃၈၀ ခန့်ရှိသည်။ ထို့ကြောင့် ဘူးသီးကြော်တစ်ချောင်းသည် ကယ်လိုရီ ၁၀၀ ကျော်ရှိမည်ဖြစ်သည်။ မုန့်ဟင်းခါးတစ်ပွဲတွင် လက်တစ်ဝါးခန့် ဘူးသီးကြော်တစ်ခု ထည့်စားလျှင် နောက်ထပ် ကယ်လိုရီပမာဏ ၃၀၀ ခန့်တိုးပြီး ၅၀၀ ကျော်ဖြစ်သွားမည်။ အကယ်၍ မုန့်ဟင်းခါး အလွတ်တွင် အီကြာကွေးတစ်ခု ထည့်စားပါက ကယ်လိုရီပမာဏပေါင်းသည် ၅၄၀ ခန့်ထိဖြစ်မည်။ ဆိုလိုသည်မှာ မုန့်ဟင်းခါးစားလျှင် အကြော်ထည့်စားပါက ထမင်းတစ်ပွဲစားသည်ထက်ပင် များသော ကယ်လိုရီပမာဏဖြစ်သွားသည်။

**ချင့်ချိန်စားသုံးပါ**

ထို့ကြောင့် ပြည်တွင်းထုတ် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီများဖြင့် ပြည်တွင်းမိသားစုများအတွက်ဖူလုံရန်လည်းကောင်း၊ ပြည်တွင်းထုတ် စားအုန်းဆီများကို စားသောက်ကုန်လုပ်ငန်းများနှင့် စားသောက်ဆိုင်များအတွက် ဖူလုံအောင်ထုတ်လုပ်ရန်လည်းကောင်း ဆောင်ရွက်နေသော လုပ်ငန်းစဉ်များတွင် ပြည်သူများက စားအုန်းဆီကို ချင့်ချိန်သုံးစွဲခြင်းသည်လည်း အင်အားတစ်ရပ်ဖြစ်စေနိုင်သည်။ ထို့ကြောင့် မိသားစုအလိုက် စားအုန်းဆီကို ချင့်ချင့်ချိန်ချိန် စားသုံးခြင်း၊ လျှော့ချစားသုံးခြင်း၊ ပြည်တွင်းထုတ်ဆီများကို အားပေးခြင်းဖြင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- ကျန်းမာရေးဝန်ကြီးဌာန၏ "မြန်မာနိုင်ငံအတွင်းရရှိနိုင်သော လူအများစားသုံးလေ့ရှိသည့် အစားအစာများ၏ အာဟာရတန်ဖိုး"စာအုပ်**

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒ့ါအပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၁၄၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၁၄၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းဧက ၄၀၀၊ ဖူးစားပြောင်း ၂၄၄၁ ဧက စုစုပေါင်း ၂၈၄၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၂၅၅ ဧက၊ ဖူးစားပြောင်း ၁၂၀၇ ဧက စုစုပေါင်း ၁၄၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ပြောင်းသီးနှံဧက ၂၈၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ၁၄၆၂ ဧကထိ စိုက်ပျိုး ပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှား ရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးဆောင်ရွက်နေပါတယ်" ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် ပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုးကြိုတင်ကာကွယ်ခြင်း၊ ဘက်စုံသီးနှံကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမုတ်ပိသာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမုတ်ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမုတ်ပိဿာချိန် ၃၆၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးမုတ်ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသရေထွက်ကုန်တွေထဲမှာ ငါးမုတ်တွေ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ငါးမုတ်ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဘက်ကနေ ငါးမုတ်တွေ အဝယ်လိုက်လာလို့ တင်ပို့မှုကောင်းခဲ့တာပါ။ ပွဲရုံတွေဆီ ဝင်လာတဲ့ ငါးမုတ်တွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ဒီဘက်ဒေသကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။



လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးမုတ်များကိုဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့နယ်မှတစ်ဆင့် အခြားဒေသများသို့ ပြန်လည် တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးမုတ်တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ မှ ၂၄၅၀၀ ထိ လတ်ဆတ်မှုနှင့် အရွယ်အစားအပေါ်မူတည်၍ ဈေးအပြောင်းအလဲရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မွန်မြတ်သောစိတ်ထား

- ဖြူစင်စိတ်ထား မွေးဖွားကြပါ
  များကျိုးသယ်ပိုး မသိုးလက်ဟာ
  မွေးဂုဏ်သင်းပျံ့ အနံ့နေရာ
  လူနတ်ချစ် စင်စစ်ကောင်းကျိုးဖြာ။

- သူ့နေရာလေး ချင့်တွေးပူပန်
  သူ့အခက်ခဲ ကူတွဲအားမာန်
  စာနာစိတ်ထား အမှားမဖန်
  လူနတ်ချစ် စင်စစ်ကောင်းကျိုးမှန်။

- လောဘမဖက် မည်းစက်စင်သူ
  ဒေါသပူမီး ခရီးမထူ
  အတ္တကင်းရှင်း မာန်ကင်းစိတ်မူ
  လူနတ်ချစ် စင်စစ်ကောင်းကျိုးကူ။

- ရွယ်တူလေးစား သနားငယ်လျှင်
  ရှိသေကြီးမြတ် ထားတတ်စိတ်တွင်
  သူပြုကျေးဇူး အထူးမှတ်ထင်
  လူနတ်ချစ် စင်စစ်ကောင်းကျိုးဆင်။

- အချိန်ရှိခိုက် အားစိုက်ကုသိုလ်
  လောကအခင်း အလင်းပြဆို
  လမ်းကောင်းစေရေးအားပေးမှုပို
  လူနတ်ချစ် စင်စစ်ကောင်းကျိုးကြို။ ။

**ဇေဒါမောင်(ပညာရေး)**

# ကျောက်ဆည်မြို့နယ် လက်ပန်ဇင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်ဆည် ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသေးစား စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ လက်ပန်ဇင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်ဆုအောင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၂၄၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လက်ပန်ဇင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၉ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၂၄၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အထွေး**

# ပက်ထရီယော့တ်ဒုံးကျည်များ ယူကရိန်းကို ထုတ်လုပ်ခွင့်ပေးရန် သဘောတူထားခြင်းမရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပြောကြား



နယူးယောက် ဩဂုတ် ၁

ပက်ထရီယော့တ် လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်များကို တည်ဆောက်ခွင့်ပေးရန် အမေရိကန်နိုင်ငံက သဘောတူထားခြင်းမရှိကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ဇူလိုင် ၃၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သို့ရာတွင် ယူကရိန်းကို ပက်ထရီယော့တ် ဒုံးကျည်များ တည်ဆောက်ခွင့်ပေးရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်နေဆဲဖြစ်ကြောင်း သမ္မတဒေါ်နယ် ထရမ့်က ပြောကြားထားသည်။

ပက်ထရီယော့တ် ဒုံးကျည်များ တည်ဆောက်ခွင့် လိုင်စင်ကို အမေရိကန်နိုင်ငံက ပေးအပ်မည် ဖြစ်ကြောင်း ယခုလအတွင်း တူကီယဲနိုင်ငံ၌ ယူကရိန်းသမ္မတ ဇီလန်စကီးနှင့်တွေ့ဆုံစဉ် သမ္မတ ဒေါ်နယ်ထရမ့်က ထုတ်ဖော် ပြောကြားခဲ့သည်။

သို့ရာတွင်သမ္မတ ဒေါ်နယ်ထရမ့်သည် ယခုရက်သတ္တပတ်အတွင်း အိမ်ဖြူတော်၌ ယူကရိန်းသမ္မတ ဇီလန်စကီးနှင့် တွေ့ဆုံခဲ့သည့်တိုင် သမ္မတ ဒေါ်နယ်ထရမ့်က အဆိုပါကတိကဝတ်ကို ပြန်လည် ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။

ပက်ထရီယော့တ် လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်များ အခြားနိုင်ငံတစ်နိုင်ငံကို တည်ဆောက် ထုတ်လုပ်ခွင့်ပေးရေးမှာ အမေရိကန်နိုင်ငံအတွက် အလေးအနက် စဉ်းစားရမည့်ကိစ္စဖြစ်ကြောင်း ကမ့်ဒေးဗစ်အပန်းဖြေစခန်း၌ပြုလုပ်ခဲ့သော အစိုးရအဖွဲ့ဆွေးနွေးပွဲ၌ သမ္မတဒေါ်နယ်ထရမ့်က ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားသည် လက်ရှိတွင် ယူကရိန်းကို ဘလစ်စတစ် ဒုံးကျည်များဖြင့် ပိုမိုတိုက်ခိုက်လျက်ရှိသည်။

အသံ၏မြန်နှုန်းထက် ပိုလွန်သောအမြန်နှုန်းဖြင့် ပျံသန်းနိုင်သည့် ဘလစ်စတစ် ဒုံးကျည်များကို ပက်ထရီယော့တ် ဒုံးကျည်များဖြင့်သာ တားဆီးနိုင်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# လန်ဒန်မြို့၌ တရုတ်သံရုံးသစ်ဆောက်လုပ်ခွင့် ဥပဒေနှင့်ညီကြောင်း လန်ဒန်တရားလွှတ်တော်ဆုံးဖြတ်

လန်ဒန် ဩဂုတ် ၁

လန်ဒန်မြို့၌ တရုတ်နိုင်ငံ သံရုံးသစ် ဆောက်လုပ်ခွင့်ပေးရေး အတွက်ဗြိတိန်က သဘောတူထားခြင်းမှာ ဥပဒေနှင့်ညီကြောင်း လန်ဒန် တရားလွှတ်တော်က ဇူလိုင် ၃၁ ရက်တွင် စီရင်ချက် ချမှတ်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် လန်ဒန်မြို့လယ်ရှိ ဘုရင့်ဒင်္ဂါးသွန်းရုံဟောင်း တည်ရှိရာနေရာ၌ သံရုံးသစ် အဆောက်အအုံ တည်ဆောက်ရန် စီစဉ်ထားသည်။

တရုတ်နိုင်ငံ၏ အဆိုပါသံရုံးသစ် တည်ဆောက်ရေး အစီအစဉ်ကို ယခုနှစ် ဇန်နဝါရီလတွင် ဗြိတိန် အစိုးရက သဘောတူထားသည်။

သို့ရာတွင် တရုတ်နိုင်ငံ၏ သံရုံးသစ် တည်ဆောက်ရေးအစီအစဉ်ကို ဒေသခံများက ကန့်ကွက်ကြပြီး ဗြိတိန်အစိုးရ၏ သဘောတူညီချက်မှာလည်း တရားဥပဒေနှင့် မညီကြောင်း ကန့်ကွက်ထားသည်။

လန်ဒန် တရားလွှတ်တော်က ဒေသခံများ၏ ကန့်ကွက်မှုကို ပယ်ချခဲ့ပြီး ဗြိတိန်အစိုးရ၏ ဆုံးဖြတ်ချက်မှာ ဥပဒေနှင့်ညီကြောင်း စီရင်ချက်ချမှတ်ခဲ့သည်။

တရုတ်နိုင်ငံသည် တရုတ်သံရုံး သစ် အဆောက်အအုံဆောက်လုပ်ရန်အတွက် ဘုရင့်ဒင်္ဂါးသွန်းရုံ နေရာဟောင်းကို ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၂၇ သန်းဖြင့် ဝယ်ယူထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# တောင်တရုတ်ပင်လယ် စကားဘိုရို ရေပြင်ဒေသ၌ ဝေဟင်၊ ရေပြင်ပူးတွဲ စစ်ရေးလေ့ကျင့်မှုများ တရုတ်ပြုလုပ်



ပေကျင်း ဩဂုတ် ၁

တောင်တရုတ်ပင်လယ် စကားဘိုရို ရေမြုပ်သဲသောင်နယ်မြေ၌ တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် (ပီအယ်လ်အေ)က ရေကြောင်း၊ လေကြောင်းတိုက်ပွဲဝင်ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း ပီအယ်လ်အေတောင်ပိုင်း စစ်ဌာနချုပ်က ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပျက်စီးစေနိုင်သည့် နိုင်ငံအချို့၏လုပ်ရပ်ကို တုံ့ပြန်သည့်အနေဖြင့် စကားဘိုရို ရေမြုပ် သဲသောင်နယ်မြေအနီး ဝေဟင်၊ ရေပြင်တိုက်ပွဲဝင် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်ဟု တရုတ်တပ်မတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါနိုင်ငံများမှာ မည်သည့်နိုင်ငံများဖြစ်ကြောင်း တရုတ်တပ်မတော် ကြေညာချက်၌ ဖော်ပြထား ခြင်းမရှိကြောင်း သိရသည်။

စကားဘိုရို ရေမြုပ်သဲသောင်နယ်မြေသည် တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ကြား ပိုင်ဆိုင်ခွင့် အငြင်းပွားနေသော တောင်တရုတ်ပင်လယ်ရေပြင်ဒေသဖြစ်သည်။

အမျိုးသားအချုပ်အခြာအာဏာ နယ်မြေပိုင်စိုးမှုနှင့် ပင်လယ်ရေကြောင်း အခွင့်အရေးများကို ကာကွယ်ရာတွင် တရုတ်လက်နက်ကိုင်တပ်များ၏ တိုက်ပွဲဝင် အသင့်အနေအထားရှိမှုကို မြှင့်တင်ရေးအတွက် စကားဘိုရို ရေမြုပ်သဲသောင် ဒေသအနီး စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်တပ်မတော်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စကားဘိုရို ရေမြုပ်သဲသောင် နယ်မြေအတွင်း တရုတ်တပ်မတော်က စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့မှုနှင့်ပတ်သက်၍ ဖိလစ်ပိုင်အစိုးရက တစ်စုံတစ်ရာ တုံ့ပြန်မှု မရှိသေးကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# မော်ရိုကိုနယ်စပ်အခြေအနေကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း စပိန်တာဝန်ရှိသူများ ပြောကြား

မက်ဒရစ် ဩဂုတ် ၁

စပိန်နိုင်ငံ စီယူတာမြို့အတွင်းသို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများကို တားဆီးထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း စပိန်တာဝန်ရှိသူများက ဇူလိုင် ၃၁ ရက်တွင် ထုတ်ဖော် ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဇူလိုင် ၃၀ ရက်တွင် ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၅၀၀၀၀ ကျော်တို့သည် စပိန်နှင့် မော်ရိုကိုတို့ကြား နယ်စပ်စည်းရိုးကို ဖြတ်ကျော်၍လည်းကောင်း၊ ပင်လယ်ပြင်ကို ရေကူးဖြတ်ကျော်၍လည်းကောင်း စပိန်နိုင်ငံ စီယူတာမြို့အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။

လက်ရှိတွင် နယ်စပ်စည်းရိုး ဖြတ်ကျော် ဝင်ရောက်မှုများကို ဟန့်တားထားနိုင်ပြီ ဖြစ်ပြီး ဝင်ရောက်လာသူများအနက် ဦးရေ ၄၈၃၀၀ ကျော်တို့မှာ ၎င်းတို့၏ ဆန္ဒအလျောက် မော်ရိုကိုနိုင်ငံဘက်သို့ ပြန်လည်ထွက်သွားပြီဖြစ်ကြောင်း စပိန်တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

စပိန်နှင့် မော်ရိုကိုနယ်စပ် လူဝင်မှုပြဿနာကြောင့် ဥရောပနိုင်ငံများကြား သဘောထားကွဲပြားမှုများ ပေါ်ထွက်လာခဲ့သည်။

ဇူလိုင် ၃၀ ရက် မော်ရိုကိုနယ်စပ်လူဝင်မှုပြဿနာကို ဖိဖိစီးစီးထိန်းချုပ်ရန် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက စပိန်နိုင်ငံကို တောင်းဆိုထားသည်။

အီတလီနိုင်ငံကမူ စပိန်နှင့်ရယူထားသည့် ဥရောပသမဂ္ဂလွတ်လပ်စွာ နယ်စပ်ဖြတ်ကျော်ခွင့်ဆိုင်ရာ ရှန်ဂန်သဘောတူညီချက်ကို ရပ်ဆိုင်းထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဘူလ်ဂေးရီးယားနိုင်ငံ ဘက်ဇမာလေတပ်စခန်းသို့ အမေရိကန်စစ်လေယာဉ်နှစ်စင်း စတင်ရောက်ရှိ

ဆိုဖီယာ ဩဂုတ် ၁

အရှေ့အလယ်ပိုင်းဒေသ စစ်ဆင်ရေးများကို အထောက်အကူပေးမည့် အမေရိကန်စစ်လေယာဉ်နှစ်စင်း ဘူလ်ဂေးရီးယား အရှေ့တောင်ပိုင်း လေတပ်စခန်းတစ်ခုသို့ ဇူလိုင် ၃၁ ရက်တွင် စတင်ရောက်ရှိလာကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီရန်ကို စစ်ရေးပဋိပက္ခဆင်နွှဲရာတွင် အမေရိကန်တပ်မတော်ကို လေတပ်စခန်းများ အသုံးပြုခွင့်ပေးရန် ဥရောပမဟာမိတ်နိုင်ငံအချို့က ငြင်းပယ်ထားသည်။

သို့ရာတွင် ဘူလ်ဂေးရီးယား အရှေ့တောင်ပိုင်းရှိ ဘက်ဇမာ လေတပ်စခန်းကို အမေရိကန် တပ်မတော် အသုံးပြုခွင့်ပေးရန် ဘူလ်ဂေးရီးယား လွှတ်တော်က သဘောတူထားသည်။

အဆိုပါသဘောတူညီချက်အရ အမေရိကန်တပ်မတော်၏ ကေစီ-၁၃၅ ဝေဟင် လောင်စာဖြည့် လေယာဉ်ရှစ်စင်းနှင့် အမေရိကန် တပ်ဖွဲ့ဝင် ဦးရေ ၂၃၀ တို့က ဘက်ဇမာ လေတပ်စခန်းကို အသုံးပြုခွင့်ရရှိမည်ဖြစ်သည်။

လက်ရှိတွင် ဘူလ်ဂေးရီးယားနိုင်ငံ၏ သဘောတူညီချက်အရ အမေရိကန် တပ်မတော်၏ ပထမဆုံး ကေစီ-၁၃၅ လေယာဉ်နှစ်စင်း ဘက်ဇမာလေတပ်စခန်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ဘက်ဇမာ လေတပ်စခန်းသည် ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့ အရှေ့တောင်ဘက် မိုင် ၁၆၀ အကွာတွင် တည်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO



# တရုတ်အမျိုးသားအာကာသအေဂျင်စီက ဆက်သွယ်ရေးနည်းပညာ စမ်းသပ်ဂြိုဟ်တုများကို လောင်းမတ်ချ်-၆ ဒုံးပျံဖြင့် အောင်မြင်စွာပစ်လွှတ်ခဲ့



**ပေကျင်း ဩဂုတ် ၁**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ဆက်သွယ်ရေးနည်းပညာစမ်းသပ်ဂြိုဟ်တုများကို လောင်းမတ်ချ်-၆ ဒုံးပျံဖြင့် ဇူလိုင် ၃၀ ရက်တွင် အောင်မြင်စွာပစ်လွှတ်ခဲ့ကြောင်း ဇူလိုင် ၃၁ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဆက်သွယ်ရေးနည်းပညာစမ်းသပ် ဂြိုဟ်တုများကို သယ်ဆောင်ထားသော လောင်းမတ်ချ်-၆ ဒုံးပျံကို တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ရှီးပြည်နယ် တိုင်ယွန်အာကာသစခန်းမှ တစ်ဆင့်လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၆ ဒုံးပျံသည် ဆက်သွယ်ရေးနည်းပညာ စမ်းသပ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆက်သွယ်ရေးနည်းပညာစမ်းသပ် ဂြိုဟ်တုများကို ဂြိုဟ်တုဆက်သွယ်ရေး၊ ရုပ်သံထုတ်လွှင့်ရေးနှင့် သတင်းအချက်အလက်ပေးပို့ရေးနည်းပညာများ စမ်းသပ်ရေးအတွက် အသုံးပြုမည်ဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါကဏ္ဍများနှင့်ပတ်သက်၍ ဆက်စပ်နည်းပညာများကို ၎င်းဂြိုဟ်တုများက ကမ္ဘာ့ပတ်လမ်းပေါ်တွင် စမ်းသပ်မည်ဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၃၀ ရက် အာကာသမစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ အကြိမ်ပေါင်း ၆၆၀ မြောက် အာကာသ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# အာကာသအခြေစိုက် ဆက်သွယ်ရေးဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုစင်းရေ ၅၁၀၀ လွှတ်တင်ရန် Amazon ကုမ္ပဏီ စီစဉ်ထား

**ဝါရှင်တန် ဩဂုတ် ၁**

Amazon ကုမ္ပဏီသည် စမတ်ဖုန်းများနှင့် တိုက်ရိုက်ဆက်သွယ်နိုင်မည့် အာကာသအခြေစိုက် ဆက်သွယ်ရေးဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုစင်းရေ ၅၁၀၀ လွှတ်တင်ရန် စီစဉ်ထားကြောင်း ဇူလိုင် ၃၁ ရက် သတင်းများအရ သိရသည်။





အဆိုပါ ဆက်သွယ်ရေးဂြိုဟ်တုကွန်ရက်အတွက် ကမ္ဘာ့ပတ်လမ်းအနိမ့်ပိုင်း၌ ဂြိုဟ်တုစင်းရေ ၅၁၀၀ ထားရှိခွင့်ပေးရန် ဖက်ဒရယ် ဆက်သွယ်ရေးကော်မရှင်ကို လျှောက်လွှာတင်သွင်းထားသည်ဟု Amazon ကုမ္ပဏီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

အထက်ပါ ဆက်သွယ်ရေး ဂြိုဟ်တုကွန်ရက်သည် လက်ရှိဆက်သွယ်ရေး ကွန်ရက်များကို လက်လှမ်း မမီသူများအတွက် ဆက်သွယ်ရေး ဝန်ဆောင်မှုများ ပေးနိုင်မည်ဖြစ်သည်။

Amazon ကုမ္ပဏီ၏ ဆက်သွယ်ရေးဂြိုဟ်တုကွန်ရက် တည်ဆောက်ရေး လျှောက်ထားချက်ကို ဖက်ဒရယ်ဆက်သွယ်ရေး ကော်မရှင်က တစ်စုံတစ်ရာ တုံ့ပြန်ခြင်း မရှိသေးပေ။

Amazon ကုမ္ပဏီသည် လက်ရှိတွင် Leo အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ကွန်ရက်ကို တည်ဆောက်လျက်ရှိပြီး Leo အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်ကို ဂြိုဟ်တုစင်းရေ ၃၂၀၀ ကျော်ဖြင့် ဖွဲ့စည်းတည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# ISS စခန်းမှ အာကာသယာဉ်မှူးများက ဩဂုတ်လအတွင်း နိုင်ငံတကာအာကာသစခန်းပြင်ပထွက်ခွာမှုပေါင်း သုံးကြိမ်ထိ ပြုလုပ်မည်

**ဝါရှင်တန် ဩဂုတ် ၁**

နိုင်ငံတကာ အာကာသစခန်း (ISS) မှ အာကာသယာဉ်မှူးများသည် ဩဂုတ်လအတွင်း နိုင်ငံတကာ အာကာသစခန်းပြင်ပထွက်ခွာမှုပေါင်း သုံးကြိမ်ထိ ပြုလုပ်မည်ဖြစ်ကြောင်း ဇူလိုင် ၃၁ ရက် သတင်းများအရ သိရသည်။

အထက်ပါ နိုင်ငံတကာ အာကာသစခန်း ပြင်ပထွက်ခွာမှု သုံးကြိမ်အတွင်း အာကာသယာဉ်မှူးများသည် နေစွမ်းအင်ပြားများကို အဆင့်မြှင့်တင်ခြင်း၊ဆက်သွယ်ရေး အင်တင်နာစနစ်များ အစားထိုးလဲလှယ်ခြင်း၊ စွမ်းအင်နှင့် သတင်းအချက်အလက် ပေးပို့ရေး ကေဘယ်ကြိုးစနစ်များ ချိတ်ဆက်ခြင်းများကို ပြုလုပ်မည်ဖြစ်သည်။

အထက်ပါ အာကာသစခန်း ပြင်ပထွက်ခွာမှု သုံးကြိမ်အနက် ပထမဆုံးထွက်ခွာမှုကို ဩဂုတ် ၆ ရက်တွင် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) အာကာသယာဉ်မှူးများဖြစ်သည့် ဂျက်ဆီကာမိုင်ရာနှင့် အန်နီးမီးနွန်တို့က ပြုလုပ်မည်ဖြစ်သည်။

ဒုတိယအကြိမ် အာကာသစခန်းပြင်ပ ထွက်ခွာမှုကို နာဆာ အာကာသယာဉ်မှူး နှစ်ဦးက ဩဂုတ် ၁၃ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး အဆိုပါမစ်ရှင်အတွင်း ဆက်သွယ်ရေး အင်တင်နာစနစ်များကို အစားထိုးလဲလှယ်မည်ဖြစ်ကြောင်း သိရသည်။

တတိယအကြိမ် နိုင်ငံတကာ အာကာသစခန်း ပြင်ပထွက်ခွာမှုကို အမေရိကန်အာကာသယာဉ်မှူးများကပင် ဩဂုတ် ၂၅ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး အဆိုပါ နိုင်ငံတကာအာကာသစခန်း ပြင်ပထွက်ခွာမှုသည် ISS သမိုင်းတစ်လျှောက် ၂၈၁ ကြိမ်မြောက်၊ ၂၈၂ ကြိမ်မြောက်နှင့် ၂၈၃ ကြိမ်မြောက် အာကာသစခန်း ပြင်ပထွက်ခွာမှု ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# သက်ကြီးပိုင်း ၁၀ ဦးလျှင် ကိုးဦးက အိပ်စက်ချိန် ခြောက်နာရီနှင့်ရှစ်နာရီကြား ရယူထားသော်လည်း အိပ်စက်နိုင်မှုအရည်အသွေးကျဆင်းနေရ

**အီဒင်ဘာ့ဂ် ဩဂုတ် ၁**

သက်ကြီးပိုင်း ၁၀ ဦးလျှင် ကိုးဦးသည် ဆေးပညာရှင်များ၏ အကြံပြုချက်အတိုင်း ခြောက်နာရီနှင့် ရှစ်နာရီကြား အိပ်စက်ချိန် ရယူထားသော်လည်း အိပ်စက်နိုင်မှုအရည်အသွေး ကျဆင်းနေရကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၃၁ ရက်တွင် ပြောကြားသည်။

ထို့ပြင် အသက် ၅၀ အထက် လူ ၁၀ ဦးလျှင် ခုနစ်ဦးမှာ အိပ်စက်ရန်ခက်ခဲမှုပြဿနာ(Insomnia) သို့မဟုတ် အိပ်စက်ချိန်လေပြွန်ပိတ်ဆို့မှုပြဿနာကဲ့သို့ အိပ်စက်မှုဆိုင်ရာကျန်းမာရေးပြဿနာများကိုလည်း ခံစားနေရသည်။

အသက် ၅၀ အထက် လူကြီးပိုင်းများ၌ အိပ်စက်မှုဆိုင်ရာပြဿနာသည် အလုပ်ခွင်စိတ်ဖိအားများနှင့်ဆက်စပ်နေကြောင်း စကော့တလန်နိုင်ငံ အီဒင်ဘာ့ဂ်တက္ကသိုလ်မှသုတေသနပညာရှင်များက သုံးသပ်ထားသည်။

အလုပ်ခွင်စိတ်ဖိအားများခြင်းသည် အိပ်စက်နိုင်မှုအရည်အသွေးကို ထိခိုက်လာနိုင်ပြီး အိပ်စက်မှုဆိုင်ရာ ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အိပ်စက်မှုအရည်အသွေးကျဆင်းမှုသည် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ၊ စိတ်ကျရောဂါ၊ ကင်ဆာရောဂါများနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

စကော့တလန် သုတေသနပညာရှင်များသည် အသက် ၅၀ နှင့် ၆၆ နှစ်ကြား အလုပ်သမား ၄၅ ဦးတို့ကို စောင့်ကြည့်လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# အသက်နှစ်နှစ်အောက်ကလေးများကို သကြားဓာတ်စားသုံးမှုကန့်သတ်ထားခြင်းက Dementia ဖြစ်နိုင်ခြေကာကွယ်ရာတွင် အထောက်အကူပြုနိုင်

**ပေကျင်း ဩဂုတ် ၁**

အသက်နှစ်နှစ်အောက် ကလေးများ၏ သကြားဓာတ်စားသုံးမှုကို ကန့်သတ်ထားခြင်းသည် အသက်ရလာချိန် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia)ဖြစ်နိုင်ခြေကို ကာကွယ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၃၁ ရက်တွင် ပြောကြားသည်။

တရုတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကလေးများ သကြားစားသုံးမှုကို အသက်နှစ်နှစ်မတိုင်မီ ကန့်သတ်ထားခြင်းသည် ကလေးများ အသက်ရလာချိန်၌ Dementia ရောဂါဖြစ်ပွားနိုင်ခြေကို ၂၃ ရာခိုင်နှုန်းလျှော့ချနိုင်ကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ မွေးဖွားပြီး ပထမရက် ၁၀၀၀ သည် အနာဂတ်ကျန်းမာရေးအတွက် အရေးကြီးပုံကို ပြသနေကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ယခင်ပြုလုပ်ခဲ့သည့်လေ့လာချက်တွင် ကလေးဘ၀ သကြားဓာတ်စားသုံးမှုမြင့်မားခြင်းသည် ပုံစံ-၂ ဆီးချိုရောဂါ၊ သွေးတိုးရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာမှုနှင့် ဆက်စပ်နေသည်ဟု တင်ပြခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO



# ONE FRIDAY FIGHT 167 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ကျော်စွာဝင်းက ထိုင်းဖိုက်တာ ကိုမာဝတ်နှင့် ထိုးသတ်ရမည်

ရန်ကုန် ဩဂုတ် ၁

ထိုင်းနိုင်ငံတွင် ကျင်းပမည့် ONE FRIDAY FIGHT 167 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ကျော်စွာဝင်းက အိမ်ရှင်ထိုင်းဖိုက်တာ ကိုမာဝတ်နှင့် ထိုးသတ်ရမည်ဖြစ်ကြောင်း သိရသည်။

ကျော်စွာဝင်း ဝင်ရောက်ထိုးသတ်မည့် ONE FRIDAY FIGHT 167 ပြိုင်ပွဲကို ဩဂုတ် ၂၁ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ လုမ္ပနီအားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။

ကျော်စွာဝင်းသည် ONE FRIDAY FIGHT ပြိုင်ပွဲများတွင် အစောပိုင်းကတည်းက ဝင်ရောက်ထိုးသတ်နေသူဖြစ်ပြီး လက်ရှိတွင်လည်း ONE FRIDAY FIGHT 167 ပြိုင်ပွဲတွင် ဆက်လက်ဝင်ရောက်ထိုးသတ်မည်ဖြစ်ကာ ကျော်စွာဝင်းနှင့် ကိုမာဝတ်တို့ပွဲစဉ်သည် ပရိမိုးရှင်းပွဲစဉ် ဖြစ်သည့်အတွက် ပထမတွဲဆိုင်းအဖြစ် ပထမဆုံးထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ကျော်စွာဝင်းသည် ONE FRIDAY FIGHT ပြိုင်ပွဲတွင် သုံးပွဲထိုးသတ်ခဲ့ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားကာ ထိုင်းဖိုက်တာ ဆမ်မင်ဒမ်ကို ရှုံးနိမ့်ခဲ့ပြီး အခြားထိုင်းဖိုက်တာနှင့် ဂျပန်ဖိုက်တာတို့ကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပြိုင်ဘက် ထိုင်းဖိုက်တာ ကိုမာဝတ်သည် ONE FRIDAY FIGHT ပြိုင်ပွဲတွင် ၁၄ ပွဲ ထိုးသတ်ခဲ့ပြီး ခုနစ်ပွဲနိုင်၊ ခုနစ်ပွဲရှုံးရလဒ်ပိုင်ဆိုင်ထားကာ နောက်ဆုံးကစားခဲ့သည့် ငါးပွဲဆက် ရှုံးနိမ့်ထားသူဖြစ်ကြောင်း သိရသည်။

STA



# Mifel Tennis Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်ကို ရှာပိုဗာလော့ တက်ရောက်

မက္ကဆီကိုစီးတီး ဩဂုတ် ၁

မက္ကဆီကိုနိုင်ငံ ဘာဂျာကယ်လီဖိုးနီးယား ပြည်နယ်တွင် ကျင်းပနေသည့် Mifel Tennis Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်ကစားသမား ကင်မရွန်းနော်ရီနှင့် ကနေဒါတင်းနစ်ကစားသမား ရှာပိုဗာလော့တို့ ယှဉ်ပြိုင်ခဲ့ရာ ရှာပိုဗာလော့က (၆-၃၊ ၅-၇၊ ၆-၄)ရလဒ်ဖြင့်အနိုင်ရပြီး ဗိုလ်လုပွဲအဆင့်သို့တက်ရောက်ခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရှာပိုဗာလော့သည် Mifel Tennis Open တင်းနစ်ပြိုင်ပွဲတွင် ပုံစံကောင်းများ ဆက်တိုက်ပြသနေသည့် ကင်မရွန်းနော်ရီကို ဆီမီးဖိုင်နယ်အဆင့်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ကင်မရွန်းနော်ရီသည် ဆီမီးဖိုင်နယ်အဆင့်တွင် အမှားများခဲ့ကာ ဒုတိယပွဲငယ်တစ်ပွဲသာ အနိုင်ရခဲ့ပြီး ပထမပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ရှာပိုဗာလော့က ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရှာပိုဗာလော့က "ကျွန်တော့်အနေနဲ့ ဒီနေ့မှာတော့ စပေးဘောတွေ သိပ်ကောင်းခဲ့ပါတယ်။ ကင်မရွန်းလို ကစားသမားမျိုးနဲ့ ယှဉ်ပြိုင်ရတဲ့အခါ အမှားကင်းဖို့လိုအပ်တယ်ဆိုတာကို ကြိုတင်မှန်းဆထားလို့ အမှားကင်းအောင် ကြိုးစားခဲ့ပါတယ်။ အထူးသဖြင့် စပေးဘောတွေက အရေးကြီးတဲ့အတွက်ကြောင့် စပေးဘောကောင်းအောင် ကြိုတင်ပြင်ဆင်ခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports

Trs : AZL

# နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်ရ ဘိလိယက်နှင့် စနူကာကစားသမားများကို ဂုဏ်ပြုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁

မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်က နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်ရ ဘိလိယက်နှင့် စနူကာကစားသမားများ ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်း GOLDEN PARK Hotel (Ruby Hall)၌ ကျင်းပကြောင်း သိရသည်။




မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်က ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်သုံးခု ရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင် ဘိလိယက်နှင့် စနူကာကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြအဖွဲ့ဝင်များ၊ ယခုနှစ် ဇူလိုင်လအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် 2026 Heyball Masters Tour ပြိုင်ပွဲတွင် 1st Runner-up ဒုတိယဆုရရှိခဲ့သည့် ဘုန်းမြင့်ကျော် ခေါ် အားတီတို့ကို ဂုဏ်ပြုပွဲ အခမ်းအနား ကျင်းပပေးခဲ့ခြင်းဖြစ်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကား ပြောကြားပြီးနောက် ၃၃ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဘိလိယက် အသင်းလိုက် ရွှေတံဆိပ်ဆုရ ပေါက်စ၊ အောင်ငွေး၊ နေသွေးဦးတို့ကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၃၀၀၊ ဘုန်းမြင့်ကျော်ကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀ ချီးမြှင့်ခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဘိလိယက် တစ်ဦးချင်း ငွေတံဆိပ်ဆုရ ပေါက်စကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၂၀၀၊ စနူကာတစ်ဦးချင်း ကြေးတံဆိပ်ဆုရ ဘုန်းမြင့်ကျော်ကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀၊ စနူကာ 6-Red တစ်ဦးချင်း ကြေးတံဆိပ်ဆုရ နေမင်းထွန်းကို ဂုဏ်ပြုချီးမြှင့် ငွေကျပ် သိန်း၁၀၀၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခန့်ကျော်က စနူကာအသင်းလိုက် ကြေးတံဆိပ်ဆုရ ဘုန်းမြင့်ကျော်၊ ဝင်းကိုကို၊ ကျော်ဝေယံစိုးတို့ကို ဂုဏ်ပြုချီးမြှင့် ငွေကျပ် သိန်း ၁၀၀ သိန်း၊ အုပ်ချုပ်သူ၊ နည်းပြအဖွဲ့ကို ဂုဏ်ပြုချီးမြှင့် ငွေကျပ်သိန်း ၁၀၀ တို့ကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းသိရသည်။

STA

# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲကို ဩဂုတ် ၃ ရက်မှ ၁၄ ရက်ထိ နေပြည်တော်၌ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီတို့ ပူးပေါင်းကျင်းပမည့် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲကို လာမည့် ဩဂုတ် ၃ ရက်မှ ၁၄ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ်အားကစားရုံတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ်အားကစားရုံတွင် ကျင်းပခဲ့ပြီးနောက် လူတွေ့စစ်ဆေးခြင်း၊ ပွဲစဉ်ဇယား ရေးဆွဲခြင်းများ လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ် ပထမဆုအတွက် တစ်ဦးချင်းဆုတံဆိပ်၊ တံခွန်စိုက်ဒိုင်းအပါအဝင် ဆုကြေးငွေကျပ် သိန်း ၃၀၊ ဒုတိယဆုအတွက် ဆုကြေးငွေကျပ် သိန်း ၂၀၊ တတိယဆုအတွက် ငွေကျပ် ၁၀ သိန်း၊ အသန့်ရှင်းဆုံးအသင်းဆုအတွက် ငွေကျပ် ငါးသိန်း၊ ပြိုင်ပွဲအကောင်းဆုံး ကစားသမားဆုနှင့် အကောင်းဆုံး ဂိုးသမားဆုအတွက် ငွေကျပ်နှစ်သိန်း အသီးသီးချီးမြှင့်ပေးအပ်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဝန်ကြီးဌာနပေါင်းစုံမှ အသင်း ၂၅ သင်းဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဂိုးသမားများဆေးကုသမှုအတွက် စည်းမျဉ်းသစ် စတင်အသုံးပြုမည်

လန်ဒန် ဩဂုတ် ၁

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က ဩဂုတ် ၂၂ ရက်တွင် ကျင်းပမည့် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ စတင်ပြီး ဂိုးသမားများ ဆေးကုသမှုများအတွက် စည်းမျဉ်းသစ်ကို စတင်အသုံးပြုမည်ဖြစ်ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အစောပိုင်းက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဂိုးသမားများ ပွဲချိန်အတွင်း ဒဏ်ရာရရှိခဲ့ပါက ဆေးအဖွဲ့အနေဖြင့် ဆေးကုသမှုကို အချိန်အကန့်အသတ်မရှိ လုပ်ဆောင်နိုင်သကဲ့သို့ အခြားကန့်သတ်ချက်များလည်းမရှိဘဲ ဆေးကုသမှု လုပ်ဆောင်နိုင်ခြင်းဖြစ်သည်။



သို့သော် ဂိုးသမားများအတွက် ဆေးကုသမှု စည်းမျဉ်းသစ်အရ ဂိုးသမားတစ်ဦးသည် ဒဏ်ရာရရှိပါက အသင်းဆေးအဖွဲ့က ကွင်းအတွင်းဝင်ရောက်ကာ ဆေးကုသမှုပြုလုပ်လျှင် ဆေးကုသမှုခံယူသည့်အသင်းမှ ပွဲထွက်ကစားသမားတစ်ဦးကို ကွင်းပြင်ပသို့ တစ်မိနစ်ကြာ ထွက်ပေးရမည်ဖြစ်သည်။

အဆိုပါကွင်းပြင်ပတွင် တစ်မိနစ်ကြာ ထွက်ပေးရမည့်ကစားသမား၏ အမည်စာရင်းကိုလည်း ပွဲစဉ်ကြီးကြပ်သူများထံ ၁၀ စက္ကန့်အတွင်း အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ၁၀ စက္ကန့်အတွင်း အမည်စာရင်း မပေးနိုင်ပါက ဆေးကုသမှုခံယူသည့် အသင်းမှ အသင်းခေါင်းဆောင်သည် ကွင်းပြင်ပတွင် တစ်မိနစ်ကြာ ထွက်ခွာစောင့်ဆိုင်းရမည် ဖြစ်ကြောင်း သိရသည်။

Ref : 365Scores

Trs : STA

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၁)တွင် ဂလက်ဆီအက်ဖ်စီအသင်းနှင့် ISPE အသင်းတို့နိုင်ပွဲ ကိုယ်စီရရှိ



**ရန်ကုန် ဩဂုတ် ၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ဂလက်ဆီအက်ဖ်စီ အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းတွင် မြဝတီအက်ဖ်စီ အသင်းနှင့် ဂလက်ဆီအက်ဖ်စီ အသင်းတို့ ကစားခဲ့ရာ ဂလက်ဆီအက်ဖ်စီ အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ဂလက်ဆီအက်ဖ်စီအသင်း အတွက်သွင်းဂိုးများကို ပွဲချိန် ၄၄ မိနစ်တွင် အောင်မြတ်သာ၊ ပွဲချိန် ၆၂ မိနစ်တွင် သန့်ဇင်အောင်တို့က သွင်းယူခဲ့သည်။

အလားတူညနေ ၃ နာရီခွဲက သီဟဒီပ အားကစားကွင်းတွင် ISPE အသင်းနှင့် ရှမ်းယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ ISPE အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရပြီး ISPEအသင်းအတွက်တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန်မိနစ် ၉၀ ပြည့်ပြီးအချိန်ပို ၄ မိနစ်တွင် သက်ထူးစံက သွင်းယူခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၁) ပွဲစဉ်များအဖြစ် ဩဂုတ် ၂ ရက်တွင် ချင်းလန်းအက်ဖ်စီအသင်းနှင့် ဟံသာဝတီ ယူနိုက်တက်အသင်း၊ စစ်ကိုင်း ယူနိုက်တက်အသင်းနှင့် ရောဝတီ ယူနိုက်တက် အသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)မှ အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)ထိ MTB(လူသစ်တန်း)စက်ဘီးစီးပြိုင်ပွဲအတွက် ဆုကြေးငွေများ ထုတ်ပြန်

**မန္တလေး ဩဂုတ် ၁**

မန္တလေးတိုင်း ဒေသကြီး အစိုးရအဖွဲ့၊ သစ်တောဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပမည့် တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)မှ အမျိုးသား ကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)ထိ MTB (လူသစ်တန်း) စက်ဘီးစီးပြိုင်ပွဲတွင် ချီးမြှင့်ပေးအပ်မည့် ဆုကြေးငွေများကို ထုတ်ပြန် ကြေညာခဲ့ကြောင်း သိရသည်။

MTB (လူသစ်တန်း) စက်ဘီးစီး ပြိုင်ပွဲ Mountain Bike ပြိုင်ပွဲတွင် အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲ နှစ်မျိုး ကျင်းပမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၅ နာရီခွဲတွင် မန္တလေးမြို့ရှိ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ) ပင်မဂိတ်မှ စတင်တာထွက်ကာ ပြင်ဦးလွင်မြို့ရှိ အမျိုးသား ကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်) Main Stage (ဥယျာဉ်အရှေ့ဘက်ခြမ်း၊ Bamboo Cafe အရှေ့)တွင် ပန်းဝင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်လိုသူများအနေဖြင့် ပြိုင်ပွဲဝင်ကြေး တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်နံပါတ်ပြားများနှင့် ပြိုင်ပွဲဝင်အင်္ကျီများကို ဩဂုတ် ၇ ရက်မှစတင်၍ တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)၊ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၊ အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)တို့တွင် ထုတ်ယူနိုင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ် အမျိုးသားပြိုင်ပွဲတွင် ပထမဆုအတွက် ငွေကျပ် ၁၅၀၀၀၀၀၊ ဒုတိယဆုအတွက် ၁၂၀၀၀၀၀၊ တတိယဆုအတွက် ငွေကျပ် ၁၀၀၀၀၀၀၊ အဆင့်(၄)မှ (၁၃)နေရာအတွင်း ငွေကျပ် ၂၀၀၀၀၀၊ အဆင့်(၁၄)မှ (၂၃) အတွင်း ငွေကျပ် ၁၀၀၀၀၀၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုအတွက် ၁၀၀၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၇၀၀၀၀၀၊ တတိယဆုအတွက် ငွေကျပ် ၅၀၀၀၀၀၊ အဆင့်(၄)မှ (၁၃)နေရာအတွင်း ငွေကျပ် ၂၀၀၀၀၀၊ အဆင့်(၁၄)မှ (၂၃)အတွင်း ငွေကျပ် ၁၀၀၀၀၀ အသီးသီး ချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

STA

# ဖီဖာက ကန့်ကွက်မှုများမြင့်တက်လာခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲကို ရှယ်ယာသတ်မှတ်ရောင်းချမည့်အစီအစဉ် ပြန်လည်ရုပ်သိမ်း

**ဇူးရစ် ဩဂုတ် ၁**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က လာမည့် ၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှစတင်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲကို ရှယ်ယာများ သတ်မှတ်ကာ စီးပွားရေးရင်းနှီးမြှုပ်နှံသူများထံ ရောင်းချရန်စီစဉ်ထားသော်လည်း ကန့်ကွက်မှုများ မြင့်တက်လာခဲ့ပြီးနောက် ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



ဖီဖာက ကမ္ဘာ့ဖလားပြိုင်ပွဲကို ရှယ်ယာများ သတ်မှတ်ကာ ရောင်းချမှုမှ အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော်ရရှိရန် မျှော်မှန်းထားပြီး ရရှိသည့်ငွေကြေးများမှ အဖွဲ့ချုပ် လက်အောက်ခံနိုင်ငံများကို ဒေါ်လာသန်း ၃၀ စီ ခွဲဝေပေးအပ်မည်ဟု ကြေညာခဲ့ခြင်းဖြစ်သည်။

သို့သော် ဖီဖာ၏ အစီအစဉ်ကို ဥရောပ ဘောလုံးအဖွဲ့ချုပ်က စတင်ကန့်ကွက်မှုများ လုပ်ဆောင်ခဲ့ပြီးနောက် ဝေဖန်မှုများမြင့်တက်လာခဲ့ပြီး ဥရောပဘောလုံးအဖွဲ့ချုပ်က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်မည်ဆိုပါက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့်အမျိုးသား၊ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲအပါအဝင် အခြားပြိုင်ပွဲများအားလုံးမှ နုတ်ထွက်မည်ဟု ကန့်ကွက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဥရောပဘောလုံးအဖွဲ့ချုပ်အပြင် တောင်အမေရိကနှင့် အာရှဘောလုံး အဖွဲ့ချုပ်တို့လည်း ကန့်ကွက်မှုများလုပ်ဆောင်ခဲ့ပြီးနောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ကမ္ဘာ့ဖလားပြိုင်ပွဲကို ရှယ်ယာ သတ်မှတ်ရောင်းချမည့် အစီအစဉ် ပြန်လည်ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

Ref : The Athletic

Trs : STA

# ၁၉ ကြိမ်မြောက် KING'S CUP ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုမဲခွဲမှုပြီးစီး

**ရန်ကုန် ဩဂုတ် ၁**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၁၉ ကြိမ်မြောက် KING'S CUP ပိုက်ကျော်ခြင်း ပြိုင်ပွဲအုပ်စုမဲခွဲမှု ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင် ထိုင်းနိုင်ငံအပါအဝင် နိုင်ငံ ၁၉ နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကို ဩဂုတ် ၄ ရက်မှ ၁၁ ရက်ထိ ကျင်းပမည်ဖြစ်သည်။

၁၉ ကြိမ်မြောက် KING'S CUP ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(B)တွင် ပါကစ္စတန်အသင်း၊ အိန္ဒိယအသင်းတို့နှင့်လည်းကောင်း၊ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲ အုပ်စု(B)တွင် တောင်ကိုရီးယားအသင်း၊ ဖိလစ်ပိုင်အသင်း၊ အိန္ဒိယအသင်းတို့နှင့် အတူ ကျရောက်နေသည်။

အလားတူ အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(C)တွင် ဘင်္ဂလားဒေ့ရှ်အသင်း၊ ဖိလစ်ပိုင်အသင်း၊ တောင်ကိုရီးယားအသင်း၊ မလေးရှားအသင်း၊ အမျိုးသား သုံးယောက်တွဲပြိုင်ပွဲ အုပ်စု(C)တွင် ဆော်ဒီအာရေဗျအသင်း၊ တောင်ကိုရီးယားအသင်း၊ အင်ဒိုနီးရှားအသင်း၊ တရုတ်(တိုင်ပေ) အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

မြန်မာအမျိုးသား အသင်းတွင် ထူးအောင်ကျော်၊ ဟန်ဝင်းထွဋ်၊ ထွန်းဝဏ္ဏအောင်၊ အောင်ဇော်ဟိန်း၊ ရဲထက်၊ ချစ်လွန်းပို၊ အောင်မျိုးကျော်၊ ကျော်မင်းသူ၊ ဇော်မင်းခန့်၊ အောင်အောင်၊ ရန်ပိုင်စိုး၊ သက်ပိုင်စိုး၊ ဇင်လင်းထူးတို့ ပါဝင်မည်ဖြစ်ပြီး အမျိုးသမီးအသင်းတွင် ချယ်ရီလင်းသစ်၊ ယဉ်ယဉ်ငွေး၊ စန်းသီတာမိုး၊ ဖူးဖူး၊ ဆုမွန်ကျော်၊ နှင်းနှင်းဝေ၊ နန့်မေသူထွေး၊ ရွှင်းလဲ့ဇင်တို့ ပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ပွဲစဉ်မှဖြစ်ရပ်အတွက် ပြစ်ဒဏ်များချမှတ်


**ရန်ကုန် ဩဂုတ် ၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးနှင့် ကျင့်ဝတ်ကော်မတီက မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲအဖြစ် ကစားခဲ့သည့် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်းတို့ ပွဲစဉ်မှဖြစ်ရပ်အတွက် ပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်၌ ပွဲချိန် ၆၂ မိနစ်တွင် နှစ်ဖက်အသင်း ကစားသမားများ ကိုယ်ထိလက်ရောက် ကျူးလွန်မှုများ ဖြစ်ပွားခဲ့ပြီးနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးနှင့် ကျင့်ဝတ်ကော်မတီက အသေးစိတ်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖြစ်ရပ်အတွက် တိုက်ရိုက် အနီကတ်ပြခံခဲ့ရသော ရှမ်းယူနိုက်တက်အသင်းမှ ဝင်းသူဇာအောင်နှင့် ရန်ကုန်ယူနိုက်တက်အသင်းမှ ရွှန်းလဲ့နိုင်တို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးမှု အပိုဒ်(၄)အရ အနီးကပ်ဆုံး သုံးပွဲပယ်နှင့် ဒဏ်ကြေး ငွေကျပ်သုံးသိန်းပေးဆောင်စေရန်လည်းကောင်း၊ စတင်အချင်းများခဲ့ကြသည့် ရှမ်းယူနိုက်တက်အသင်းမှ သော်တာနှင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းမှ စုစုကြည်တို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးမှုအပိုဒ်(၄)အရ အနီးကပ်ဆုံး တစ်ပွဲပယ်နှင့် ဒဏ်ကြေးငွေကျပ်တစ်သိန်း ပေးဆောင်စေရန် အသီးသီးပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

STA



# သဘာဝ၏အာဟာရသိုက် မျှစ်မှပေးသော ကျန်းမာရေးအကျိုးကျေးဇူးများ

သဘာဝတရားက လူသားတို့၏ အသက်ရှင်ရပ်တည်ရေးအတွက် အရေးပါသော အစားအစာနှင့် ဆေးဖက်ဝင်အပင်များကို အစဉ်တစိုက် ပေးစွမ်းလျက်ရှိသည်။ မျက်မှောက်ခေတ်တွင် လူနေမှုပုံစံများ ပြောင်းလဲလာခြင်း၊ နာတာရှည်ရောဂါများ တိုးပွားလာခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများ မြင့်မားလာခြင်းတို့ကြောင့် လူတို့သည် အရသာကောင်းရုံသာမက အာဟာရပြည့်ဝ၍ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကို ပိုမိုရွေးချယ်စားသုံးလာကြသည်။ အထူးသဖြင့် သဘာဝမှရရှိသည့် ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများနှင့် အမျှင်ဓာတ်ကြွယ်ဝသော အစားအစာများသည် ကျန်းမာရေးကိုကောင်းမွန်အောင် ထိန်းသိမ်းရာတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လာသည်။

ထိုသို့ ကျန်းမာရေးနှင့်ညီညွတ်သော သဘာဝအစားအစာများအနက် ဝါးပင်မှထွက်သော နုသည့်အညွန့်မျှစ်သည် အရသာထူးခြားပြီး အာဟာရဓာတ်များကြွယ်ဝသည့်အပြင် ကျန်းမာရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်တို့အတွက်ပါ များစွာအကျိုးပြုသော သဘာဝလက်ဆောင်တစ်ခုဖြစ်သည်။ မျှစ်ကို မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံတွင် ရာစုနှစ်များစွာကတည်းက စားသုံးလာခဲ့ကြသည်။ မြန်မာလူမျိုးတို့သည် မျှစ်ကို မျှစ်ချဉ်၊ မျှစ်ခြောက်၊ မျှစ်သုပ်၊ မျှစ်ကြော်၊ ငါးပိရည်နှင့် တို့စရာမျှစ် စသည်ဖြင့် ပုံစံအမျိုးမျိုးဖြင့် နှစ်ခြိုက်စွာ စားသုံးကြသည်။

**မျှစ်တွင်ပါသောအာဟာရဓာတ်များ**

မျှစ်သည် အရသာကောင်းမွန်သည့်အပြင် ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူပြုသည်။ မျှစ်သည် အဆီဓာတ်နှင့် ကယ်လိုရီပါဝင်မှုနည်းပြီး အာဟာရဓာတ်များ ကြွယ်ဝစွာပါသည့်အပြင် အမျှင်ဓာတ်များစွာ ပါဝင်သောကြောင့် ယနေ့ခေတ်တွင် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာ (Healthy Food) အဖြစ် လူပိုမိုစိတ်ဝင်စားလာကြသည်။ ထို့ကြောင့် မျှစ်ကို သဘာဝ၏အာဟာရသိုက်ဟုလည်း တင်စားခေါ်ဆိုကြသည်။ မျှစ်တွင် ပါဝင်သော အာဟာရဓာတ်များမှာ ရေဓာတ်၊ ပရိုတင်း၊ အမျှင်ဓာတ်၊ ဗီတာမင် ဘီ၊ ဗီတာမင်စီ၊ ပိုတက်စီယမ်၊ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ ဖော့စဖရတ်၊ သံဓာတ်၊ ဇင့် စသည့်တို့ပါဝင်သည်။ ထို့ပြင် အူလမ်းကြောင်းကျန်းမာရေးအတွက် အထောက်အကူပြုသော ပရိုဘိုင်အိုးတစ်များလည်း ကြွယ်ဝသည်။ အဆိုပါ အာဟာရဓာတ်များသည် ခန္ဓာကိုယ်၏လုပ်ငန်းဆောင်တာများကို ပုံမှန်လည်ပတ်စေခြင်း၊ ဆဲလ်များ ပြန်လည်ပြုပြင်တည်ဆောက်ရန် အထောက်အကူပေးခြင်း၊ ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေခြင်းနှင့် ရောဂါအမျိုးမျိုးကို ကာကွယ်ပေးခြင်းတို့ကို ဆောင်ကြဉ်းပေးနိုင်သည်။ ထို့ကြောင့် မျှစ်ကို ပုံမှန်စားသုံးပေးခြင်းဖြင့် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများစွာကို ရရှိစေနိုင်သည်။

**အစာခြေစနစ်ကောင်းမွန်စေခြင်း**

မျှစ်တွင် အမျှင်ဓာတ်များစွာ ပါဝင်သောကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေပြီး အူလမ်းကြောင်း လှုပ်ရှားမှုကို ပုံမှန်ဖြစ်စေသည်။ အစာကြေညက်မှုကို ကူညီပေးသည့်အပြင် ဝမ်းချုပ်ခြင်းကိုလည်း သက်သာစေသည်။ အူလမ်းကြောင်းအတွင်းရှိ အကျိုးပြုဘက်တီးရီးယားများ ပိုမိုကြီးထွားစေရန် အထောက်အကူပြုသဖြင့် အူလမ်းကြောင်း ကျန်းမာရေးကိုမြှင့်တင်ပေးနိုင်သည်။ ကျန်းမာသောအစာခြေစနစ်သည် ကိုယ်ခံအားကောင်းမွန်ရေးနှင့်လည်း တိုက်ရိုက်ဆက်စပ်နေသောကြောင့် မျှစ်ကို သင့်တင့်မျှတစွာစားသုံးခြင်းသည် ခန္ဓာကိုယ်တစ်ခုလုံး၏ ကျန်းမာရေးကို အကျိုးပြုနိုင်သည်။

**နှလုံးနှင့်သွေးကြောကျန်းမာရေးကောင်းမွန်စေခြင်း**

မျှစ်တွင် ပါဝင်သော ပိုတက်စီယမ်သည် သွေးပေါင်ချိန်ကို ထိန်းညှိပေးပြီး နှလုံးခုန်နှုန်းကို ပုံမှန်ဖြစ်စေရန် ကူညီပေးသည်။ ထို့ပြင် Phytosterols များသည် သွေးတွင်း မကောင်းသောကိုလက်စထရော (LDL Cholesterol) ပမာဏကို လျော့ကျစေရန် ကူညီပေးနိုင်သောကြောင့် နှလုံးရောဂါနှင့် သွေးကြောပိတ်ရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်သည်။ ထို့ပြင် အဆီဓာတ်နည်းပြီး ဆိုဒီယမ်ပါဝင်မှုလည်း နည်းသောကြောင့် သွေးတိုးရောဂါရှိသူများအတွက် သင့်တော်သော အစားအစာတစ်မျိုးဖြစ်သည်။



**ကိုယ်အလေးချိန်ထိန်းသိမ်းပေးနိုင်ခြင်း**

ယနေ့ခေတ်တွင် အဝလွန်ခြင်းသည် ကမ္ဘာတစ်ဝန်း ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်လာသည်။ မျှစ်သည် ကယ်လိုရီနည်းပြီး အမျှင်ဓာတ်မြင့်မားသဖြင့် အစာစားပြီးနောက် ဗိုက်ပြည့်သည့် ခံစားချက်ကို အချိန်ကြာမြင့်စွာ ထိန်းသိမ်းပေးနိုင်သည်။ ထို့ကြောင့် မျှစ်သည်ကိုယ်အလေးချိန် လျှော့ချလိုသူများ၊ ကိုယ်အလေးချိန် ထိန်းသိမ်းလိုသူများအတွက် သင့်တော်သော အစားအစာဖြစ်သည်။

**ကိုယ်ခံအားစနစ်ကိုမြှင့်တင်ပေးခြင်း**

မျှစ်တွင် ပါဝင်သော ဗီတာမင်စီသည် အင်တီအောက်စီးဒင့်အဖြစ် လုပ်ဆောင်ပေးကာ အန္တရာယ်ရှိသော ဖရီးရက်ဒီကယ်များ၏ သက်ရောက်မှုကို လျှော့ချပေးသည်။ ထို့ကြောင့် ကိုယ်ခံအားစနစ်ကို အားကောင်းစေပြီး ရောဂါပိုးများကို တိုက်ဖျက်နိုင်စွမ်း မြင့်မားလာစေသည်။ အအေးမိခြင်း၊ ကူးစက်ရောဂါများ ဖြစ်ပွားနိုင်ခြေကိုလည်း လျော့နည်းစေသည်။

**အရိုးနှင့်သွားကျန်းမာစေခြင်း**

မျှစ်တွင်ပါဝင်သော ကယ်လ်စီယမ်၊ ဖော့စဖရတ်နှင့် မဂ္ဂနီစီယမ်တို့သည် အရိုးနှင့်သွားများကို သန်မာစေပြီး အရိုးသိပ်သည်းဆကို ထိန်းသိမ်းပေးသည်။ အထူးသဖြင့် အသက်ကြီးလာသူများတွင် ဖြစ်ပွားတတ်သည့် အရိုးပွရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချရာတွင် အထောက်အကူပြုနိုင်သည်။

**ဆီးချိုတက်မှုလျှော့ချပေးနိုင်ခြင်း**

ဆီးချိုရောဂါရှိသူများအတွက် မျှစ်သည် စားပေးသင့်သော အစားအစာဖြစ်သည်။ မျှစ်တွင် အမျှင်ဓာတ်များ ပါဝင်ခြင်းကြောင့် သကြားဓာတ်စုပ်ယူမှုကို နှေးကွေးစေပြီး သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်သည်။ ထို့ကြောင့် ဆီးချိုရောဂါရှိသူများအနေဖြင့် သင့်တင့်သောပမာဏဖြင့် စားသုံးသင့်သော အစားအစာဖြစ်သည်။

မျှစ်သည် ကျန်းမာရေးအကျိုးကျေးဇူးများစွာရှိသော်လည်း စားသုံးရာတွင် သတိပြုသင့်သည်များလည်းရှိသည်။ လတ်ဆတ်သောမျှစ်တွင် သဘာဝအတိုင်း Cyanogenic Glycosides ဟုခေါ်သော ဓာတ်ပါဝင်သဖြင့် အစိမ်းလိုက် မစားသုံးသင့်ပါ။ ရေများများဖြင့် သေချာစွာပြုတ်၍ ရေကိုသွန်ပစ်ပြီးမှသာ ချက်ပြုတ်စားသုံးသင့်သည်။ မျှစ်ချဉ် ပြုလုပ်ရာတွင်လည်း သန့်ရှင်းသောနည်းလမ်းဖြင့် အချဉ်ဖောက်ရမည်ဖြစ်ပြီး ပုပ်သိုးနေသော မျှစ်များကို မစားသုံးသင့်ပေ။

**မျှစ်၏စီးပွားရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးပါမှု**

မျှစ်သည် ကျန်းမာရေးအတွက် အာဟာရပြည့်ဝသော အစားအစာတစ်မျိုးသာမက ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် အရေးပါသော သစ်တောထွက်ကုန်တစ်မျိုးလည်းဖြစ်သည်။ မိုးရာသီတွင် သဘာဝအတိုင်း ဝါးတောများမှထွက်ရှိသော မျှစ်များကို လတ်လတ်ဆတ်ဆတ် ချိုးယူရောင်းချနိုင်သည့်အပြင် မျှစ်ခြောက်၊ မျှစ်ချဉ်၊ မျှစ်စည်သွပ်ဘူးနှင့် အခြားတန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် ပြုပြင်ထုတ်လုပ်ကာ တစ်နှစ်ပတ်လုံး ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချနိုင်သည်။ ထို့ကြောင့် ဝါးစိုက်တောင်သူများ၊ သစ်တောအနီးနေထိုင်သူများအနေဖြင့် အသေးစားအိမ်တွင်းမှုလုပ်ငန်းအဖြစ် လုပ်ကိုင်နိုင်ကာ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိသည်။

ဝါးပင်သည် ကြီးထွားနှုန်းမြန်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းသည့်အပင်တစ်မျိုးဖြစ်သည်။ ထို့ကြောင့် ဝါးတောများကို စနစ်တကျစိုက်ပျိုးထိန်းသိမ်းကာ မျှစ်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်စေပါက ပြည်တွင်းစားသုံးမှုကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပဈေးကွက်သို့ တင်ပို့နိုင်သော အလားအလာရှိသည်။ တစ်ဖက်တွင်လည်း ဝါးတောများသည် မြေဆီလွှာထိန်းသိမ်းခြင်း၊ ကာဗွန်စုပ်ယူခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းညှိပေးခြင်းတို့တွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် ဝါးသယံဇာတများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မျှစ်သည် အရသာကောင်းမွန်ပြီး အစာခြေစနစ်ကို ကောင်းမွန်စေခြင်း၊ နှလုံးနှင့် သွေးကြောကျန်းမာရေးကို အထောက်အကူပြုခြင်း၊ ကိုယ်အလေးချိန် ထိန်းသိမ်းရာတွင် ကူညီပေးခြင်း၊ ကိုယ်ခံအားကို မြှင့်တင်ပေးခြင်းနှင့် အရိုး၊ သွား ကျန်းမာစေခြင်း စသည့်အကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်သည်။ သို့သော် ကျန်းမာရေးနှင့်ညီညွတ်သော နည်းလမ်းဖြင့် သေချာချက်ပြုတ်၍ စားသုံးရန်လည်း လိုအပ်သည်။

လက်ရှိကမ္ဘာကြီးသည် ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို အလေးထားသော ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းသို့ ဦးတည်နေချိန်တွင် သဘာဝမှရရှိသည့် အာဟာရပြည့်ဝသော အစားအစာများ၏ တန်ဖိုးသည် ပိုမိုမြင့်တက်လာလျက်ရှိသည်။ ထိုအခြေအနေတွင် မျှစ်သည် လူတို့၏ကျန်းမာရေးကို အထောက်အကူပြုရုံသာမက ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ တန်ဖိုးမြှင့်စားသောက်ကုန်လုပ်ငန်းများနှင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အရေးပါသောသဘာဝ အရင်းအမြစ်တစ်ခုဖြစ်သည်။ ထို့ကြောင့် မျှစ်ကို စနစ်တကျစိုက်ပျိုးထုတ်လုပ်ခြင်း၊ အရည်အသွေး မြင့်ထုတ်ကုန်များအဖြစ် တန်ဖိုးမြှင့်ထုတ်လုပ်ခြင်း နှင့် ဝါးသယံဇာတများကို ရေရှည်တည်တံ့စွာ ထိန်းသိမ်းအသုံးချခြင်းတို့ကို အလေးထားဆောင်ရွက်မည်ဆိုပါက ပြည်သူများ၏ ကျန်းမာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တစ်ပြိုင်နက်တည်း အကျိုးပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မျှစ်သည် သဘာဝကပေးအပ်ထားသော အဖိုးတန်အစားအစာတစ်မျိုးဖြစ်ပြီး လူသားတို့၏ ကျန်းမာရေး၊ အာဟာရလုံခြုံရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် များစွာအရေးပါသော သဘာဝအရင်းအမြစ်တစ်ရပ်ဖြစ်သည်ကို သိရှိတန်ဖိုးထားကာ စနစ်တကျအသုံးချ ထိန်းသိမ်းသင့်ကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

**ကိုးကား**

- မျှစ် သို့မဟုတ် သဘာဝ၏အာဟာရသိုက်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

**မေဇင်ထွန်း**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# သဘင်သက်တမ်း နှစ် ၅၀ ပြည့် မန္တလေးသိန်းဇော်ရဲ့ သဘင်ရွှေရတုပွဲတော် ဖျော်ဖြေပွဲကို M Channel ရုပ်သံလိုင်းက ထုတ်လွှင့်ပြသမည်ဖြစ်




ရန်ကုန် ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့ရှိ အမျိုးသားဇာတ်ရုံ (ရန်ကုန်) တွင် ကျင်းပခဲ့သည့် သဘင်သက်တမ်း နှစ် ၅၀ ပြည့် မန္တလေးသိန်းဇော်ရဲ့ သဘင်ရွှေရတုပွဲတော် ဖျော်ဖြေပွဲကို M Channel ရုပ်သံလိုင်းက ပွဲစဉ် (၁)ကို ဩဂုတ် ၃ ရက်မှ ၇ ရက်ထိ၊ ပွဲစဉ် (၂)ကို ဩဂုတ် ၁၀ ရက်မှ ၁၄ ရက်ထိ ထုတ်လွှင့် ပြသပေးမည်ဖြစ်ကြောင်း သဘင်မင်းသားကြီး မန္တလေးသိန်းဇော်ထံမှ သိရသည်။

အဆိုပါ သဘင်သက်တမ်း နှစ် ၅၀ ပြည့် မန္တလေးသိန်းဇော်ရဲ့ သဘင်ရွှေရတုပွဲတော်ဖျော်ဖြေပွဲကို ဇွန် ၂၇ ရက်နှင့် ဇွန် ၂၈ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ (ရန်ကုန်)တွင် ကျင်းပခဲ့ကြောင်း သိရသည်။

"ကျွန်တော့်ရဲ့ ပွဲလေးကို နေရာဒေသမရွေးကနေ M Channel မှာ ကြည့်ရှုနိုင်တော့မှာ ဖြစ်ပါတယ်။ သဘင်ကို ချစ်မြတ်နိုးပြီး ပွဲခင်းထဲထိ ကိုယ်တိုင်ကိုယ်ကျ အားမပေးလိုက်ရတဲ့ ပရိသတ်ကြီးအတွက် M Channel ရဲ့ TV ဖန်သားပြင်ကနေသာမက YouTube မှာပါ ကြည့်ရှုလို့ရအောင် M Channel က စီစဉ်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ပွဲ အမျိုးသားဇာတ်ရုံမှာ ကပြဖျော်ဖြေတင်ဆက်စဉ်ကလဲ M Channel က တိုက်ရိုက်လွှင့်ပေးခဲ့ပါတယ်" ဟု သဘင်မင်းသားကြီး မန္တလေးသိန်းဇော်က ပြောပြသည်။

ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံကြီးတွင် ကျင်းပခဲ့သည့် မန္တလေးသိန်းဇော် သဘင်ရွှေရတုပွဲတော်တွင် မန္တလေးစိန်တင့်လွင်၊ ဒါရိုက်တာ ငြိမ်းမင်း၊ သန်းမြတ်စိုး၊ မောင်သိန်းဝင်း၊ စည်သူဒေါ်တင်တင်မြ ချိုပြုံး၊ စိုးစန္ဒာထွန်း၊ မေသက်ထားဆွေ၊ ခိုင်သဇင်သင်း၊ မိုးပြည့်ပြည့်မောင်၊ အိအိချွန်တို့ ဂုဏ်ပြုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

ASH

# Little Five ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဒေးဗစ်အိုယီလိုဝို ပါဝင်မည်

နယူးယောက် ဩဂုတ် ၁

Little Five အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဒေးဗစ်အိုယီလိုဝို ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၃၁ ရက်သတင်းများအရ သိရသည်။

Little Five ဇာတ်ကားတွင် မင်းသား ဒေးဗစ်အိုယီလိုဝိုသည် မင်းသမီး အာရီယာနာ ဂရင်းဘလက်၊ ရိန်းစပင်ဆာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် အင်ဒီယာနာတက္ကသိုလ် စက်ဘီးစီးပြိုင်ပွဲကို နောက်ခံထား၍ အစဉ်အလာကို စိန်ခေါ်ရန်ကြိုးပမ်းခဲ့ကြသည့် အမျိုးသမီးငယ်တစ်စု အကြောင်း ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Little Five ဇာတ်ကားကို ဒါရိုက်တာ အိုင်ယန်ဆမ်မြူရယ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုမူ ဇာတ်ညွှန်းရေးဆရာ ဂီလီယန်ဗီလျံနှင့် ပေါရှီး ဘဉ့်တို့က တာဝန်ယူရေးသား ပေးထားသည်။

Little Five ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# WINNING STARS NIGHT တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR Bar တွင် ပြုလုပ်မည်

ရန်ကုန် ဩဂုတ် ၁

WINNING STARS NIGHT တေးဂီတဖျော်ဖြေပွဲကို ဩဂုတ် ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon - THOR Bar တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း WINNING STARS NIGHT တေးဂီတဖျော်ဖြေပွဲကို စီစဉ်သူ တေးရေး မြင့်မိုးအောင်ထံမှ သိရသည်။

WINNING STARS NIGHT အမည်ရှိ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဇာနည်အောင်၊ ဟိန်းထိုက်၊ တူးလေး၊ ဖေဒါသွေး၊ လှိုင်းလေးတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။

တေးရေး မြင့်မိုးအောင် စီစဉ်သည့် WINNING STARS NIGHT တေးဂီတဖျော်ဖြေပွဲသည် အဆိုပြိုင်ပွဲအသီးသီးမှ ပြိုင်ပွဲဝင် ဆန်ခါတင် တေးသံရှင်များကို စိစစ်ရွေးချယ်ကာ အပတ်စဉ် အလှည့်ကျ Live Performance များဖြင့် ဖျော်ဖြေတင်ဆက်နေသည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။




"ဒီတေးဂီတ ဖျော်ဖြေပွဲကို THOR Bar မှာ စတင်နေတာ အခု ဩဂုတ် ၃ ရက်ဆိုရင် အပိုင်း (၅) ဖြစ်ပါတယ်။ ဒီပွဲကို တနင်္လာနေ့တိုင်း THOR Bar မှာ တင်ဆက်သွားမှာပါ"ဟု တေးရေး မြင့်မိုးအောင်က ပြောပြသည်။

THOR Bar တွင် ပြုလုပ်မည့် WINNING STARS NIGHT တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဇာနည်အောင်၊ ဟိန်းထိုက်၊ တူးလေး၊ ဖေဒါသွေး၊ လှိုင်းလေးတို့၏ တေးဂီတဖျော်ဖြေမှုများကို Daily Gita Music Band တေးဂီတအဖွဲ့ကလည်း အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Naughty ဇာတ်ကား၌ သရုပ်ဆောင်နှစ်ဦး ပါဝင်မည်ဖြစ်

နယူးယောက် ဩဂုတ် ၁

ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီ၏ Naughty ဇာတ်ကားတွင် မင်းသား ပီတာဒင်းကလက်နှင့် မင်းသမီး ဂျင်နီဖာအန်နစ္စတန်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၃၁ ရက် သတင်းများအရ သိရသည်။

Naughty ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ အိုလီဗီယာဝိုင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Naughty ဇာတ်ကားသည် လင်သားဖြစ်သူနှင့် ကွာရှင်းပြီး သားဖြစ်သူကို အုပ်ထိန်းခွင့်ရရန် ကြိုးပမ်းနေသော အမျိုးသမီးတစ်ဦး စန်တာကလော့စ်ဘိုးဘိုးကြီးနှင့် တွေ့ဆုံခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဟာသဇာတ်ကား ဖြစ်ကြောင်း သိရသည်။

Naughty ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျင်မီဝါဒန်က တာဝန်ယူ ရေးသားပေးထားသည်။

အမျိုးသမီးဒါရိုက်တာ အိုလီဗီယာဝိုင်းသည် ယူနီဗာဆယ်ကုမ္ပဏီ၏ The Invite ဇာတ်ကားကို တာဝန်ယူ ရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း သိရသည်။

Naughty ဇာတ်ကားကို ၂၀၂၇ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ခိုင်နှင်းဝေ ဘိုးဘွားများရိပ်သာ၌ ယခုနှစ်အတွင်း အဆောင်များတိုးချဲ့ဆောက်လုပ်သွားမည်ဖြစ်

မန္တလေး ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ခိုင်နှင်းဝေ ဘိုးဘွားများရိပ်သာ၌ ယခုနှစ်အတွင်း အဆောင်များ တိုးချဲ့ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ခိုင်နှင်းဝေ ဘိုးဘွားများရိပ်သာ တည်ထောင်သူ သရုပ်ဆောင် ခိုင်နှင်းဝေထံမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မုန့်တန်းရပ်ကွက်၌ ဖွင့်လှစ်ထားသည့် ခိုင်နှင်းဝေ ဘိုးဘွားများရိပ်သာတွင် နေထိုင်လိုသူ ဘိုးဘွားအရေအတွက် တိုးလာသည့်အတွက် ဘိုးဘွားရိပ်သာအဆောင် တိုးချဲ့ဆောက်လုပ်ရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

"အစ်မအနေနဲ့ ဘိုးဘွားရိပ်သာအတွက် ထပ်တိုးချဲ့ဖို့လုပ်နေပါတယ်။ အစ်မဆီ နေချင်ကြတဲ့ ဘိုးဘွားတွေက များပါတယ်။ သူတို့ အသက်အရွယ်တွေက ကြီးနေကြပေမဲ့ ကိုယ့်ဆီရောက်ရင်တော့ ကလေးတွေလိုဖြစ်နေကြတာပါ။ နေရာအခက်အခဲကြောင့် ခေါ်မပေးနိုင်တဲ့ အချို့ဘိုးဘွားတွေကို သနားမိပါတယ်။ ဒီနှစ်ထဲမှာ အဆောင်တွေ ထပ်ချဲ့နိုင်ဖို့ ကြိုးစားနေပါတယ်။ ဘိုးဘွားတွေက အသက် ၇၀ နဲ့ အထက်ရှိတာမို့ စိတ်ချမ်းသာအောင် ထားဖြစ်တယ်။ ဘိုးဘွားတွေကို ချော့ပြီးတော့ ပြောရတာ ရှိပါတယ်"ဟု သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြသည်။

အဆိုပါ ခိုင်နှင်းဝေ ဘိုးဘွားများရိပ်သာ၌ လက်ရှိတွင် ဘိုးဘွား ဦးရေ ၆၀ ကျော်ရှိပြီး အသက် ၇၀ နှင့်အထက် ခိုကိုးရာမဲ့ ဂိလာနဘိုးဘွားများကို အဓိကဦးစားပေး စောင့်ရှောက်နေကြောင်း သိရသည်။

ASH

# Together with arms and ammunition, 280 males and 23 females, totalling 303 from KIA, KNU, AA, ABSDF, SAF and PDF terrorists who accept peace process of the State and the Tatmadaw return to the legal fold, those returnees systematically handed over to parents and guardians



**Mandalay Region Chief Minister U Myo Aung, Commander of Central Command Brig-Gen Aung Htay and officials observe arms and ammunition handed by terrorist group members who returned to legal fold.**

**Nay Pyi Taw August 1**

The government has been inviting individuals who are involved with armed groups operating under various names, including the PDF, to return to the legal fold. Those who have returned to the legal fold have also been provided with necessary assistance and support, and are being handed back to their parents or guardians. A total of 303 individuals — 280 males and 23 females — from KIA, KNU, AA, ABSDF, SAF and PDF terrorists and other various terrorist groups, who accept the peace process of the State and the Tatmadaw have returned to the legal fold.

A ceremony to hand over the returnees to parents and guardians took place at Yan Aung Myin Hall of the Central Command Headquarters this morning, attended by Mandalay Region Chief Minister U Myo Aung, Commander Brig-Gen Aung Htay and officials, departmental officials, the individuals who returned to the legal fold and their parents and guardians.

First, the chief minister of the region made a speech. The commander shared knowledge about legal sections. Then, the returnees handed over two MA-1s, one MA-2, one MA-3, one MA-4, one M-22, two Type 81 guns, one .22 sniper and one homemade gun, totalling 10, 17 assorted magazines, 678 bullets and 12 assorted grenades to the commander.

Next, the chief minister and the commander presented K45 million for nine automatic rifles, K500,000 for one homemade gun, K3.6 million for 12 assorted grenades, and K29.1 million for those individuals who returned to the legal fold. The rewards K78.2 million in total and foodstuffs were given to the returnees. Afterwards, those who have returned to the legal fold are required to sign a pledge of commitment, and they are systematically handed over to their parents or guardians.

In handing back the returnees who wish to enjoy regional peace and stability to parents and guardians at today's ceremony, there were 303 individuals comprising four males from Aungmyaythazan Township, two males from Mahaaungmyay Township, 43 males and eight females from Amarapura Township, two males from Chanayethazan Township, two males from Patheingyi Township, 12 males and two females from Kyaukse Township, two males from Singaing Township, nine males and one female from Tada Oo Township, five males and three females from Pyin Oo Lwin Township, two males from Pyawbwe Township, 87 males from Madaya Township, 36 males and two females from Thabeikkyin Township, 14 males and four females from Sintgu Township, four males from Momeik Township, one male from Mogok Township, three males and one female from NyaungU Township, two males from Taungtha Township, 12 males from Myingyan Township, five males from Chauk Township, six males from Sedoktara Township, three males from Pwintbyu Township, two males from Minhla Township, one male from Mindon Township, 21 males and two females from Pakokku Township, totalling 280 males and 23 females.

It is reported that the majority of members of the so-called PDF who surrendered and returned to the legal fold were forcibly recruited through threats and coercion directed at their family members and relatives. They chose to abandon the path of armed struggle and return to the legal fold because they could no longer tolerate terrorist acts; experienced internal discrimination, bullying, abuse, and killings by higher-ups within the groups; suffered sexual violence; lost morale due to an inability to withstand the military's offensives; and came to believe in and accept the peace process of the State and the Tatmadaw, desiring to live peacefully within the framework of the law and to once again contribute positively to the State and the public, who had suffered losses on their account.

Those who have returned to the legal fold are being welcomed back, provided with necessary assistance, and systematically handed over to their parents and guardians. As it is known that there are still individuals wishing to return to the legal fold, those who desire to do so will be welcomed and provided with necessary support if they promptly contact nearby district and township administrative bodies, military camps, or police stations, and suitable monetary rewards will be awarded for handed-over weapons and ammunition.

The personal voices of those who returned to the legal fold are conveyed as follows:

1. It was because of my friends' encouragement and some difficulties at home that I ended up there. I had to undergo two weeks of training at that organization. One reason I didn't want to stay was that they put us on the front lines in a way that felt like we were meant to be sacrificed. No matter what happened, as long as we died and they didn't, that was it—whoever dies, dies, and that's the end of it. That was the attitude they had toward us. As for guns, they distinguished between bad guns and good guns; the bad ones were only given for about three months, while the good ones were given for only about a month. They'd go into the village, drink, eat, have fun, and enjoy themselves. But on our side, there was no happiness or freedom at all. And then there were the leaders. Whenever there were donations, they'd put them in their own pockets. They'd pass them on to their wives. Everything they did was for their own children's benefit. Every time we were in the lineup, they'd always say: if you go to the military side, they'll torture you, kill you, burn you alive. But now that I'm here, it's not like that at all. The military side welcomed us warmly, gave us places to stay and sit, provided food, supported us, and returned us to our parents. I invite all the brothers and sisters still left in the jungle to quickly cooperate with the Tatmadaw and come into the light.

2. As for me, I first came here through a friend's connection. My friend invited me to come, and since things were going fine for me, I went. Once there, I had to undergo one month of training. After that month, they assigned us to work in the kitchen. At the kitchen, once a week, they'd deliver vegetables and rice rations. When they delivered, we were only allowed to eat two meals a day. Sometimes, if we were lucky, we'd have just one cup of tomatoes to eat. We went through a lot of hardships too. After being in the kitchen, they made us sell lottery tickets for fundraising. We had to sell them in the villages. At first, the people looked at us kindly. But later, they stopped looking at us with kindness. Even if we said, "Please support our fundraising lottery, sisters," they'd reply, "Go away, don't come here. We don't accept you anymore. We don't want to support your tickets either." As for the money we earned from selling those tickets, we had to hand everything over to our higher-ups. They never told us where or how that money was spent. But they themselves were always going to KTVs, sitting in beer shops. It was always just for their own benefit. The comrades below could do whatever they wanted and live however they pleased—they didn't care at all. That kind of attitude made things even worse. At that point, I didn't want to stay there anymore, so I escaped. And during the two years I spent there, there was no life insurance for us at all. There was no security for us either. I was always afraid, thinking about what they might do to me at any moment. At that time, some of my friends there had already come into the light, so I also came and joined. I want to say to my friends still left in the jungle: it's not like what they told you—if you come into the light here, you won't be tortured or executed. It's not at all what you think. Everyone here treats each other like brothers and sisters, warmly and kindly, providing everything from food and drink to living conditions, making sure we have everything we need. That's why I want to say to all the PDF members still in the jungle: I want you all to come into the light here. 100



**A returnee gives an interview.**



**A returnee gives an interview.**

# More than 12,000 acres of pigeon pea planted in Monywa Township



A thriving pigeon pea plantation.

**Monywa August 1**

Statistics of Monywa Township Agriculture Department stated that local farmers planted 12,350 acres of pigeon pea as monsoon crops in Monywa Township this year.

During the 2026-2027 monsoon cropping season, Monywa Township has set a target of cultivating 12,355 acres of pigeon pea. Planting began in May this year, and as of today, 12,350 acres have already been planted.

"This year's target for pigeon pea cultivation during the monsoon season in Monywa Township is 12,355 acres. As of today, 12,350 acres have already been planted. We are working to ensure that the cultivation target is fully achieved. We are also providing technical assistance to help farmers improve yields. Pigeon pea is grown both as a sole crop and as an intercrop," said U Soe Thet Aung, Head of the Monywa Township Department of Agriculture.

This year, the Monywa Township Department of Agriculture has been providing on-site extension services to pigeon pea growers, including guidance on selecting high-quality certified seeds, adopting proper cultivation practices, controlling pests, and improving crop yields.

The township Department of Agriculture is also promoting the combined use of urea and borax as a cost-effective alternative to commercial foliar fertilizers for pigeon pea farmers. According to the department, this technique helps reduce cultivation costs while improving plant growth and resistance to pests. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Wetlet Township cultivates more than 2,000 acres of vegetables this year

**Wetlet August 1**

Agricultural data compiled by Wetlet Township Agriculture Department stated that local farmers planted 2,133 acres of vegetables in the township during this monsoon.

During the 2026-2027 monsoon cropping season, Wetlet Township has set a target of cultivating 4,225 acres of vegetables. Vegetable cultivation began in May this year, and so far, local farmers have planted 2,133 acres of crops.

"This year's monsoon cropping season target for vegetable cultivation in Wetlet Township is more than 4,000 acres, and more than 2,000 acres have already been planted. We are making efforts to ensure that the targeted acreage is fully achieved. The vegetable crops include mustard, chilli, spices, potato, cabbage, eggplant and cauliflower. We are providing farmers with technical assistance to enable all vegetable crops to be cultivated under the Good Agricultural Practices (GAP) system. We are also providing cultivation techniques to help farmers produce healthy vegetables with minimal chemical residues," said Daw Kyin San, Head of the Wetlet Township Department of Agriculture.

This year, the Wetlet Township Department of Agriculture has been providing vegetable growers with technical training on GAP-based cultivation methods, guidance on producing safe and healthy vegetables from their farms, and support to encourage farmers to expand vegetable cultivation.

Vegetables of various kinds are cultivated seasonally every year in Wetlet Township. The crops have been successfully grown, providing income opportunities for farming families. The Township Department of Agriculture is also providing farmers who grow vegetables with knowledge and awareness on proper cultivation methods, pest prevention and control, and the preparation and use of natural fertilizers, natural pesticides and pest-repellent solutions. 206

# Taze Township sees completion of growing groundnut on more than 20,000 acres of croplands

**Taze August 1**

According to the township Agriculture Department, local farmers planted 29,335 acres of groundnut as monsoon crops in Taze Township of Sagaing Region this year.

During the 2026-2027 monsoon cropping season, Taze Township has set a target of cultivating 35,710 acres of groundnut. Planting began in May this year, and local farmers have grown 29,335 acres of groundnut so far.

"This year's monsoon cropping season target for groundnut cultivation in Taze Township is more than 35,000 acres, and 29,335 acres have already been planted. We are also making efforts to ensure that the targeted acreage is fully achieved. As an oilseed crop, groundnut cultivation is showing successful results, and the area under groundnut cultivation has been increasing year by year," said U Ohn Kyaw Myint, Head of the Taze Township Department of Agriculture.

In Taze Township, farmers cultivate one and a half baskets of seed per acre of groundnut. The cultivation cost, including seed expenses, labour charges, fertilizers and pesticides, is more than K200,000 per acre. It is reported that the average yield is more than 50 baskets per acre.

This year, staff mebers from the Taze Township Department of Agriculture are conducting field inspections and monitoring activities at groundnut farms to ensure successful growth, prevent pest and disease outbreaks, and control weeds. They are also collecting field observation records as part of their agricultural extension activities. 206

# Sagaing District plants more than 5,000 acres of sunflower this year

**Sagaing August 1**

Local farmers grew 5,630 acres of sunflower as monsoon crops in Sagaing District this year, according to the district Agriculture Department.

During the 2026-2027 monsoon cropping season, Sagaing District has targeted the cultivation of 14,928 acres of sunflower. Planting began in May this year, and as of today, a total of 5,630 acres have been completed, comprising 5,017 acres in Sagaing Township, 404 acres in Myinmu Township, and 209 acres in Myaung Township.

"This year's target for sunflower cultivation during the monsoon season in Sagaing District is 14,928 acres. As of today, 5,630 acres have already been planted. We are making every effort to achieve the full target. To reduce reliance on imported palm oil, we will continue expanding the cultivation of sunflower, an oilseed crop. Sunflower produces a higher oil yield per acre than other oilseed crops such as groundnut and sesame," said Daw Myat Moe Win, Head of the Sagaing District Department of Agriculture.

For the 2026-2027 monsoon season, the township-wise cultivation targets for sunflower in Sagaing District are 12,368 acres in Sagaing Township, 2,030 acres in Myinmu Township, and 530 acres in Myaung Township, bringing the total target to 14,928 acres.

To promote the expansion of sunflower cultivation in Sagaing District, the township offices of the Department of Agriculture are intensifying extension activities by conducting educational and technical training programmes. These programmes are designed to enhance the capacity of both agricultural staff and farmers who will cultivate sunflower.

This year, arrangements have also been made to provide sunflower seeds to growers, supply urea fertilizer at affordable prices, and distribute harvested sunflower seeds through farmer-to-farmer seed exchange systems. 206

# Mark I လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စီမံကိန်းအတွက် ဂျာမနီနှင့်ဗြိတိန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ရန် စာချုပ်ချုပ်ဆို



Mark I လေကြောင်းရန်ကာကွယ်ရေးဒုံးကျည် စီမံကိန်းအတွက် ဂျာမနီနိုင်ငံအခြေစိုက် Frankenburg Technologies ကုမ္ပဏီနှင့် ဗြိတိန်နိုင်ငံ BAE Systems ကုမ္ပဏီ၊ Roxel UK ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ရန် စာချုပ်ချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုသည် Mark I ဒုံးကျည်၏ အဓိကအစိတ်အပိုင်းများဖြစ်သော ထိပ်ဖူးစနစ်နှင့် Rocket Motor ဒုံးပျံတွန်းအားပေးစနစ်တို့ကို ပူးတွဲထုတ်လုပ်ရန် ရည်ရွယ်ထားပြီး စျေးနှုန်းသက်သာသည့် လေကြောင်းရန်ကာကွယ်ရေးစနစ်များအပေါ် လိုအပ်ချက်မြင့်တက်လာနေသည့် အခြေအနေတွင် ဗြိတိန်၏ ပြည်တွင်းဒုံးကျည် ထောက်ပံ့ရေးကွင်းဆက်ကို ပိုမိုအားကောင်းလာစေရန်ဖြစ်သည်။

ငါးနှစ်သက်တမ်းရှိ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အရ Roxel UK ကုမ္ပဏီသည် အင်္ဂလန်နိုင်ငံ Worcestershire ဒေသရှိ Summerfield စက်ရုံမှတစ်ဆင့် Solid Rocket Motor များ၏ ဒီဇိုင်းရေးဆွဲခြင်း၊ ထုတ်လုပ်ခြင်း၊ စမ်းသပ်ခြင်းနှင့် ဒုံးကျည်စနစ်အတွင်း ပေါင်းစည်းတပ်ဆင်ခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်မှုများကို ပံ့ပိုးပေးမည်ဖြစ်သည်။

BAE Systems ကုမ္ပဏီကလည်း Warhead ဒီဇိုင်းရေးဆွဲခြင်း၊ စွမ်းအားမြင့် ပေါက်ကွဲပစ္စည်း နည်းပညာများနှင့် ခဲယမ်းမီးကျောက် အမြောက်အမြား ထုတ်လုပ်နိုင်သည့် စက်မှုစွမ်းရည်များကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီအခြေစိုက် Frankenburg Technologies ကုမ္ပဏီ၏ ဗြိတိန်နိုင်ငံဆိုင်ရာ မန်နေးဂျင်းဒါရိုက်တာ Daniel Hallett က ဗြိတိန်၏အတွေ့အကြုံရှင် ကာကွယ်ရေးစက်မှုလုပ်ငန်း မိတ်ဖက်များဖြစ်သည့် BAE Systems ကုမ္ပဏီ၊ Roxel UK ကုမ္ပဏီတို့နှင့် လက်တွဲဆောင်ရွက်ခြင်းအားဖြင့် ဗြိတိန်နှင့် မဟာမိတ်နိုင်ငံများအတွက် ကုန်ကျစရိတ်သက်သာပြီး လျင်မြန်စွာ ထုတ်လုပ်နိုင်သော ဒုံးကျည်ကာကွယ်ရေးစွမ်းရည်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျာမနီအခြေစိုက် Frankenburg Technologies ကုမ္ပဏီသည် Mark I ဒုံးကျည်တွင် BlackThorn ဒုံးကျည်ထိပ်ဖူးကို ပေါင်းစပ်အသုံးပြုရန် ရွေးချယ်ထားကြောင်း ထုတ်ပြန်ခဲ့သည်။ အဆိုပါ ဒုံးကျည်ထိပ်ဖူးသည် အရွယ်အစား ကျစ်လျစ်ခြင်း၊ စွမ်းဆောင်ရည်မြင့်မားခြင်းနှင့် အချိန်တိုအတွင်း အမြောက်အမြား ထုတ်လုပ်နိုင်ခြင်း စသည့်အားသာချက်များကြောင့် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mark I ဒုံးကျည်သည် Class I မှ Class III ထိ မောင်းသူမဲ့လေယာဉ်များကို ကြားဖြတ်ဖျက်ဆီးနိုင်ရန် အထူးဒီဇိုင်းထုတ်ထားသည့် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်ဖြစ်သည်။ အဆိုပါ ဒုံးကျည်ကို လက်ရှိအသုံးပြုနေသော တာတိုပစ်ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်များနှင့် နှိုင်းယှဉ်ပါက ကြားဖြတ်ပစ်ခတ်မှု ကုန်ကျစရိတ်ကို ၁၀ ဆခန့် လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

Frankenburg Technologies ကုမ္ပဏီ၏ ယခုသဘောတူညီချက်များသည် ဗြိတိန်နိုင်ငံ၏ ဒုံးကျည်စက်မှုလုပ်ငန်းကို အားကောင်းလာစေရန်နှင့် ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်နိုင်ရန် ဆက်တိုက်လုပ်ဆောင်နေသည့် ပူးပေါင်းဆောင်ရွက်မှုများ၏ နောက်ထပ်ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**Frankenburg Taps BAE, Roxel for Mark I Missile Development** ကို ဘာသာပြန်ဆိုထားပါသည်။

# အမေရိကန် Lockheed Martin ကုမ္ပဏီက စွမ်းအားမြင့်လေဆာလက်နက် ပထမအဆင့်စမ်းသပ်မှု အောင်မြင်ခဲ့

အမေရိကန် ကာကွယ်ရေးကုမ္ပဏီ Lockheed Martin သည် Golden Dome စီမံကိန်းအောက်၌ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော စွမ်းအားမြင့်လေဆာလက်နက် ပထမအဆင့်စမ်းသပ်မှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန (ပင်တဂွန်) ထံမှ စာချုပ်သစ်တစ်ရပ် ထပ်မံရရှိခဲ့ကြောင်း Defence Industry Europe သတင်းဌာနက ဇူလိုင် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Lockheed Martin ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် (CEO) Jim Taiclet ၏ ပြောကြားချက်အရ အဆိုပါစမ်းသပ်မှုတွင် စွမ်းအားမြင့် လေဆာလက်နက်စနစ်သည် ဝင်ရောက်တိုက်ခိုက်လာသည့် သဏ္ဍာန်ဖန်တီးထားသော ခြိမ်းခြောက်မှုပစ်မှတ်အမျိုးအစားအားလုံးကို ထောက်လှမ်း၊ ခြေရာခံ၍ တိကျစွာဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဆက်လက်ချုပ်ဆိုခဲ့သည့် စာချုပ်တွင် ကွန်တိန်နာပုံစံ သယ်ယူပို့ဆောင်နိုင်သော ယူနစ်အတွင်း တပ်ဆင်ထားသည့် ကီလိုဝပ် ၅၀၀ စွမ်းအားမြင့် လေဆာလက်နက်စနစ် ပါဝင်သည်။ Taiclet က အဆိုပါလေဆာလက်နက်စနစ်သည် သယ်ယူပို့ဆောင်နိုင်သည့် ယူနစ်တစ်ခုအတွင်း တည်ဆောက်ထားဖူးသမျှထဲတွင် အင်အားအမြင့်ဆုံး လေဆာလက်နက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါလက်နက်စနစ်ကို ယနေ့ခေတ် စစ်ဆင်ရေးနယ်ပယ်များတွင် ခြိမ်းခြောက်မှုပိုမိုမြင့်တက်လာနေသည့် ခရုဇ်ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများနှင့် အခြားလေကြောင်းခြိမ်းခြောက်မှုများကို ကြားဖြတ်ဟန့်တားဖျက်ဆီးနိုင်ရန် ထုတ်လုပ်ထားခြင်းဖြစ်သည်။

Golden Dome စီမံကိန်းသည် ယခုနှစ်အတွင်း Lockheed Martin ကုမ္ပဏီအတွက် နောက်ထပ်မဟာဗျူဟာမြောက် စီးပွားရေးအခွင့်အလမ်းများကိုလည်း ဖန်တီးပေးခဲ့သည်။ အဆိုပါ စီမံကိန်းအောက်တွင် အာကာသအခြေစိုက် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် ရှေ့ပြေးနမူနာပုံစံများ ဖွံ့ဖြိုးတည်ဆောက်ရန် အမေရိကန် အာကာသတပ်ဖွဲ့က Lockheed Martin ကုမ္ပဏီကို ရွေးချယ်ထားသည်။

အဆိုပါ စီမံကိန်းစာချုပ်သည် ၂၀၂၆ ခုနှစ် ဒုတိယသုံးလပတ်ကုန်ဆုံးပြီးနောက် Lockheed Martin ကုမ္ပဏီ၏ အရေးပါဆုံး လုပ်ငန်းအောင်မြင်မှုများအနက် တစ်ခုဖြစ်သည်။ ထို့ပြင် Lockheed Martin ကုမ္ပဏီသည် ရေအောက်အာရုံခံစနစ်များ ထုတ်လုပ်သည့် Ultra Maritime ကုမ္ပဏီကိုဝယ်ယူရန် သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သကဲ့သို့ ဥရောပတွင် ATACMS ဒုံးကျည်များ ထုတ်လုပ်နိုင်ရေးအတွက် ဂျာမနီနိုင်ငံ၏ Rheinmetall ကုမ္ပဏီနှင့်လည်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။



ဘဏ္ဍာရေးရလဒ်များအရ Lockheed Martin ကုမ္ပဏီသည် ၂၀၂၆ ခုနှစ် ဒုတိယသုံးလပတ်အတွင်း စံချိန်တင် စီးပွားရေးစွမ်းဆောင်ရည်ကိုရရှိခဲ့ပြီး စုစုပေါင်းဝင်ငွေမှာ ယခင်နှစ်ကာလတူထက် ၁၁ ရာခိုင်နှုန်း တိုးတက်ကာ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၁ ဘီလီယံထိ ရောက်ရှိခဲ့သည်။ ထို့ပြင် အနာဂတ်တွင် ဆောင်ရွက်ရန် ကျန်ရှိသည့် အမှာစာတန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ ၂၃၀ ဘီလီယံထိ စံချိန်တင် မြင့်တက်လာခဲ့ကြောင်း သိရသည်။

ပင်တဂွန်စစ်ဌာနချုပ်နှင့် အမေရိကန်၏ မဟာမိတ်နိုင်ငံများက ဒုံးကျည်ကာကွယ်ရေးစနစ်များ၊ ခဲယမ်းနှင့် တိုက်ခိုက်ရေးလက်နက် သိုလှောင်ပမာဏများကို အရှိန်မြှင့် ပြန်လည်ဖြည့်တင်းလျက်ရှိခြင်းကြောင့် Lockheed Martin ကုမ္ပဏီ၏ လုပ်ငန်းကဏ္ဍလေးခုလုံးတွင် ဝင်ငွေနှင့် ထုတ်လုပ်မှုစွမ်းဆောင်ရည် သိသိသာသာ တိုးတက်လာခဲ့သည်။ ထိုအခြေအနေကို အခြေခံ၍ Lockheed Martin ကုမ္ပဏီက ၂၀၂၆ ခုနှစ် တစ်နှစ်တာရောင်းအား၊ အသားတင်အမြတ်နှင့် ငွေသားစီးဆင်းမှုဆိုင်ရာခန့်မှန်းချက်များကိုလည်း ထပ်မံမြှင့်တင်သတ်မှတ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

**Lockheed Martin CEO says its laser weapon passed first Golden Dome missile-defense test, leading to new Pentagon contract weeks later** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၈၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၈၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၄၈၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကန့်ဘလူမြို့နယ်တွင် ၁၆၈၄ နှင့်ကျွန်းလှမြို့နယ်တွင် ၁၅၁ ဧက စုစုပေါင်း ၁၈၃၅ ဧက စိုက်ပျိုးပြီး စီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ ဟင်းသီးဟင်းရွက်ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီး စီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ မုန်လာထုပ် စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ အထွက်နှုန်းတိုးတက်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေ ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှကြိုင်က ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှကြိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ဆန်၊ စပါး၊ ဖွဲရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၄၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဖွဲနုများသည် ပြည်တွင်း၌ ငါးစာ၊ ကြက်စာ၊ ဝက်စာ၊ ဘဲစာ စသည့် မွေးမြူရေးလုပ်ငန်းသုံး အစာအဖြစ် အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။



"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ၂၄ ပြည်ပါတဲ့ ဖွဲနုအိတ်ရေ ၅၆၀၀၀ ထိရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖွဲနုက စပါး ကြိတ်ခွဲရင်ထွက်လာတဲ့ ကုန်ကြမ်း တစ်ခုပါ။ ပြည်တွင်းမှာ တိရစ္ဆာန် အစာအဖြစ်အသုံးပြုတာ များပါတယ်။ လက်ရှိမှာလဲ ဖွဲနုအိတ်တွေ ရန်ကုန်ဘက်ကနေ ဝယ်ယူဖို့ချိတ်ဆက်နေပါတယ်။ မွေးမြူရေး လုပ်ငန်းတွေအပြိုင် လည်ပတ် လုပ်ကိုင်နေတာကြောင့် ရန်ကုန် ဈေးကွက်ကနေ အခုလို ဖွဲနု အိတ်တွေ အရောင်းအဝယ် ကောင်းလာတာပါ။ ဝယ်ယူအား ကောင်းလာတော့ တောင်သူတွေ၊ စက်သမားတွေအလုပ်တွေ အဆင်ပြေပြေလည်ပတ်ရတာပေ့ါ" ဟု မြို့နယ်မှ ဆန်၊ စပါး၊ ဖွဲ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြသည်။

အိမ်မဲမြို့နယ်မှ တင်ပို့ရောင်းချနေသည့် ၂၄ ပြည်ဝင် ဖွဲနု တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကျိုက်ထိုမြို့နယ် စွပ္ပနူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျိုက်ထို ဩဂုတ် ၁**

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စွပ္ပနူးကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေး ခြင်းကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းချမ်းထေ၀က မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစု ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် ၄၄ ဒသမ ၈၄ သန်း လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စွပ္ပနူးကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂၇ ဦးကို စီမံကိန်း ရန်ပုံငွေကျပ် ၄၄ ဒသမ ၈၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ




**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ကျောက်တံခါးမြို့နယ် ခလောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး



**ကျောက်တံခါး ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောက်တံခါးမြို့နယ် ခလောင် ကျေးရွာ၌ ကျေးလက်ကုန်ထုတ် လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်၊ ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် မြို့နယ် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ခလောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ အရှည် ပေ ၁၃၂၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၆၃ ဒသမ ၂၅ သန်း ဖြင့် ဌာနမှ အင်ဂျင်နီယာများ စုဖွဲ့၍ မေလပထမအပတ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ခလောင်ကျေးရွာမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အလွယ်တကူ သယ်ယူ ပို့ဆောင်နိုင်ပြီဖြစ်ကြောင်း ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်ထံမှ သိရသည်။

နီလာ


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ သတင်းမီဒီယာများနှင့် တွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ်များမှ အယ်ဒီတာနှင့်သတင်းထောက်များကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် မီဒီယာခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့သတင်းစာရှင်းလင်းပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ လွှတ်တော်အကြောင်း မိတ်ဆက်ပေးရန်နှင့် လွှတ်တော်နှင့် ပြည်သူ၊ လွှတ်တော်နှင့် သတင်းမီဒီယာများအကြား ထိတွေ့နိုင်ရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယခင်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးများလည်း ဤခန်းမ၌ပင် သတင်းစာရှင်းလင်းပွဲများပြုလုပ်ခဲ့သည့် အစဉ်အလာရှိပါကြောင်း။

အလားတူ နိုင်ငံတကာလွှတ်တော်များ၌လည်း သတင်းစာရှင်းလင်းပွဲများကျင်းပလေ့ရှိပါကြောင်း၊ အဓိကတာဝန်ဖြစ်သော ဥပဒေကြမ်းများပြုစုပြီးစီးချိန်နှင့် လွှတ်တော်၏ ပုံမှန်အစည်းအဝေးသက်တမ်းတစ်ခုပြီးဆုံးချိန်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်လေ့ရှိရာ ယခုသတင်းစာရှင်းလင်းပွဲမှာ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးပြီးဆုံးချိန်တွင် ကျင်းပခြင်းဖြစ်ပါကြောင်း။

လွှတ်တော်နှင့်ပတ်သက်၍ အနည်းငယ်မိတ်ဆက်ပြောကြားလိုပါကြောင်း၊ လွှတ်တော်ကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ကြပြီး အနီးစပ်ဆုံးအဓိပ္ပာယ်ဖွင့်ဆိုချက်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်မြေအသီးသီးမှ မဲဆန္ဒရှင်ပြည်သူများက ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များလာရောက်စုစည်းထားသည့်နေရာဖြစ်ကြောင်း၊ လွှတ်တော်တွင် လွှတ်တော်နှစ်ရပ်စနစ် (Bicameral System)နှင့် လွှတ်တော်တစ်ရပ်တည်းစနစ်(Unicameral System)ဟူ၍ အမျိုးအစားများရှိပါကြောင်း၊ နိုင်ငံ၏အကျယ်အဝန်း၊ လူဦးရေနှင့် တိုင်းရင်းသားလူမျိုးများပါဝင်ဖွဲ့စည်းမှုအပေါ်မူတည်၍ နိုင်ငံတကာတွင် လွှတ်တော်နှစ်ရပ်ရှိသည့်နိုင်ငံများရှိသကဲ့သို့ လွှတ်တော်တစ်ရပ်တည်းကျင့်သုံးသည့် နိုင်ငံများလည်းရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးနှင့် လူဦးရေ ၅၁ သန်းကျော်ရှိပြီး လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးခြင်းဖြစ်ပါကြောင်း၊ ယနေ့သတင်းစာရှင်းလင်းပွဲသည် အခြားနိုင်ငံများ၌ အောက်လွှတ်တော်ဟုခေါ်ဝေါ်သည့် ပြည်သူ့လွှတ်တော်နှင့် ပတ်သက်သည့် တွေ့ဆုံပွဲဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်ကို နယ်မြေနှင့်လူဦးရေအပေါ် အခြေခံ၍မြို့နယ် ၃၃၀ အတွက် ရွေးကောက်ခံကိုယ်စားလှယ်ဦးရေ ၃၃၀နှင့် တပ်မတော်သားကိုယ်စားလှယ်ဦးရေ ၁၁၀ စုစုပေါင်း ဦးရေ ၄၄၀ ရှိရမည်ဖြစ်သော်လည်း လက်ရှိတွင် လစ်လပ်နေရာများရှိနေသဖြင့် ကိုယ်စားလှယ်၃၅၁ဦးဖြင့်သာ ဖွဲ့စည်းထားပါကြောင်း။

ပြည်သူ့လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်လေးရပ်ရှိရာ ပထမတာဝန်မှာ ဥပဒေပြုရေးမဏ္ဍိုင် လွှတ်တော်ဖွဲ့စည်းခြင်းနှင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်ရှိ အကြီးအကဲများကို ရွေးချယ်အတည်ပြုပေးရခြင်းဖြစ်ပါကြောင်း၊ ဒုတိယတာဝန်မှာ ဥပဒေပြုရေးလုပ်ငန်းဖြစ်ပြီး လက်ရှိတည်ဆဲဥပဒေများကို ခေတ်စနစ်နှင့်အညီ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်းနှင့် အသစ်ရေးဆွဲခြင်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ တတိယတာဝန်အနေဖြင့် ကျန်မဏ္ဍိုင်များကို ပေါင်းစပ်ညှိနှိုင်းခြင်း (Check and Balance)ပြုလုပ်ရပြီး စတုတ္ထတာဝန်မှာ ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့်အတွက် ပြည်သူကိုကိုယ်စားပြုခြင်း (Represent)အဖြစ် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

အဆိုပါတာဝန်များကို အကောင်အထည်ဖော်ရန် လွှတ်တော်ကော်မတီများကို ဖွဲ့စည်းထားပြီး အမြဲတမ်းကော်မတီ(Standing Committee) လေးခုနှင့် သီးခြားကော်မတီ (Select Committee) ၁၈ ခု စုစုပေါင်း ကော်မတီ ၂၂ ခု ဖွဲ့စည်းထားပါကြောင်း၊ ယင်းကော်မတီများကို လွှတ်တော်ငယ်များ သို့မဟုတ် လွှတ်တော်၏ဒေါက်တိုင်များဟုခေါ်ဆိုကြပြီး လွှတ်တော်လုပ်ငန်းများ ချောမွေ့စွာလည်ပတ်နိုင်ရေးအတွက် အလွန်အရေးပါကြောင်း။

လွှတ်တော်သည် အစိုးရနှင့်ပြည်သူအကြား ပေါင်းကူးပေးသည့် ကြားခံအဖွဲ့အစည်းဖြစ်ပြီး "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့မျှော်မှန်းချက် လွှတ်တော်ကဖော်ဆောင်ရွက်" ဟူသည့်ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းမီဒီယာများအနေဖြင့် လွှတ်တော်နှင့်ပြည်သူကြား ချိတ်ဆက်ပေးရန်နှင့် ပြည်သူယုံကြည်အားကိုးရသော နိုင်ငံတော်အတွက် အထောက်အကူပြုသည့် လွှတ်တော်ကြီးဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဝိုင်းဝန်းကူညီပေးကြရန်ရည်ရွယ်၍ ယခုသတင်းစာရှင်းလင်းပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးလှသိန်း၊ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော်သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါက်တာနန္ဒာလှမြင့်နှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ ပြည်တွင်းသတင်းဌာနများ၊ပြည်တွင်းအခြေစိုက်ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ် စုစုပေါင်း ၄၈ ဖွဲ့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စွမ်းဆောင်ရည်ကျဆင်းနေသည့် မီတာများနှင့် အသုံးပြုသက်တမ်း နှစ် ၂၀ ကျော်နေသည့်မီတာများကို လဲလှယ်ပေးခြင်း၊ မီတာအသစ်သုံးစွဲလိုသူများကို မီတာများလျင်မြန်စွာတပ်ဆင်ပေးခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဩဂုတ် ၁

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယခုအခါ လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုကို လျော့နည်းပပျောက်စေရန်အတွက် စွမ်းဆောင်ရည်ကျဆင်းနေသည့် မီတာများနှင့် အသုံးပြုသက်တမ်း နှစ် ၂၀ ကျော်နေသည့် မီတာများကိုလဲလှယ်ပေးခြင်း၊ မီတာအသစ်သုံးစွဲလိုသူများကို မီတာများလျင်မြန်စွာ တပ်ဆင်ပေးခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ Digital Smart Meter များကို အသုံးပြုမည့်ပြည်သူများလက်ဝယ်သို့ မဖြန့်ဖြူးမီ လုံခြုံရေး Seal ခတ်နှိပ်နေသည့် မီတာစမ်းသပ်စစ်ဆေးရေးဌာနခွဲ၊လျှပ်စစ်ဓာတ်အား သုံးစွဲမှုကိုအချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နေသည့် AMI Control Center နှင့် ဓာတ်အား ကွပ်ကဲရေးဌာနခွဲ(နေပြည်တော်)ရှိ National Control Center တို့ကို လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို လွင်သည် ယနေ့နံနက်ပိုင်းက သွားရောက် ကြည့်ရှုစစ်ဆေးသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအပိုင်း၌ နေ့စဉ်ပို့လွှတ်သည့်ဓာတ်အားပမာဏ၏ ၁၅ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သော ၁၀ ဒသမ ၇ ယူနစ်သန်းခန့်ဆုံးရှုံးလျက်ရှိပြီး နိုင်ငံတော် အနေဖြင့် ပျမ်းမျှကျပ်သန်း ၂၇၅၀ ကျော် နေ့စဉ်ဆုံးရှုံးလျက်ရှိသည့်အတွက် လျှပ်စစ်ဆိုင်ရာအခြေခံအဆောက်အအုံ(Infrastru-cture)များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အပြည့်အဝဆောင်ရွက်နိုင်ခြင်း မရှိသည့်အပြင် လျှပ်စစ်ဓာတ်အားသုံးစွဲလိုသူပြည်သူများအနေဖြင့်လည်း သုံးစွဲနိုင်မှုအခွင့်အလမ်းများ ဆုံးရှုံးလျက်ရှိသည်။

ထို့ကြောင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၌လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေးနှင့် ဓာတ်အားစနစ်တည်ငြိမ်စွာ ဖြန့်ဖြူးပေးနိုင်ရေးတို့ကို ဘက်စုံမှတွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အောင်ပွဲ-ကုန်းတလေး-တဖူးကိုင်း-လွယ်တဝိုင်း-ဟိုနမ့်ကျေးရွာ ကျေးရွာချင်းဆက်လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်

နေပြည်တော် ဩဂုတ် ၁

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးရွာငါးရွာရှိ အိမ်ခြေ ၁၈၆ လုံး၊ လူဦးရေ ၉၀၀ ကျော်နှင့် စိုက်ပျိုးမြေဧက ၁၂၀၀ ကျော်တို့ကို တိုက်ရိုက်အကျိုးပြုပေးနိုင်မည့် အောင်ပွဲ-ကုန်းတလေး-တဖူးကိုင်း-လွယ်တဝိုင်း-ဟိုနမ့်ကျေးရွာ ကျေးရွာချင်းဆက်လမ်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုသည်။

ထို့ပြင် ဟိုပုံးမြို့ရှိ Green Gold ကော်ဖီသမဝါယမအသင်း၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချနေမှု၊ Coffeeneo စက်ရုံ၏ ကော်ဖီထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်တို့ကို ကြည့်ရှုအားပေးသည်။

အဆိုပါ ခရီးစဉ်အတွင်း ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံး၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို တွေ့ဆုံဆွေးနွေးခဲ့သည့်အပြင် သမဝါယမဦးစီးဌာန သမဝါယမစာရင်းရေးစာရင်းကိုင်နှင့်သက်မွေးပညာသင်တန်းကျောင်း (တောင်ကြီး)နှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝေန်တာကျိုးပေါက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့် လေးမျက်နှာမြို့ ရပ်ကွက် ငါးခုနှင့် ကျေးရွာ ကိုးရွာရှိ လူဦးရေ ၈၃၈၂ ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေ၊ အခြေခံစားသောက်ကုန်များအတွက် တန်ဖိုးငွေကျပ် ၈၃ ဒသမ ၅၆၁ သန်းကျော်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



လေးမျက်နှာ ဩဂုတ် ၁

ဝေန်တာကျိုးပေါက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့် လေးမျက်နှာမြို့ ရပ်ကွက်ငါးခုနှင့် ကျေးရွာ ကိုးရွာရှိ အိမ်ခြေ ၁၇၃၄ လုံး၊ အိမ်ထောင်စု ၁၇၆၄ စုမှ လူဦးရေ ၈၃၈၂ ဦးတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန်ရိက္ခာဖိုးငွေကျပ် ၄၁ ဒသမ ၉၁၀ သန်း၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ကြက်ဥ၊ ရေသန့်စသည့် အခြေခံစားသောက်ကုန်များအတွက် တန်ဖိုးငွေကျပ် ၄၁ ဒသမ ၆၅၁ သန်းကျော် စုစုပေါင်းတန်ဖိုးငွေကျပ် ၈၃ ဒသမ ၅၆၁ သန်းကျော်၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က စားသောက်ဖွယ်ရာများကို ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့်အတူ စာရေးကွင်းကျေးရွာ ရွာဦးဘုန်းကြီးကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်ထောက်ပံ့ပေးအပ်ပြီး ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ တာအလျားပေ ၃၀ ခန့်တွင် ငါးပေနိမ့်ဆင်းပြီး အကျယ်ပေ ၁၇၀ ကျိုးပေါက်မှုကို ပြန်လည်ပြုပြင်တည်ဆောက်မည့်အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် လေးမျက်နှာမြို့ပေါ်ရပ်ကွက်များတွင် လူနေအိမ်များအတွင်း ရေဝင်ရောက်မှုအခြေအနေ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေမှု၊ ကူညီကယ်ဆယ်ရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## ရိုးရာဝတ်စုံများချုပ်လုပ်နည်းကိုစနစ်တကျသင်ယူပြီး ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များကို လက်တွေ့ကျကျထိန်းသိမ်းစောင့်ရှောက်

ရန်ကုန် ဩဂုတ် ၁

ရိုးရာဝတ်စုံများချုပ်လုပ်နည်းကို စနစ်တကျသင်ယူပြီး ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များကို လက်တွေ့ကျကျထိန်းသိမ်းစောင့်ရှောက်ကြရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ မွန်ပိဋကတ်တိုက်၌ကျင်းပသည့် မွန်ရိုးရာဝတ်စုံချုပ်လုပ်နည်းသင်တန်းဆင်းပွဲတွင် သင်တန်းသား၊ သင်တန်းသူများကို တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများနှင့်အတူ သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၏ ပဉ္စမအကြိမ်မြောက်နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့် အထူးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ဂုဏ်ထူးဆောင်ဆုရရှိကြသူများကို ဂုဏ်ပြု Trophy များ ပေးအပ်သည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံ ဗမာတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံတရုတ်ကုန်သည်ကြီးများအသင်းချုပ်တို့သည် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားစေရေး အစိုးရ၊ အလုပ်သမား၊ အလုပ်ရှင် သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁

ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားစေရေးအတွက် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းသာယာရေးသည် အဓိကကျပြီး အစိုးရ၊ အလုပ်သမား၊အလုပ်ရှင်သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ကြရန် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိစက်မှုဇုန်ရှိ Maple Win အထည်ချုပ်စက်ရုံနှင့် ချင်းတွင်းတံခွန်အထည်ချုပ်စက်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် စက်ရုံတာဝန်ရှိသူများ၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ(OSH) ကော်မတီဝင်များ၊ အလုပ်သမားများကိုတိုက်တွန်းမှာကြားသည်။



ထို့ပြင် စက်ရုံ၌ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ပိုင် ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) ဖြင့် လုပ်ငန်းခွင်အရောက် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

အလုပ်သမားဝန်ကြီးဌာနသည် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အကျုံးဝင်အလုပ်ဌာနပေါင်း ၁၁၃၅ ဌာန၊အာမခံအလုပ်သမားဦးရေ ၂၈၉၆၀ ရှိပြီး မြို့နယ်လူမှုဖူလုံရေးဆေးခန်းသုံးခန်း၊ စာချုပ်ဆေးခန်း ငါးခန်း၊ ဌာနကြီးဆေးခန်း လေးခန်းတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ခေတ်မီဆေးပစ္စည်းကိရိယာများ၊ ဆေးဝါးများဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

### ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့

# ခိုင်မာသည့်လမ်းပြမြေပုံနှင့် ပြည်ထောင်စု၏ အနာဂတ်ရည်မှန်းချက်

ပြည်စိုးညိမ်း

တိုင်းပြည်ရဲ့ ပကတိအခြေအနေတွေကို ပွင့်လင်းမြင်သာစွာချပြရင်း အနာဂတ်အတွက် ခိုင်မာတဲ့ ရည်မှန်းချက်တွေဆီရှေးရှုမယ့် နိုင်ငံတော်အစိုးရရဲ့ ရက်ပေါင်း ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းကို နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ တင်ပြသွားခဲ့တာဖြစ်ပါတယ်။ မိန့်ခွန်းတစ်ခုလုံးကို ခြုံငုံကြည့်လိုက်ရင် “တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး” နဲ့ “နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး” ဆိုတဲ့ ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို အရှိန်အဟုန်မြှင့်ဖော်ဆောင်ရာမှာ အစိုးရအဖွဲ့ရဲ့သန္နိဋ္ဌာန်နဲ့ ခိုင်မာတဲ့မဟာဗျူဟာမြောက်စီမံကိန်းတွေကို ပြတ်ပြတ်သားသားတွေ့မြင်လိုက်ရပါတယ်။

**မြန်မာနိုင်ငံရဲ့ စိုက်ပျိုးမြေ ဧက ၃၃ သန်းကျော်ကို ထိရောက်စွာအသုံးချပြီး သမားရိုးကျမှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ကူးပြောင်းကာ ကမ္ဘာ့စပါးကျီနိုင်ငံဖြစ်လာရေး အဓိကရည်မှန်းထား . . .**

**စက်မှုကုန်ကြမ်း ဝါစိုက်ပျိုးမှုကို ၂၀၂၇-၂၀၂၈ မှာ ဧကခြောက်သိန်းအထိ တိုးမြှင့်သွားမှာဖြစ်ပြီး စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် ဆိုလာစနစ်သုံး မြစ်ရေတင်စီမံကိန်းတွေကိုလည်း စတင်အကောင်အထည်ဖော် . . .**

**လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆိုလာစွမ်းအင်၊ မြစ်ဆုံအပါအဝင် ရေအားလျှပ်စစ်စီမံကိန်း ၁၀ ခု၊ မဂ္ဂါဝပ် ၆၆၀ ထွက်ရှိမယ့် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံနဲ့ နျူကလီးယားစွမ်းအင်တို့ဖြင့် ၂၀၃၀ ပြည့်နှစ်မှာ တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားရရှိရေး ရည်မှန်းထား . . .**

**ငြိမ်းချမ်းရေးတံခါးနဲ့ နိုင်ငံရေးမဟာဗျူဟာ**

တိုင်းပြည်သာယာဝပြောရေးအတွက် အဓိကအသက်သွေးကြောဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ အစိုးရအနေနဲ့ လက်နက်ကိုင်လမ်းစဉ်အစား နိုင်ငံရေးနည်းလမ်းနဲ့ အေးချမ်းစွာအဖြေရှာကြဖို့ ထာဝရငြိမ်းချမ်းရေးတံခါးကို ရက်ပေါင်း ၁၀၀ အတွင်း အရှိန်အဟုန်ဖြင့် ဖွင့်လှစ်ထားခဲ့ပါတယ်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ပေါက်လာဖို့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ချက်အချက် ၄၃ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားပြီးဖြစ်သလို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) ၁၃ ဖွဲ့နဲ့လည်း အပြုသဘောဆောင်တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။

နိုင်ငံတော် တည်ဆောက်ရေးမှာ မဖြစ်နိုင်တာတွေကို တောင်းဆိုနေမယ့်အစား ခေတ်စနစ်နဲ့ကိုက်ညီတဲ့ ဖြစ်သင့်ဖြစ်နိုင်တာတွေကိုသာ ညှိနှိုင်းတောင်းဆိုကြဖို့ မိန့်ခွန်းမှာ အလေးအနက်တိုက်တွန်းထားပြီး ငြိမ်းချမ်းရေးဆောင်ရွက်ရာမှာ အစိုးရတင်မကဘဲ တပ်မတော်၊ လွှတ်တော် စတဲ့အဖွဲ့အစည်းအားလုံးမှာ တာဝန်ရှိကြောင်း မီးမောင်းထိုးပြထားတာကို တွေ့ရပါတယ်။

**ကာကွယ်ရေး၊ လုံခြုံရေးနဲ့ နိုင်ငံခြားရေးမူဝါဒ**

နိုင်ငံတော်ကာကွယ်ရေးနဲ့စပ်လျဉ်းလို့ တပ်မတော်ကို တိုက်စွမ်းရည်နဲ့ တိုက်စွမ်းအားရှိတဲ့ ခေတ်မီတပ်မတော် (Standard Army) အဖြစ် တည်ဆောက်သွားမှာဖြစ်သလို တပ်မတော်ရဲ့ ဦးဆောင်မှုနဲ့ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်သွားမှာပါ။ ပြည်တွင်းလုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေကို လေ့ကျင့်သားပြည့်ဝပြီး အဂတိကင်းကာ ပြည်သူချစ်တဲ့ ရဲတပ်ဖွဲ့ဝင်တွေဖြစ်လာစေရေး စနစ်တကျပြုပြင်လေ့ကျင့်ပေးနေပါတယ်။

နိုင်ငံခြားရေးမူဝါဒမှာတော့ အခြေခံဥပဒေပါ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်တဲ့ မူဝါဒကို စွဲကိုင်ကာ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံရဲ့ တာဝန်ဝတ္တရားအတိုင်း ဆောင်ရွက်သွားမှာဖြစ်သလို မြန်မာကဦးဆောင်တဲ့ မြန်မာ့ကိုယ်ပိုင်နည်းလမ်းနဲ့ အာဆီယံနဲ့ဆက်ဆံရေးတိုးတက်အောင် လုပ်ဆောင်သွားမှာပါ။

**စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍမြှင့်တင်ရေး**

မြန်မာနိုင်ငံရဲ့ စိုက်ပျိုးမြေ ဧက ၃၃ သန်းကျော်ကို ထိရောက်စွာအသုံးချပြီး သမားရိုးကျမှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ကူးပြောင်းကာ ကမ္ဘာ့စပါးကျီနိုင်ငံဖြစ်လာရေး အဓိကရည်မှန်းထားပါတယ်။ အဓိကစားရေရိက္ခာဖြစ်တဲ့ ဆန်စပါးကို ပထမအဆင့်မှာ နှစ်စဉ် ဆန်တန်ချိန်သုံးသန်း၊ ဒုတိယအဆင့်မှာ ငါးသန်းအထိ ပြည်ပတင်ပို့နိုင်ဖို့ စပါးမျိုးအလိုက် ဧက ၃ ဒသမ ၅ သိန်း ထပ်မံတိုးချဲ့စိုက်ပျိုးနေပါတယ်။

ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် မြေပဲ၊ နှမ်း၊ နေကြာ စတဲ့ ဆီထွက်သီးနှံအထူးဇုန် ၁၂ ခု သတ်မှတ်ထားပါတယ်။ နှမ်းတစ်ဧက ပန်းတိုင်အထွက်နှုန်းတင်း ၂၀ သတ်မှတ်ထားသော်လည်း လက်ရှိတွင် ၉ ဒသမ ၆ တင်း (၅၀ ရာခိုင်နှုန်း) သာ ထွက်ရှိသေးသဖြင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ကြိုးပမ်းလျက်ရှိပါတယ်။ ထို့ပြင် တစ်ဦးလျှင် တစ်နှစ် ၅ ပိဿာမှ ၆ ပိဿာအစား ၈ ပိဿာကျော် စားသုံးနေမှုကို လျှော့ချရေးနှင့် စားအုန်းဆီတင်သွင်းမှုကို ထိန်းချုပ်ရေး ဆောင်ရွက်နေပါတယ်။

စက်မှုကုန်ကြမ်း ဝါစိုက်ပျိုးမှုကို ၂၀၂၇-၂၀၂၈ မှာ ဧကခြောက်သိန်းအထိ တိုးမြှင့်သွားမှာဖြစ်ပြီး စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် ဆိုလာစနစ်သုံး မြစ်ရေတင်စီမံကိန်းတွေကိုလည်း စတင်အကောင်အထည်ဖော်နေပါပြီ။ မွေးမြူရေးကဏ္ဍမှာ ကြက်၊ ဝက်၊ ဆိတ်၊ နွားနဲ့ ငါး စတဲ့ အသားငါးမျိုးကို စနစ်တကျမွေးမြူနိုင်ရေး မျိုးကောင်းမျိုးသန့်တွေ ဖြန့်ဖြူးပေးနေပြီး ပြည်တွင်းငါးထုတ်လုပ်မှုမှာ ၃၀ ရာခိုင်နှုန်းသာရှိသေးတဲ့ မွေးမြူရေးကဏ္ဍကို တိုးမြှင့်သွားမှာပါ။

**စွမ်းအင်၊ အခြေခံအဆောက်အအုံနဲ့ သယ်ယူပို့ဆောင်ရေး**

ကမ္ဘာ့စက်သုံးဆီဈေးနှုန်းတက်ရောက်မှု စိန်ခေါ်မှုကို ကျော်လွှားဖို့ Work From Home နဲ့ မော်တော်ယာဉ် စုံ/မ မောင်းနှင်မှု မူဝါဒတွေကြောင့် တစ်ရက်ကို စက်သုံးဆီ ၁ ဒသမ ၂ ဂါလန်သန်း သက်သာခဲ့ပြီး လက်ရှိအချိန်အထိ ဒေါ်လာသန်း ၁၀၀၀ ကျော် သက်သာခဲ့ကြောင်း စာရင်းအချက်အလက်တွေနဲ့ တင်ပြထားပါတယ်။ စက်သုံးဆီသုံးစွဲမှုချွေတာနိုင်ရေးအတွက် စက်သုံးဆီအစားထိုး ဘက်ထရီစနစ်သုံးလျှပ်စစ်ရထားစက်ခေါင်းများ (BEL) နဲ့ EV လျှပ်စစ်စွမ်းအင်သုံးယာဉ်များအသုံးပြုရေးကိုလည်း အစိုးရအနေနဲ့ အထူးအားပေးဆောင်ရွက်နေပါတယ်။

လေကြောင်းပို့ဆောင်ရေးမှာ ခရီးသည်တင်ဂျက်လေယာဉ်တွေ ဆင်းသက်နိုင်ရေး ပြင်ဦးလွင်ရှိ အနီးစခန်းလေဆိပ်အပါအဝင် ကော့သောင်း၊ ပုဂံ ညောင်ဦး စသည့် လေဆိပ်အဆင့်မြှင့်တင်ခြင်း စီမံချက် ၁၀ ခုကို ရက် ၁၀၀ အတွင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။

ကုန်ကျစရိတ်သက်သာလှတဲ့ ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍမှာလည်း ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်တို့ကို ရာသီမရွေး ထိရောက်စွာအသုံးပြုနိုင်ဖို့ ရေလမ်းကြောင်းပြုပြင်ရေးတွေကို ကြိုးပမ်းဆောင်ရွက်နေပါတယ်။ အလားတူ လေကြောင်းလိုင်းငါးလိုင်းကနေ လေယာဉ်စုစုပေါင်း ၃၂ စင်းနဲ့ ပြည်တွင်းပို့ဆောင်ရေးကို မပြတ်ပြေးဆွဲပေးနေသလို သဘာဝဘေးအန္တရာယ်နဲ့ ပဋိပက္ခတွေကြောင့် ပျက်စီးခဲ့ရတဲ့ လမ်း၊ တံတား အခြေခံအဆောက်အအုံတွေကိုလည်း အမြန်ဆုံးပြန်လည်ထူထောင်ပေးနေပါတယ်။

လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆိုလာစွမ်းအင်၊ မြစ်ဆုံအပါအဝင် ရေအားလျှပ်စစ်စီမံကိန်း ၁၀ ခု၊ မဂ္ဂါဝပ် ၆၆၀ ထွက်ရှိမယ့် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံနဲ့ နျူကလီးယားစွမ်းအင်တို့ဖြင့် ၂၀၃၀ ပြည့်နှစ်မှာ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး ရည်မှန်းထားပါတယ်။ ဒေသတွင်းကုန်သွယ်မှုတံတားအဖြစ် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ နယ်စပ်ဖြတ်ကျော်လမ်းမကြီးနဲ့ BRI ရဲ့ မန္တလေး-မူဆယ် ရထားလမ်းစီမံကိန်းတွေကို အဓိကစီးပွားရေးတံခါးပေါက်အဖြစ် အထူးအလေးထားဆောင်ရွက်နေပါတယ်။

**လူ့စွမ်းအားအရင်းအမြစ်၊ ပညာရေးနဲ့ နည်းပညာ**

၂၀၂၄ သန်းခေါင်စာရင်းအရ အသက် ၂၅ နှစ်နဲ့အထက် လူဦးရေရဲ့ ၄၉ ရာခိုင်နှုန်းမှာ မူလတန်းအဆင့်သာ ပြီးမြောက်ခဲ့သူတွေဖြစ်တာကြောင့် KG+9 အထိ မသင်မနေရပညာရေးစနစ်ဆီ ပြောင်းလဲဖော်ဆောင်နေတာပါ။ ပညာရေးဘဏ္ဍာငွေကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မှာ ၆ ဒသမ ၉၂ ရာခိုင်နှုန်း (အခြားဝန်ကြီးဌာနများပါပါက ၉ ဒသမ ၂၂ ရာခိုင်နှုန်း)၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှာ ၁၀ ရာခိုင်နှုန်းထက်မနည်း သုံးစွဲမှာဖြစ်ပြီး ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှာ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားမှာပါ။

**ပညာရေးဘဏ္ဍာငွေကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှာ ၆ ဒသမ ၉၂ ရာခိုင်နှုန်း (အခြားဝန်ကြီးဌာနများပါပါက ၉ ဒသမ ၂၂ ရာခိုင်နှုန်း)၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှာ ၁၀ ရာခိုင်နှုန်းထက်မနည်း သုံးစွဲမှာဖြစ်ပြီး ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှာ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သွား . . .**

**သစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်း ပြန်လည်ရောက်ရှိရေးကြိုးပမ်းရင်း ကျေးရွာများကို သန့်ရှင်းစိမ်းလန်း၍ နည်းပညာသုံးနိုင်သော စံပြကျေးရွာများ (Clean, Green and Smart Villages)အဖြစ် ပြောင်းလဲကာ မြို့ကြီးများကို Smart City များအဖြစ် ကွန်ရက်ချိတ်ဆက်သွားမှာဖြစ် . . .**

ပညာရေးပြုပြင်ပြောင်းလဲမှုမှာ စာမေးပွဲအောင်ရုံမျှမဟုတ်ဘဲ ဘက်စုံထူးချွန်ပြီး အမှန်တကယ်နားလည်တတ်မြောက်သူတွေဖြစ်လာအောင် ပြုစုပျိုးထောင်ဖို့ မိန့်ခွန်းမှာ အလေးထားတိုက်တွန်းထားပါတယ်။ ဆရာ၊ ဆရာမတွေ အခက်အခဲမရှိစေဖို့ ကြန့်ကြာနေတဲ့ ဆရာ၊ ဆရာမ ၈၀၀၀ ခန့်ကို ခန့်အပ်ခဲ့ပြီးဖြစ်သလို မူလတန်းနဲ့အလယ်တန်းပြဆရာ၊ ဆရာမတွေအတွက် သတ်မှတ်လုပ်သက်နဲ့ အရည်အချင်းပေါ် မူတည်ပြီး လစာနဲ့ရာထူးတွေ အဆင့်လိုက်တိုးမြှင့်ပေးမယ့် စနစ်သစ်ကိုလည်း စီစဉ်ဆောင်ရွက်ပေးနေပါတယ်။

ကျန်းမာရေးကဏ္ဍမှာ သူနာပြုနဲ့ သားဖွားသင်တန်းကျောင်း ၁၅ ကျောင်းကို သူနာပြုသိပ္ပံအဆင့်မြှင့်တင်ခဲ့ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းမှာ ဆရာဝန်သစ်လွင် ၁၂၀၀ နဲ့ သူနာပြုသစ်လွင် ၂၆၀၀ ခန့် ထပ်မံခန့်အပ်ဖို့ စီစဉ်နေပါတယ်။

အနာဂတ်နည်းပညာအတွက် တရုတ်နိုင်ငံနဲ့ ပူးပေါင်းပြီး မြန်မာပိုင်ဂြိုဟ်တုလွှတ်တင်ရေးပြင်ဆင်နေသည့်အပြင် Nano Satellite နဲ့ Micro Satellite များကိုလည်း မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းတည်ဆောက်လွှတ်တင်သွားမှာပါ။ ထို့ပြင် ရုရှားနိုင်ငံနဲ့ပူးပေါင်းကာ အာကာသယာဉ်မှူးလောင်းသင်တန်းပေးရေးတို့ကိုပါ စတင်ပြင်ဆင်နေပါတယ်။

**လူငယ်၊ အမျိုးသမီး၊ ယဉ်ကျေးမှုနဲ့ လုပ်သားဈေးကွက်**

မိမိတို့နိုင်ငံ လူဦးရေရဲ့ ၃၂ ဒသမ ၆၉ ရာခိုင်နှုန်း (၁၇ သန်းခန့်) ရှိတဲ့ လူငယ်အင်အားကိုမြှင့်တင်ဖို့ လူငယ်ရေးရာဝန်ကြီးဌာနနဲ့ အားကစားရေးရာဝန်ကြီးဌာနတို့ကို သီးခြားဖွဲ့စည်းခဲ့ပါတယ်။ အမျိုးသမီးပါဝင်မှု ၅၃ ရာခိုင်နှုန်းရှိတဲ့နိုင်ငံမှာ အမျိုးသမီးရေးရာဝန်ကြီးဌာနကို တိုးချဲ့ခဲ့သလို လွှတ်တော်အသီးသီးမှာ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ပါဝင်မှုမှာလည်း တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်မှာ ၁၄ ဒသမ ၆ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါတယ်။

သန်းခေါင်စာရင်းအချက်အလက်တွေအရ ပြည်ပသို့ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူတွေထဲမှာ ၇၁ ဒသမ ၇ ရာခိုင်နှုန်းဟာ အသက် ၁၅ နှစ်မှ ၃၄ နှစ်အတွင်း လူငယ်တွေဖြစ်နေတာကို တွေ့ရပါတယ်။ ဒါဟာ ပြည်တွင်းမှာ ကျွမ်းကျင်လုပ်သားရှားပါးမှုနဲ့ ထုတ်လုပ်မှုစွမ်းအားကျဆင်းမှုကို

စာမျက်နှာ ၁၉ သို့

# လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)**

**စာမျက်နှာ ၁၈ မှအဆက်**

ဖြစ်ပေါ်စေတာမို့ လူငယ်တွေအတွက် အလုပ်မရှိခြင်းထက် ဘဝအာမခံချက်ရှိတဲ့ အလုပ်အကိုင်တွေရရှိရေးစီမံဆောင်ရွက်နေတာပါ။

အနုပညာနဲ့ ယဉ်ကျေးမှုကဏ္ဍမှာလည်း မြန်မာတို့ရဲ့ အတာသင်္ကြန်ပွဲတော်ဟာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရပြီး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွေနဲ့ ကမ်းခြေတွေကိုအခြေခံတဲ့ ခရီးသွားလုပ်ငန်းတွေကို ဖော်ဆောင်နေပါတယ်။ နိုင်ငံတော်၏ ဒီမိုကရေစီလျှောက်လှမ်းမှုမှာ အနုပညာရှင်တွေအနေနဲ့ အမျိုးသားရေးစိတ်ဓာတ်နဲ့ တက်ကြွစွာပါဝင်ကြဖို့လည်း မိန့်ခွန်းမှာတိုက်တွန်းထားတာကို တွေ့ရပါတယ်။

**တရားဥပဒေစိုးမိုးရေး၊ သဘာဝပတ်ဝန်းကျင်နှင့် Clean & Smart မြို့ရွာများ**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှာ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"ဆိုတဲ့ မူဝါဒနဲ့အညီဆောင်ရွက်နေပြီး လုံခြုံရေးအားနည်းချက်ကို အခွင့်ကောင်းယူထားတဲ့ တရားမဝင်သစ်ခိုးထုတ်မှုတွေကိုလည်း စနစ်တကျဟန့်တားလျက်ရှိပါတယ်။ သစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်းပြန်လည်ရောက်ရှိရေးကြိုးပမ်းရင်း ကျေးရွာများကို သန့်ရှင်းစိမ်းလန်း၍ နည်းပညာသုံးနိုင်သော စံပြကျေးရွာများ (Clean, Green and Smart Villages) အဖြစ် ပြောင်းလဲကာ မြို့ကြီးများကို Smart City များအဖြစ် ကွန်ရက်ချိတ်ဆက်သွားမှာဖြစ်ပါတယ်။

"သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှု" ဖြစ်စေရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါတယ်။ လွန်ခဲ့သောဒီမိုကရေစီဒုတိယအစိုးရသက်တမ်းအတွင်း အဂတိလိုက်စားမှုကြောင့် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃ သန်းနှင့် ငွေကျပ် ၂၂၆ ဒသမ ၁ ဘီလီယံကျော် နစ်နာဆုံးရှုံးခဲ့ရကြောင်း အချက်အလက်များနှင့်တကွ ထုတ်ဖော်ပြသခဲ့ပြီး အစိုးရအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအထိ အဂတိကင်းရှင်းစေရန် ကြပ်မတ်သွားမှာပါ။ ဒါ့ပြင် အွန်လိုင်းလိမ်လည်မှု(Online Scams)နဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတို့ကိုလည်း အမျိုးသားရေးတာဝန်အဖြစ် ပြတ်ပြတ်သားသား နှိမ်နင်းလျက်ရှိပါတယ်။

**နိုင်မာတဲ့လမ်းပြမြေပုံနဲ့ ပြည်ထောင်စုရဲ့ အနာဂတ်ရည်မှန်းချက်**

အစိုးရအနေနဲ့ နိုင်ငံရဲ့ပညာရေးအခြေအနေ၊ လုပ်သားဈေးကွက်နဲ့ ရွှေ့ပြောင်းလုပ်သားဆိုင်ရာ ပကတိအားနည်းချက်တွေကို မဖုံးကွယ်ဘဲ ပွင့်လင်းမြင်သာစွာချပြထားတာကို အပြုသဘောဆောင်စွာ တွေ့မြင်ရမှာဖြစ်ပါတယ်။ **ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေကို ကိန်းဂဏန်းအချက်အလက်တွေအပေါ်အခြေခံပြီး စနစ်တကျဖြေရှင်းဖို့ ကြိုးပမ်းထားတာ၊ စက်သုံးဆီချွေတာရေးမူဝါဒနဲ့ ဘဏ္ဍာငွေဒေါ်လာသန်းပေါင်းများစွာ အမှန်တကယ်သက်သာစေခဲ့တာနဲ့ ပညာရေးကဏ္ဍအတွက် အသုံးပြုဘဏ္ဍာငွေကို အနာဂတ်ရေရှည်ရင်းနှီးမြှုပ်နှံမှုအဖြစ် အဆင့်လိုက်တိုးမြှင့်ဖို့ ရေးဆွဲထားတာတွေဟာ တိုင်းပြည်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ မဟာဗျူဟာမြောက် အုတ်မြစ်ကောင်းတွေ ဖြစ်လာမှာသေချာပါတယ်။**

မိန့်ခွန်းရဲ့နိဂုံးပိုင်းမှာ နိုင်ငံတော်သမ္မတက နိုင်ငံတော်သစ်တည်ဆောက်ရေးကို "အရှိန်ရအောင်နှစ်နှစ်၊ အရှိန်အဟုန်ဖြင့်တည်ဆောက်မှုကို သုံးနှစ်အချိန်ယူဆောင်ရွက်မည်"ဆိုတဲ့ ပန်းတိုင်အရောက်သွားမယ့် ကာလသတ်မှတ်ချက် လမ်းပြမြေပုံကို တိတိပပချပြသွားခဲ့ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဆိုတဲ့အတိုင်း ပြည်သူနဲ့ အစိုးရ ဟန်ချက်ညီညီ၊ သန္နိဋ္ဌာန်ခိုင်မာစွာ၊ စည်းလုံးညီညွတ်စွာနဲ့ ကြိုးပမ်းသွားကြမယ်ဆိုရင် မဝေးတော့တဲ့ အနာဂတ်ကာလမှာ မိမိတို့မြန်မာနိုင်ငံဟာ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ သာယာဝပြောသော ပြည်ထောင်စုနိုင်ငံတော်သစ်ဆီသို့ အောင်မြင်စွာ တက်လှမ်းနိုင်တော့မှာ ဖြစ်ပါကြောင်း လေးနက်စွာရှုမြင်ရေးသားလိုက်ရပါတယ်။ ။

# အခြေခံပညာကျောင်းများ၊ ဘုရားစေတီများနှင့် ဘူတာရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အပါအဝင် မြို့နယ် သုံးမြို့နယ်ရှိ ဘုရားစေတီများ၊ အခြေခံပညာကျောင်းများ၊ ဘူတာရုံများ၊ ပြည်သူ့ဆေးရုံ၊ ပန်းခြံ၊ သောက်သုံးရေကန်တို့၏ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများ ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

# ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံ အနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများ လွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေ ပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**ရှေ့ဖုံးမှအဆက်**

ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေဆိုင်ရာပုဒ်မများကို အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် MA –1 အမျိုးအစား သေနတ် နှစ်လက်၊ MA –2 အမျိုးအစား သေနတ် တစ်လက်၊ MA –3 အမျိုးအစား သေနတ် တစ်လက်၊ MA –4 အမျိုးအစား သေနတ် တစ်လက်၊ M–22 အမျိုးအစား သေနတ် တစ်လက်၊ Type 81 အမျိုးအစား သေနတ် နှစ်လက်၊ ပွိုင့် ၂၂ စနိုက်ပါ အမျိုးအစားသေနတ် တစ်လက်၊ လက်လုပ်သေနတ် တစ်လက် စုစုပေါင်း လက်နက်မျိုးစုံ ၁၀ လက်၊ ကျည်အိမ်မျိုးစုံ ၁၇ ခု၊ ကျည်မျိုးစုံ ၆၇၈ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၁၂ လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ်သေနတ် ကိုးလက်အတွက် ဆုကြေးငွေကျပ်သိန်း ၄၅၀၊ လက်လုပ်သေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် ငါးသိန်း၊ လက်ပစ်ဗုံးမျိုးစုံ ၁၂ လုံးအတွက် ဆုကြေးငွေကျပ် ၃၆ သိန်းနှင့် လက်နက်မပါဘဲ ဥပဒေဘောင်အတွင်းရောက်လာသူများအတွက် ငွေကျပ် ၂၉၁ သိန်း စုစုပေါင်းဆုကြေးငွေကျပ် ၇၈၂ သိန်းနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။

ယနေ့အခမ်းအနားများတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ အမျိုးသား လေးဦး၊ မဟာအောင်မြေမြို့နယ်မှ အမျိုးသား နှစ်ဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ၄၃ ဦး၊ အမျိုးသမီး ရှစ်ဦး၊ ချမ်းအေးသာစံမြို့နယ်မှ အမျိုးသား နှစ်ဦး၊ ပုသိမ်ကြီးမြို့နယ်မှ အမျိုးသား နှစ်ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး နှစ်ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသား နှစ်ဦး၊ တံတားဦးမြို့နယ်မှ အမျိုးသား ကိုးဦး၊ အမျိုးသမီး တစ်ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား ငါးဦး၊ အမျိုးသမီး သုံးဦး၊ ပျော်ဘွယ်မြို့နယ်မှ အမျိုးသား နှစ်ဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား ၈၇ ဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၃၆ ဦး၊ အမျိုးသမီး နှစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး လေးဦး၊ မိုးမိတ်မြို့နယ်မှ အမျိုးသား လေးဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသား တစ်ဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး၊ တောင်သာမြို့နယ်မှ အမျိုးသား နှစ်ဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား ၁၂ ဦး၊ ချောက်မြို့နယ်မှ အမျိုးသား ငါးဦး၊ စေတုတ္တရာမြို့နယ်မှ အမျိုးသား ခြောက်ဦး၊ ပွင့်ဖြူမြို့နယ်မှ အမျိုးသား သုံးဦး၊ မင်းလှမြို့နယ်မှ အမျိုးသား နှစ်ဦး၊ မင်းတုန်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပခုက္ကူမြို့နယ်မှ အမျိုးသား ၂၀ ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း အမျိုးသားဦးရေ ၂၈၀ နှင့် အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၃၀၃ ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်အများစုသည် မိသားစုဝင်ဆွေမျိုးများကို ခြိမ်းခြောက်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှု ကျူးလွန်ခြင်း၊ တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်းငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေး၍ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက်ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်–

"သူငယ်ချင်းတွေရဲ့ တိုက်တွန်းမှုနဲ့ အိမ်က အဆင်မပြေမှုတွေကြောင့်ရောက်သွားတာပေါ့။ အဲဒီအဖွဲ့အစည်းမှာ ကျွန်တော် သင်တန်းနှစ်ပတ်တက်ခဲ့ရပါတယ်။ အဖွဲ့အစည်းမှာ မနေချင်တော့တဲ့ အကြောင်းရင်းတစ်ခုကတော့ ကျွန်တော်







တို့ကို ရှေ့တန်းမှာ အသေခံပုံစံမျိုးကြီး ထားထားတာ။ ဘယ်လိုပဲဖြစ်နေနေ ကျွန်တော်တို့သေ သူတို့မသေရင် ပြီးတာပဲ။ ဘယ်သူသေသေ ငတေမာပြီးရော ဆိုတဲ့သဘောနဲ့ ကျွန်တော်တို့ကိုထားထားတယ်။ သေနတ်ကိုလဲ မကောင်းတဲ့ GUN နဲ့ ကောင်းတဲ့ GUN ဆို မကောင်းတဲ့ GUN က သုံးလလောက်နဲ့ ကောင်းတဲ့ GUN က တစ်လလောက်ပဲ ပေးထားတယ်။ ရွာထဲကိုသွားပြီးတော့ သောက်လိုက်၊ စားလိုက်၊ ပျော်လိုက်၊ ပါးလိုက်နဲ့။ ကျွန်တော်တို့ဆီမှာကျတော့ ဘာပျော်ရွှင်မှု ဘာလွတ်လပ်ခွင့်မှမရှိဘူး။ နောက်ပြီးတော့ ခေါင်းဆောင်ပိုင်းတွေရှိတယ်။ အလှူခံ အလှူခံဆို သူတို့အိတ်ထဲကို ထည့်တယ်။ သူတို့ မိန်းမတွေဆီလွှဲပေးတယ်။ သူတို့သားသမီးတွေကောင်းစားဖို့ အတွက်လုပ်နေတာ။ တန်းစီကွင်းထဲ ရောက်တိုင်းလဲ အမြဲတမ်းပြောတယ်။ တပ်မတော်ဘက်ကိုသွားရင် နင်တို့ကို ညှဉ်းပန်းနှိပ်စက်မယ်၊ သတ်မယ်၊ အရှင်လတ်လတ် မီးရှို့တာတွေရှိတယ်။ ကျွန်တော်အခုရောက်တော့ အဲဒီလိုမဟုတ်ဘူး။ တပ်မတော်ဘက်က ကျွန်တော်တို့ကို နွေးနွေးထွေးထွေးကြိုဆိုတယ်၊ နေစရာ ထိုင်စရာ ပေးတယ်၊ စားစရာ ပေးတယ်၊ ထောက်ပံ့တယ်၊ မိဘထံ ပြန်အပ်နှံပေးတယ်။ တောထဲမှာ ကျန်ခဲ့တဲ့ညီအစ်ကို မောင်နှမတွေလဲ အမြန်ဆုံးတပ်မတော်နဲ့ ပူးပေါင်းပြီး အလင်းဝင်ဖို့ ကျွန်တော် ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

"ညီမ ဒီထဲကိုစရောက်တာကတော့ ညီမသူငယ်ချင်းတစ်ယောက်ရဲ့ အဆက်အသွယ်နဲ့စရောက်တာပါ။ သူငယ်ချင်းက ဒီထဲကိုလာခဲ့ဖို့ခေါ်တော့ ကျွန်မလဲ အဆင်ပြေပြေနဲ့ဆိုတော့ ရောက်သွားတယ်။ ရောက်သွားတော့ ကျွန်မ အဲဒီမှာ တစ်လသင်တန်းတက်ခဲ့ရတယ်။ တစ်လသင်တန်းတက်ခဲ့ပြီး ကျွန်မတို့ကိုပေါ့နော် စားဖိုဆောင်မှာ တာဝန်ထမ်းဆောင်ခိုင်းတယ်ပေါ့။ ကျွန်မတို့စားဖိုဆောင်မှာ တစ်ပတ်တစ်ခါ အသီးအရွက်နဲ့ဆန်ရိက္ခာတွေလာပို့တယ်။ လာပို့တဲ့အချိန်မှာ ကျွန်မတို့ ထမင်းတစ်နေ့ကို နှစ်နပ်စာပဲ စားရတယ်။ တစ်ခါတလေကျလို့ရှိရင် ခရမ်းချဉ်သီးတစ်ခွက်နဲ့လဲ ကျွန်မတို့ စားခဲ့ရတယ်ပေါ့။ ဒုက္ခတွေလဲ အများကြီး ကြုံခဲ့ရတယ်။ စားဖိုဆောင်ဝင်ပြီး နောက်ပိုင်းကျတော့ ကျွန်မတို့ကို ထောက်ပို့ထီ ရောင်းခိုင်းတယ်ပေါ့။ ရွာတွေမှာ ထောက်ပို့ထီရောင်းရတယ်။ အစပိုင်းကတော့ ပြည်သူတွေက ကျွန်မတို့ကို ကြည်ဖြူတယ်။ နောက်ပိုင်းကျတော့ ကျွန်မတို့ကို မကြည်ဖြူတော့ဘူး။ ထီရောင်းမယ်ဆိုလို့ရှိရင် ထောက်ပို့ထီလေးအားပေးပါဦး ညီမတို့ကပြောလို့ရှိရင်တောင် "သွားသွား မလာနဲ့၊ နင်တို့ကို လက်မခံတော့ဘူး၊ နင်တို့ထီတွေလဲ အားမပေးချင်တော့ဘူး"ဆိုပြီး ပြောခဲ့တယ်။ ညီမတို့ထောက်ပို့ထီတွေရောင်းလို့ရတဲ့ ငွေတွေကျတော့ပေါ့နော် ညီမတို့ရောင်းပေးပြီးတာနဲ့ သူတို့အကြီးပိုင်းတွေကို အကုန်လုံးပြန်အပ်ရတယ်ပေါ့။ အဲဒီရတဲ့ငွေတွေကလဲ ဘယ်နေရာမှာ ဘယ်လိုသုံးတယ်ဆိုတာလဲ ညီမတို့ကို မပြောခဲ့ဘူး။ ဒါပေမဲ့ သူတို့ကတော့ အမြဲတမ်း KTV သွားတယ်၊ ဘီယာဆိုင်ထိုင်တယ်။ သူတို့ ကိုယ်ကျိုးအတွက်ပဲ အမြဲတမ်းရှိတာပေါ့။ အောက်က ရဲဘော်တွေ ဖြစ်ချင်သလိုဖြစ်၊ နေချင်သလိုနေ သူတို့ ဂရုမစိုက်ဘူးဆိုတဲ့ ပုံစံမျိုးတွေနဲ့ ပိုဆိုးလာခဲ့တယ်ပေါ့။ အဲဒီအချိန်မှာ ညီမကဒီထဲမှာ မနေချင်တော့တဲ့အတွက် ထွက်ပြေးလာခဲ့တာ။ ပြီးတော့ ညီမတို့ အဲဒီထဲမှာ နေခဲ့ရတဲ့ နှစ်နှစ်တာကာလ အတွင်းမှာ ညီမတို့အတွက် အသက်အာမခံဆိုတာမရှိခဲ့ဘူး။ ညီမတို့အတွက် လုံခြုံရေးဆိုတာလဲမရှိခဲ့ဘူး။ ဘယ်အချိန်ကိုယ့်ကို ဘယ်လိုလုပ်မလဲဆိုတာပဲ သူတို့ကို တွေးပြီးတော့ ကြောက်နေရတာပေါ့။ အဲဒီအချိန်မှာ ညီမကဒီထဲမှာ သူငယ်ချင်းတွေကလဲ အလင်းဝင်သွားတဲ့သူတွေရှိတဲ့အတွက် အလင်းလာပြီးတော့ ဝင်ရောက်တာပါ။ ညီမကတော့ တောထဲမှာကျန်ခဲ့တဲ့ သူငယ်ချင်းတွေကိုလဲ ပြောချင်ပါတယ်။ သူတို့ ပြောသလိုမျိုးပေါ့နော် ဒီထဲကို အလင်းလာဝင်လို့ရှိရင်လဲ သတ်ဖြတ်ပြီးတော့ နှိပ်စက်နေတာမဟုတ်ပါဘူးလို့။ ထင်သလိုမျိုး တစ်ခုမှမဟုတ်ပါဘူး။ အကုန်လုံးက မောင်နှမတွေလို နွေးနွေးထွေးထွေးနဲ့ ကြည်ကြည်ဖြူဖြူနဲ့ ညီမတို့ကို အစားအသောက်အနေအထိုင်ကအစ အကုန်လုံး ပြည့်စုံအောင်ထားခဲ့တာပေါ့။ အဲဒါကြောင့်မို့ တောထဲမှာနေတဲ့ PDF တွေအကုန်လုံးကို ဒီမှာအလင်းလာရောက်ဝင်စေချင်ပါတယ်လို့ ပြောချင်ပါတယ်"ဟု ပြောသည်။ (၅၀၁)

---

**ကျောဖုံးမှအဆက်**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)





**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

**မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်ရှိ "မီလျံနာ"ရွှေဆိုင်အား သေနတ်ပစ်ဖောက်ဝင်ရောက်၍ ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သူ တရားခံ အမျိုးသား ၆ ဦးနှင့် ပူးပေါင်းပါဝင်သူ အမျိုးသား ၂ ဦး၊ အမျိုးသမီး ၃ ဦးတို့အား ဖော်ထုတ်ဖမ်းဆီးရမိမှု**




**မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်ရှိ "ပေါ်ဦး"ရွှေဆိုင်အား သေနတ်ပစ်ဖောက်ဝင်ရောက်၍ ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သူ တရားခံ အမျိုးသား ၄ ဦးနှင့် ပူးပေါင်းပါဝင်သူ အမျိုးသားတစ်ဦးတို့အား ဖော်ထုတ်ဖမ်းဆီးရမိမှု**




■ **ဖော်ထုတ်ဖမ်းဆီးရမိမှု**

စုစုပေါင်းရွှေချိန် ၈၅ ကျပ်သား ၄ ပဲခန့် (တန်ဖိုးငွေကျပ် ၅၉၂၉ သိန်း)ခန့်ကို ဓားပြတိုက်လုယက်ယူဆောင်ထွက်ပြေးသွားခဲ့ကြောင်း သတင်းအရ ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁) နယ်မြေရဲစခန်းက (ပ)၁၁၄/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၅ ဖြင့် အမှုရေးဖွင့်ပြီး ပြစ်မှုကျူးလွန်သူ တရားခံများ ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်ရာတွင် ပါဝင်သူများဖြစ်ကြသည့် ချမ်းမြသာစည်မြို့နယ် (ဆ)ရပ်ကွက်နေ ထက်ဝေကျော် ခေါ် ကိုထက် ၂၂ နှစ်ကို ဇူလိုင် ၂၃ ရက် မွန်းလွဲပိုင်းတွင် အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၅၈)၌လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် ဒေးဝန်းအနောက်ရပ်ကွက်နေ ရှိုင်းကို ခေါ် ငရှိုင်း ၃၀ နှစ်ကို ယင်းနေ့ ညနေပိုင်းတွင် ဒေးဝန်းအနောက်ရပ်ကွက်၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြားရှိ သင်္ဂဇာချောင်းဘေး၌လည်းကောင်း၊ ယင်းနေ့ညပိုင်းတွင် စစ်ကိုင်းမြို့နယ် အာလောင်ကျေးရွာနေ အောင်ကျော်ဇော ခေါ် အောင်ကျော် ခေါ် အကြီးကောင် ၃၃ နှစ်နှင့် ချမ်းမြသာစည်မြို့နယ် (ဆ)ရပ်ကွက်နေ ကောင်းခန့်ကျော် ခေါ် ဘိုကောင်း ၂၁ နှစ်တို့ နှစ်ဦးကို ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင်ရပ်ကွက်ရှိ Golden ကန်တော်ကြီးတည်းခိုခန်း၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အာလောင်ကျေးရွာနေ သိန်းမြင့် ခေါ် ရွှေဘိုမောင်နိုင် ခေါ် မျိုးခိုင် ခေါ် ကိုနိုင် ၅၈ နှစ်နှင့် လုယက်မှုကျူးလွန်ရာမှ ရရှိသည့် ရွှေထည်ပစ္စည်းများကို ရောင်းချပေးသူ သာကေတမြို့နယ် ၆/အရှေ့ရပ်ကွက်နေ မောင်မောင်မင်းဇော် ခေါ် ကိုမင်း ခေါ် ကျားကြီး ၅၇ နှစ်တို့ နှစ်ဦးကို သက်သေခံပစ္စည်းများဖြစ်သည့် အရည်ကျိုရွှေ လေးတုံး၊ ဟန်းချိန်း နှစ်ခု၊ ငွေကျပ်သိန်း ၃၀၀ တို့နှင့်အတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဘုရားကြီးရပ်ကွက် ဘုရားကြီးလမ်းဆုံမီးပွိုင့်အနီး၌လည်းကောင်း၊ အောင်မြေသာစံမြို့နယ် စံပယ်အိမ်ရာ၊ တိုက်အမှတ်(၂) အလယ်ဆောင် အခန်းအမှတ်(၆၇)နေ ကျော်စိုးဝင်း ၅၀ နှစ်ကို ၎င်း၏နေအိမ်အခန်း၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများဖြစ်ကြသည့် သိန်းမြင့် ခေါ် ရွှေဘိုမောင်နိုင် ခေါ် မျိုးခိုင် ခေါ် ကိုနိုင်၊ ထက်ဝေကျော် ခေါ် ကိုထက်၊ ရှိုင်းကို ခေါ် ငရှိုင်း၊ အောင်ကျော်ဇော ခေါ် အောင်ကျော် ခေါ် အကြီးကောင်၊ ကောင်းခန့်ကျော် ခေါ် ဘိုကောင်းနှင့် ကျော်စိုးဝင်းတို့ ခြောက်ဦးကို သက်သေခံပစ္စည်းများသိမ်းဆည်းရမိရေး ဆက်လက်စစ်ဆေးခဲ့ရာ ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် အောင်ကျော်ဇော ခေါ် အောင်ကျော် ခေါ် အကြီးကောင်၏နေအိမ်မှ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် SHG SAUER P 320 အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ A USA 380 AUTO ကျည် ၂၇ တောင့်တို့ကိုလည်းကောင်း၊ ယင်းနေ့ နေ့လယ်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင်ရပ်ကွက် Golden ကန်တော်ကြီး တည်းခိုခန်းမှ Click အနက်ရောင်နှင့် CANDA-125 အစိမ်းရင့်ရောင်ဆိုင်ကယ် နှစ်စီးကိုလည်းကောင်း၊ ကျော်စိုးဝင်း၏ နေအိမ်မှ SHAYAN-125 အနက်ရောင် ဆိုင်ကယ် တစ်စီးနှင့် လေးခွ တစ်လက်၊ မူလီ (ကုန်းသီး) ၃၁ လုံးကိုလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်း ရပ်ကွက် အိမ်အမှတ်(ညည-၇၁)မှ NE-WANBO-125 အနက်ရောင်ဆိုင်ကယ် တစ်စီးကိုလည်းကောင်း အသီးသီး သိမ်းဆည်းရမိခဲ့ပြီး လုယက်မှုကျူးလွန်ရာမှ ရရှိသည့်ရွှေထည်ပစ္စည်းများကို လက်ခံထားရှိသူ စစ်ကိုင်းမြို့နယ် အာလောင် ကျေးရွာနေ တရားခံ အောင်ကျော်ဇော ခေါ် အောင်ကျော် ခေါ် အကြီးကောင်၏ ဇနီးဖြစ်သူ ခင်စန်းရီ ၂၆ နှစ်ကို ရွှေဟန်းချိန်း နှစ်ခု၊ ရွှေဆွဲကြိုး နှစ်ကုံးတို့နှင့်အတူ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင်ရပ်ကွက် Golden ကန်တော်ကြီးတည်းခိုခန်း၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

တရားခံများကို ဆက်လက်စစ်ဆေးခဲ့ရာ မီလျံနာရွှေဆိုင်ကို လုယက်မှုကျူးလွန်ရာတွင် သိန်းမြင့် ခေါ် ရွှေဘိုမောင်နိုင် ခေါ် မျိုးခိုင် ခေါ် ကိုနိုင်က ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပြီး လုယက်မှုကျူးလွန်ရန် ရွှေဆိုင်များကို လှည့်လည်ကြည့်ရှုခြင်းနှင့် လုယက်စဉ် ဆိုင်ရှေ့လမ်းပေါ်မှ အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း၊ ရွှေဆိုင်အတွင်းသို့ အောင်ကျော်ဇော ခေါ် အောင်ကျော် ခေါ် အကြီးကောင်က သေနတ်ပစ်ဖောက်ဝင်ရောက်၍ ကျော်စိုးဝင်းက ဆိုင်အပြင်မှ လေးခွဖြင့်ပစ်ခတ်ရန် အသင့်စောင့်နေခဲ့ပြီး ကောင်းခန့်ကျော် ခေါ် ဘိုကောင်းက ပုဆိန်ဖြင့် မှန်ကောင်တာများကို ထုခွဲကာ ထက်ဝေကျော် ခေါ် ကိုထက်နှင့် ရှိုင်းကို ခေါ် ငရှိုင်းတို့နှစ်ဦးက ရွှေထည်ပစ္စည်းများကို သယ်ယူခဲ့ကြကြောင်း၊ လုယက်မှုကျူးလွန်ရာမှရရှိခဲ့သည့် ရွှေထည်ပစ္စည်းများကို သိန်းမြင့် ခေါ် ရွှေဘိုမောင်နိုင် ခေါ် မျိုးခိုင် ခေါ် ကိုနိုင်၏ နေအိမ်တွင် အရည်ကျိုပုံဖျက်၍ ၎င်း၏ဇနီးဖြစ်သူ အိအိချောနှင့် ချွေးမဖြစ်သူ နှင်းသန္တာအောင် ခေါ် နှင်းနှင်းတို့က ၎င်းရွှေတုံးများကို ရန်ကုန်မြို့ရှိ မောင်မောင်မင်းဇော် ခေါ် ကိုမင်း ခေါ် ကျားကြီး၏ ချိတ်ဆက်ပေးမှုဖြင့် ရွှေရောင်းဝယ်လုပ်ကိုင်သူ နေလင်း ထံတွင် ရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်အရ ပူးပေါင်းပါဝင်ကျူးလွန်သူများကို ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်ရာမှ ရရှိသည့် ရွှေထည်ပစ္စည်းများလက်ခံဝယ်ယူသူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၁/ထူပါရုံရပ်ကွက်နေ နေလင်း ၅၀ နှစ်ကို အလေးချိန် ၂၆ ကျပ်သားရှိ ရွှေချောင်း နှစ်ချောင်းနှင့်အတူ ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် ၎င်း၏နေအိမ်၌လည်းကောင်း၊ အရည်ကျိုရွှေတုံးများကို သယ်ယူရောင်းချပေးသူ စစ်ကိုင်းမြို့နယ် အာလောင်ကျေးရွာနေ အိအိချော ၃၉ နှစ်နှင့် နှင်းသန္တာအောင် ခေါ် နှင်းနှင်း ၁၈ နှစ်တို့ကို အရည်ကျိုရွှေတုံးများ ရောင်းချရာမှရရှိသည့် ငွေကျပ်သိန်း ၂၄၀ နှင့်အတူ ဇူလိုင် ၂၈ ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကုန်းတန်းကြီး တာပတ်အနောက်ရပ်ကွက်၌လည်းကောင်း အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ သိန်းမြင့် ခေါ် ရွှေဘိုမောင်နိုင် ခေါ် မျိုးခိုင် ခေါ် ကိုနိုင်ပါ ခြောက်ဦးတို့ကို အခြားပြစ်မှုများ ကျူးလွန်ထားမှု ရှိ၊မရှိ ဆက်လက်စစ်ဆေးခဲ့ရာ သိန်းမြင့် ခေါ် ရွှေဘိုမောင်နိုင် ခေါ် မျိုးခိုင် ခေါ် ကိုနိုင်၊ ကောင်းခန့်ကျော် ခေါ် ဘိုကောင်း၊ အောင်ကျော်ဇော ခေါ် အောင်ကျော် ခေါ် အကြီးကောင်တို့ သုံးဦးသည် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်ကြသည့် ထွန်းလင်းအောင် ခေါ် နိုင်ကိုကိုနှင့် ဝေဖုန်းသူ ခေါ် ဝေကြီးတို့ နှစ်ဦးနှင့်အတူ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်ရှိ "ပေါ်ဦး"ရွှေဆိုင်ကို သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများ လုယက်မှုကျူးလွန်ခဲ့ကြကြောင်း၊ လုယက်ရာမှရရှိသည့် ရွှေထည်ပစ္စည်းများကို သန်းစိုးကထုခွဲရောင်းချပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသဖြင့် တရားခံများဖမ်းဆီးရမိဆောင်ရွက်ခဲ့ရာ ရွှေထည်ပစ္စည်းများထုခွဲရောင်းချပေးသူ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ သန်းစိုး ၅၅ နှစ်ကို ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းတွင် ၎င်း၏နေအိမ်၌လည်းကောင်း၊ လုယက်မှုကျူးလွန်ရာတွင် ပါဝင်သူ ချမ်းမြသာစည်မြို့နယ် ဇရာထွန်းရပ်ကွက်နေ ထွန်းလင်းအောင် ခေါ် နိုင်ကိုကို ၂၈ နှစ်ကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် ၎င်း၏နေအိမ်၌လည်းကောင်း အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများအနက် အောင်ကျော်ဇော ခေါ် အောင်ကျော် ခေါ် အကြီးကောင်သည် ၂၀၂၅ ခုနှစ် ဧပြီ ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ "မိုးမန္တလေး" ရွှေဆိုင်ကို လုယက်မှုမှဖမ်းဆီးရမိ တရားခံများဖြစ်ကြသည့် ငြိမ်းလင်းကိုကို ခေါ် ငလက်မ၊ ရဲနိုင်စိုးနှင့် နိုင်လင်းခန့် ခေါ် မိုးဒီ၊ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်ကြသည့် အောင်ကျော်ဦး ခေါ် ဆံရှည်၊ ဝေဖုန်းသူ ခေါ် ဝေကြီးတို့နှင့်အတူ လုယက်မှုကျူးလွန်ခဲ့ကြောင်း ထပ်မံ ဖော်ထုတ် သိရှိရသည်။

ဖြစ်စဉ်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ "မီလျံနာ" ရွှေဆိုင်ကို လုယက်မှုကျူးလွန်သူ တရားခံ သိန်းမြင့် ခေါ် ရွှေဘိုမောင်နိုင် ခေါ် မျိုးခိုင် ခေါ် ကိုနိုင်၊ အောင်ကျော်ဇော ခေါ် အောင်ကျော် ခေါ် အကြီးကောင်၊ ကောင်းခန့်ကျော် ခေါ် ဘိုကောင်း၊ ထက်ဝေကျော် ခေါ် ကိုထက်၊ ရှိုင်းကို ခေါ် ငရှိုင်း၊ ကျော်စိုးဝင်းတို့ ခြောက်ဦးနှင့် ပူးပေါင်းပါဝင်သူ မောင်မောင်မင်းဇော် ခေါ် ကိုမင်း ခေါ် ကျားကြီး၊ နေလင်း၊ အိအိချော၊ နှင်းသန္တာအောင် ခေါ် နှင်းနှင်း၊ **စာမျက်နှာ ၂၂ သို့**

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ



ဆရာတော်ထံ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဩဂုတ် ၁**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ခန်းမ၌ပြုလုပ်ရာ ဇမ္ဗူအေးအေတီတပ်ဦးကျောင်း ဆရာတော် နိုင်ငံတော်သံဃမဟာနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဥတ္တမ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ဇမ္ဗူအေး အေတီတပ်ဦးကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဇမ္ဗူအေး အေတီတပ်ဦးကျောင်း ဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများကို တွေ့ဆုံအားပေး



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် နိုင်ငံ့သားကောင်းရတနာများကို အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၁**

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၇)သို့ တက်ရောက်ကြမည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများကို ယနေ့ နံနက်ပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တပ်နယ်အားကစားရုံ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၇)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများ အတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးက အမှာစကားများပြောကြားကြပြီး နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

**စာမျက်နှာ ၂၂ မှအဆက်**

ခင်စန်းရီတို့ ငါးဦး၊ စုစုပေါင်းတရားခံ ၁၁ ဦးတို့ကို သက်သေခံပစ္စည်းများ ဖြစ်သည့် ရွှေထည်ပစ္စည်း စုစုပေါင်း အလေးချိန် ၄၂ ကျပ်သား ၁၄ ပဲ ၃ ရွေး၊ ငွေကျပ် သိန်း ၅၄၀၊ SHG SAUER P 320 အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ A USA 380 AUTO ကျည် ၂၇ တောင့်၊ ဆိုင်ကယ် လေးစီး၊ လေးခွ တစ်လက်၊ မူလီ(ကုန်းသီး) ၃၁ လုံးတို့နှင့်လည်းကောင်း၊ မဟာအောင်မြေမြို့နယ်ရှိ "ပေါ်ဦး"ရွှေဆိုင်ကို လုယက်ရာတွင် သိန်းမြင့် ခေါ် ရွှေဘို မောင်နိုင် ခေါ် မျိုးခိုင် ခေါ် ကိုနိုင်၊ အောင်ကျော်ဇော ခေါ် အောင်ကျော် ခေါ် အကြီးကောင်၊ကောင်းခန့်ကျော်ခေါ် ဘိုကောင်းတို့ သုံးဦးနှင့်အတူ ပူးပေါင်းကျူးလွန်ခဲ့သူများ ဖြစ်ကြသည့် ထွန်းလင်းအောင် ခေါ် နိုင်ကိုကိုနှင့် သန်းစိုးတို့ နှစ်ဦးကိုလည်းကောင်း ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့ရာ လုယက်မှု နှစ်မှုမှ ဖမ်းဆီးရမိတရားခံ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး သုံးဦး၊



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ "ပေါ်ဦး"ရွှေဆိုင်ကို သေနတ်ပစ်ဖောက်ဝင်ရောက်၍ ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသားလေးဦးနှင့် ပူးပေါင်းပါဝင်သူ အမျိုးသားတစ်ဦးတို့ကို ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

စုစုပေါင်း တရားခံ ၁၃ ဦးတို့ကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် လုယက်မှုများမှ ဖမ်းဆီးရန်ကျန် တရားခံများနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းရမိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**

**❖ ရထားလမ်းချော်မှုဖြစ်ပွားမှ**

ရထားသံလမ်း တရားမဝင်လမ်းကူးသို့ နံနက်၈နာရီ၁၇မိနစ်၌ရောက်ရှိဖြတ်သန်းစဉ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရထားသံလမ်းပေါ်သို့ သဲများနှင့် မြေသားများ ဖုံးလွှမ်းနေသဖြင့် ရထားတွဲဆိုင်းပါဦးဆောင်တွဲ RBE–30106 တစ်တွဲ လမ်းချော်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ရထားတွင် ခရီးသည် ၆၁ ဦး ပါရှိပြီး ခရီးသည်နှင့် ဝန်ထမ်းများထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ခရီးသည်များကို ပြင်ဦးလွင်ဘူတာရှိ RBE–25801 ရထားဖြင့် ဖြစ်ပွားရာသို့ နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရောက်ရှိပြန်လည်ခေါ်ဆောင်ပေးခဲ့ရာ နံနက် ၁၁ နာရီ ၁၁ မိနစ်တွင် ပြင်ဦးလွင်သို့ ပြန်လည်ရောက်ရှိ၍ ခရီးသည်များ၏ ကျသင့်လက်မှတ်ခငွေများကို ပြန်လည်ပေးအပ်ခဲ့သည်။

ဖြစ်ပွားရာနေရာသို့ မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် သံလမ်း၊တွဲလုပ်သားများသည် နံနက် ၉ နာရီခွဲတွင် ရောက်ရှိပြီး ရထားလမ်းပိုင်းကို နေ့ချင်းပြီး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လမ်းချော်ကျသည့် ရထားတွဲကို 'မ'တင်ခြင်းနှင့် ရထားလမ်းပြုပြင်ခြင်း လုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**❍ မိုးထစ်ချုန်းရွာမည်မှ**

ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ်ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင်နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်၊ ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

**❒ အသိပေးပန်ကြားချက်မှ**

အမှတ်(၁+၂) ဓာတ်အားလိုင်း တစ်လျှောက် လိုင်းအသေးစိတ်စစ်ဆေးခြင်းဆောင်ရွက်ခဲ့ရာ တာဝါတိုင်အမှတ် (၃၊ ၁၇၊ ၅၁၊ ၅၃၊ ၇၃) တာဝါ ငါးတိုင်တွင် Jumper ကြိုးများ ကြိုးလွန်းဖွာနေခြင်း၊ ကြွေသီးတွဲများကွဲနေခြင်းနှင့် Arching Horn များ မီးပန်းထားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ဓာတ်အားစနစ်တည်ငြိမ်မှုကို မြှင့်တင်နိုင်ပြီး မလိုလားအပ်သည့် ဓာတ်အားပြတ်တောက်မှုများကို ကာကွယ်နိုင်မည်ဖြစ်သောကြောင့် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို ဩဂုတ် ၂ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် လုပ်ငန်း ဆောင်ရွက်နေချိန်အတွင်း ရေပေါင်းဆုံနှင့် ယင်းမာပင်မြို့နယ်တို့တွင် ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**


**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။




ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ သြဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

# တောင်ကြီးမြို့နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ သံဃာတော်များ၊ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်


သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။


ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

နေပြည်တော် သြဂုတ် ၁

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက်ရှိ အရိယဝံသမြို့ဦးကျောင်းတိုက်၌အခြေပြု၍ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၅၀၀ ကို သွားနှင့်ခံတွင်းရောဂါ၊ သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ ဖျားနာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ Ultra-sound စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက်ရှိ ရတနာဒီပဘုရား၌အခြေပြု၍ အဆိုပါရပ်ကွက်ရှိ ဒေသခံပြည်သူ ၁၈၃ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ စုပေါင်းသွေးလှူဒါန်း



ရန်ကုန် သြဂုတ် ၁

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က ယနေ့တွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ၁၁ ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းကြသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက သွေးလှူဒါန်းကြမည့် သွေးအလှူရှင် ဦးရေ ၂၂၀ တို့ကို ကျန်းမာရေးစစ်ဆေးပေးပြီး တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ တပ်မှူး၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် တာဝန်ရှိသူများက သွေးအလှူရှင်များကို ကြည့်ရှုအားပေးကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့ပြင် သွေးအလှူရှင်များကို နံနက်စာနှင့် နေ့လယ်စာတို့ဖြင့် ကျွေးမွေးဧည့်ခံပြီး ဆေးဝါး၊ အားဖြည့်အစားအစာများ၊ အမှတ်တရတံဆိပ်ရုပ်အင်္ကျီနှင့် အလှူငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဇွန် ၃၀ ရက်မှ ဇူလိုင် ၃၁ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

နေပြည်တော် သြဂုတ် ၁

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဇွန် ၃၀ ရက် ည ၈ နာရီမှ ဇူလိုင် ၃၁ ရက် ည ၈ နာရီထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၁၅၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

**၂၀၂၆ ခုနှစ် သြဂုတ် ၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

## ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်နှင့် Animation ဗီဒီယိုပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

၁။ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုများသော မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ လေပြင်းဘေး၊ မိုးကြိုးဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေးနှင့် မိုးခေါင်ရေရှားဘေးတို့အတွက် အသိပညာပေးလက်ကမ်းစာစောင်များနှင့် Animation ဗီဒီယိုများဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ အဆိုပါလက်ကမ်းစာစောင်များနှင့် Animation ဗီဒီယိုများကို ခေတ်ကာလအားလျော်စွာ ဆန်းသစ်သောဖန်တီးမှုအတွေးအမြင်များ၊ နည်းပညာသစ်များဖြင့် ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်စေမည့် လက်ကမ်းစာစောင်ဒီဇိုင်းများနှင့် Animation ဗီဒီယိုများအဖြစ် ပြုပြင်ဆောင်ရွက်လိုပါ၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်ဒီဇိုင်းရေးဆွဲခြင်းနှင့် Animation ဗီဒီယိုဖန်တီးခြင်းတို့ကို ပြိုင်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၃။ လက်ကမ်းစာစောင် ဒီဇိုင်းရေးဆွဲခြင်းပြိုင်ပွဲကို မူလဆောင်ရွက်ထားသော လက်ကမ်းစာစောင်များကို အခြေခံ၍ ငလျင်ဘေး၊ လေပြင်းဘေးနှင့် ရေဘေးတို့အတွက်လည်းကောင်း၊ အလားတူ Animation ဗီဒီယိုပြိုင်ပွဲကို **မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် အယ်လ်နီညိုဖြစ်စဉ်**တို့အတွက်လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ပညာရှင်များ ပါဝင်သောအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ ရွေးချယ်ခံရသူများကို နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အခမ်းအနား၌ ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ Website စာမျက်နှာ https://www.moswrr.gov.mm/ တွင် လည်းကောင်း၊ အောက်ဖော်ပြပါ QR Code တွင်လည်းကောင်း ကြည့်ရှုယှဉ်ပြိုင်လျှောက်ထားနိုင်ပြီး ပြိုင်ပွဲဝင်ဒီဇိုင်း Hard Copy နှင့် Soft Copy တို့ကို လျှောက်လွှာနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်သို့ဖြစ်စေ၊ အီးမေးလ်လိပ်စာ myanmareoc.ddm @gmail. com သို့ဖြစ်စေ ၁၅-၉-၂၀၂၆ နေ့ ၁၆:၀၀ နာရီ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

၆။ သဘာဝဘေးအန္တရာယ်များကြောင့် အများပြည်သူ၏ အသက်အိုးအိမ်ထိခိုက်ဆုံးရှုံးမှုကို လျှော့ချပေးနိုင်မည့် မွန်မြတ်သောလုပ်ငန်းစဉ်တွင် မိမိ၏ ကျွမ်းကျင်မှုနည်းပညာ၊ ဖန်တီးနိုင်မှုစွမ်းအားတို့ဖြင့် ပါဝင်ဆောင်ရွက်နိုင်သော အခွင့်အလမ်းအား ရယူပါဝင်ယှဉ်ပြိုင်ပေးနိုင်ပါရန် တန်ဖိုးထားအလေးဂရုပြု ဖိတ်ခေါ်အပ်ပါသည်။

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၄၆၆၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

## ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အသိပညာပေး လက်ကမ်းစာစောင် ဒီဇိုင်းပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် **ငလျင်ဘေးအန္တရာယ်၊ လေပြင်းဘေးအန္တရာယ်နှင့် ရေဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်ဒီဇိုင်း**ပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင် လက်ကမ်းစာစောင်ကို အောက်ဖော်ပြပါစည်းကမ်းချက်များနှင့်အညီ **မည်သူမဆို** ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

- (က) ငလျင်ဘေးအန္တရာယ်၊ ရေဘေးအန္တရာယ်နှင့် လေပြင်းဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို ဘေးအန္တရာယ် (၃)မျိုးလုံးကိုဖြစ်စေ၊ နှစ်သက်ရာဘေးအန္တရာယ် (၁) မျိုးစီကိုဖြစ်စေ ရွေးချယ်ယှဉ်ပြိုင်နိုင်သည်။
- (ခ) သရုပ်ဖော်ပြသချက်ပုံများသည် မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်လူနေမှုဘဝကို ပေါ်လွင်စေရမည်။
- (ဂ) ဒီဇိုင်းပုံများနှင့် လက်ကမ်းစာစောင်ပြုလုပ်၍ရသည့် မည်သည့်နည်းလမ်းဖြင့်မဆို ဖန်တီးယှဉ်ပြိုင်နိုင်သည်။
- (ဃ) https://www.moswrr.gov.mm/awareness/pamphlets website ရှိ အသိပညာပေး လက်ကမ်းစာစောင်များကို နမူနာကြည့်ရှု၍ ဖန်တီးယှဉ်ပြိုင်ရမည်။
- (င) Resolution (300 dpi)နှင့် JPG (သို့) PNG Format၊ အရောင်သတ်မှတ်ချက် (CMYK) ဖြင့် ရေးဆွဲရမည်။
- (စ) အကြောင်းအရာဖော်ပြချက်နှင့်ကိုက်ညီသော ဒီဇိုင်းပုံများဖန်တီးပေးရမည့်အပြင် စာသားနှင့်ပုံများကို (၄) ခေါက်ချိုး လက်ကမ်းစာစောင် (Legal Size – 8.5"x 14") ပြုလုပ်ယှဉ်ပြိုင်ရမည်။
- (ဆ) မူလလက်ကမ်းစာစောင်များပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာအကြောင်းအရာနှင့် စာသားဖော်ပြချက်များအပြင် အများပြည်သူအတွက် ပိုမိုသိသင့်ပြီးအကျိုးရှိစေမည့် ဆက်စပ်သတင်းအချက်အလက်များကိုလည်း ထပ်မံဖြည့်စွက်ဖော်ပြနိုင်ပါသည်။
- (ဇ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော(သို့မဟုတ်) ဖော်ပြထားပြီးဖြစ်သော ဒီဇိုင်းပုံများ မဖြစ်ရ။ ကိုယ်တိုင်ဖန်တီးထားကြောင်း ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့နှင့်အတူ ပေးပို့ရမည်။
- (ဈ) ဆုရသည့် ဖန်တီးမှုလက်ရာများ၏ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသို့ အပြီးလွှဲပြောင်းပေးရမည်။
- (ည) သတ်မှတ်ရက်ကျော်လွန်သော၊ သတ်မှတ်ချက်များနှင့် မပြည့်စုံသော ပြိုင်ပွဲဝင်လက်ကမ်းစာစောင်များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရွေးချယ်ခြင်းမခံရသော ပြိုင်ပွဲဝင်လက်ကမ်းစာစောင်များကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ပြိုင်ပွဲဝင်ဒီဇိုင်းပုံများနှင့် လက်ကမ်းစာစောင်များကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်သူ၏ ဒီဇိုင်းပုံများနှင့် ရေးဆွဲထားသော Design ပုံများပါဝင်သည့် လက်ကမ်းစာစောင် Hard Copy နှင့် Soft Copy ကို လူကိုယ်တိုင်ဖြစ်စေ၊ စာပို့ဝန်ဆောင်မှုဖြင့်ဖြစ်စေ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပြိုင်ပွဲဝင်လျှောက်လွှာ၊ ဝန်ခံကတိပြုလွှာတို့နှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်၊ တယ်လီဖုန်း၊ ၀၆၇-၃၄၀၄၆၆၀၊ အီးမေးလ်လိပ်စာ myanmareoc.ddm@gmail.com သို့ ၁၅-၉-၂၀၂၆ နေ့၊ ညနေ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

၅။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ပြည်သူလူထုအသိပညာပေးလုပ်ငန်းတွင် မိမိ၏ဝါသနာ၊ ကျွမ်းကျင်မှုကိုအခြေခံ၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီထောက်ပံ့မှုပြုသောအားဖြင့် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်ဒီဇိုင်းပုံနှင့် လက်ကမ်းစာစောင်ဒီဇိုင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပေးပါရန် တန်ဖိုးထားအလေးဂရုပြု ဖိတ်ခေါ်အပ်ပါသည်။

**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

## ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ် အသိပညာပေး (၄)မိနစ်စာ ကာတွန်း Animation ဗီဒီယိုပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် **မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် အယ်လ်နီညိုဖြစ်စဉ် အသိပညာပေးကာတွန်း Animation ဗီဒီယိုပြိုင်ပွဲ**ကို ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင် ကာတွန်း Animation Video ကို အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ **မည်သူမဆို** ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

- (က) ပြိုင်ပွဲခေါင်းစဉ်ကို ပေါ်လွင်အောင် ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။
- (ခ) ယှဉ်ပြိုင်မှုခေါင်းစဉ်နှင့် သရုပ်ဖော်ပြသချက်ကို မြန်မာဘာသာဖြင့်သာဖော်ပြရမည်။
- (ဂ) (၄) မိနစ်စာ (Animation video) ဖန်တီးယှဉ်ပြိုင်ရမည်။
- (ဃ) Animation Video ထုတ်လုပ်၍ရသည့် မည်သည့်နည်းလမ်းဖြင့်မဆို ဖန်တီးယှဉ်ပြိုင်နိုင်သည်။
- (င) https://www.moswrr.gov.mm/awareness/movie-clips?Page=1 website ရှိ အသိပညာပေး movie များကို နမူနာကြည့်ရှု၍ ဖန်တီးယှဉ်ပြိုင်ရမည်။
- (စ) File format သည် mp4/ wmv/ avi ၊ အနည်းဆုံး FullHD 1920x1080 pixels၊ RGB အရောင်သတ်မှတ်ချက်နှင့် File size သည် 1GB ထက်မပိုစေရ။
- (ဆ) သရုပ်ဖော်တင်ဆက်မှုနှင့် အစီအစဉ်တင်ဆက်မှုတို့သည် ဇာတ်လမ်းဇာတ်ကွက်နှင့် လိုက်လျောညီထွေမှုရှိပြီး မြန်မာ့ယဉ်ကျေးမှု၊ လူနေမှုပုံစံတို့ကို ထင်ဟပ်ဖော်ပြနိုင်ရမည်။
- (ဇ) Animation ဗီဒီယိုများအတွက် မူလလက်ကမ်းစာစောင်များပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကြောင်းအရာနှင့် စာသားဖော်ပြချက်များအပြင် အများပြည်သူအတွက် ပိုမိုသိသင့်ပြီး အကျိုးရှိစေမည့် ဆက်စပ်သတင်းအချက်အလက်များကိုလည်း ထပ်မံဖြည့်စွက်ဖော်ပြနိုင်ပါသည်။
- (ဈ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ဖော်ပြထားပြီးသော Animation များ မဟုတ်ကြောင်း၊ ကိုယ်တိုင်ဖန်တီးထားကြောင်း ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ပြိုင်ပွဲဝင်၏ ကိုယ်ရေးအချက်အလက်အကျဉ်းတို့အား ပေးပို့ရမည်။
- (ည) ဆုရသည့် ဖန်တီးမှုလက်ရာများ၏ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသို့ အပြီးပိုင်လွှဲပြောင်းပေးရမည်။
- (ဋ) သတ်မှတ်ရက်ကျော်လွန်ရောက်ရှိသော၊ သတ်မှတ်ချက်များနှင့် မပြည့်စုံသော Animation Video များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရ Animation များကို သင့်လျော်သည့်နေရာများတွင် အသုံးပြုသွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသော Animation များ ပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ပြိုင်ပွဲဝင် Animation များကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်သူ၏ Animation Soft Copy ကို အီးမေးလ် (သို့မဟုတ်) DVD (သို့မဟုတ်) VCD ဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ စာပို့ဝန်ဆောင်မှုဖြင့်ဖြစ်စေ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပြိုင်ပွဲဝင်လျှောက်လွှာ၊ ဝန်ခံကတိပြုလွှာတို့နှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၄၆၆၀၊ အီးမေးလ်လိပ်စာ myanmareoc.ddm @gmail.com သို့ ၁၅-၉-၂၀၂၆ နေ့၊ ၁၆:၀၀ နာရီနောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

၅။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ပြည်သူလူထုအသိပညာပေးလုပ်ငန်းတွင် မိမိ၏ ဝါသနာ၊ ကျွမ်းကျင်မှုကို အခြေခံ၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီထောက်ပံ့မှုပြုသောအားဖြင့် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် Animation ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပေးပါရန် တန်ဖိုးထားအလေးဂရုပြု ဖိတ်ခေါ်အပ်ပါသည်။

**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

# ဂရိနိုင်ငံတစ်ဝန်း တောမီးများဆက်တိုက်လောင်ကျွမ်းနေသဖြင့် ဘီအိုတီးယားဒေသမှ ဒေသခံ ၂၅၄ ဦးကို ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ



အေသင် ဩဂုတ် ၁

ဂရိနိုင်ငံတစ်ဝန်းတွင် တောမီးများ ဆက်တိုက်လောင်ကျွမ်းနေသဖြင့် ဘီအိုတီးယားဒေသမှ ဒေသခံ ၂၅၄ ဦးကို ရေကြောင်းမှ တစ်ဆင့် ဘေးလွတ်ရာသို့ အရေးပေါ် ရွှေ့ပြောင်းပေးခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် ဂရိနိုင်ငံတစ်ဝန်းတွင် လောင်ကျွမ်းနေသော တောမီးလောင်ကျွမ်းမှုနေရာ ၇၀ ကျော်ကို ငြိမ်းသတ်နေရကြောင်း၊ အပြင်းထန်ဆုံးတောမီးလောင်ကျွမ်းနေသည့်နေရာမှာ ဂရိနိုင်ငံအလယ်ပိုင်း ဘီအိုတီးယားဒေသဖြစ်ကြောင်း၊ မီးတောက်များသည် Agios Vasileios ကမ်းခြေဒေသထိပျံ့နှံ့ခဲ့သဖြင့် လမ်းများပိတ်ဆို့သွားခဲ့ကြောင်း သိရသည်။

ဂရိအမျိုးသားမိုးလေဝသဌာန (HNMS) ၏ ထုတ်ပြန်ချက်အရ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၅၀ ကီလိုမီတာထိ တိုက်ခတ်ခဲ့သဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများမှာ အခက်အခဲများစွာကြုံတွေ့နေရကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုနှင့် တောမီးလောင်ကျွမ်းမှုများကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ထိခိုက်ခဲ့ပြီး အေဂျီးယန်ကျွန်းများသို့ပြေးဆွဲနေသည့် ကူးတို့သင်္ဘောဝန်ဆောင်မှုများကို ယာယီရပ်နားထားရကြောင်း၊ ထို့ပြင် အေသင်မြို့အနောက်ပိုင်းရှိ Poikilo တောင်တန်းတွင်လည်း တောမီးပျံ့နှံ့ခဲ့သဖြင့် အာဏာပိုင်များက အဓိကလမ်းမအချို့ကို ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ဒန်နူဘီမြစ်ရေကျဆင်းမှု အရေးပေါ်အခြေအနေသတ်မှတ်ကြောင်း ရိုမေးနီးယား ရေထုအရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်

ဘူခါရက်စ် ဩဂုတ် ၁

ရိုမေးနီးယားနိုင်ငံကို ဖြတ်သန်းစီးဆင်းနေသည့် ဒန်နူဘီမြစ်ရေ သိသိသာသာ ကျဆင်းပြီး နေရာတချို့တွင် သောင်ထွန်းနေသည့်အတွက် မြစ်ရေကျဆင်းမှု အခြေအနေနှင့် ပတ်သက်ပြီး အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း ရိုမေးနီးယား ရေထုအရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရိုမေးနီးယားနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် ဒန်နူဘီမြစ်ရေကိုအားထားနေရပြီး ဒန်နူဘီမြစ်ရေကျဆင်းမှုကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေး ထုတ်လုပ်မှုစနစ်များ ယာယီရပ်ဆိုင်း ထားရသည့်အတွက် လျှပ်စစ်မီးလိုအပ်ချက် မြင့်တက်နေကြောင်း၊ ဒန်နူဘီမြစ်ရေခန်းခြောက်လာမှုကြောင့် ဒန်နူဘီမြစ်ရေကို အားထားနေရသည့် ကဏ္ဍများတွင် ကြီးမားသည့်ရိုက်ခတ်မှုများဖြင့် ရင်ဆိုင်နေရကြောင်း၊ အခက်အခဲများကို အချိန်မီဖြေရှင်းနိုင်ရေးအတွက် ဒန်နူဘီမြစ်ရေခန်းခြောက်မှုကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။



"ဒန်နူဘီမြစ်ရေ ကျဆင်းနေပါတယ်။ မိုးရေချိန်နည်းပါးသလို မြေအောက်ရေ ခန်းခြောက်လာတာကြောင့် အခုလို ရေကျဆင်းမှုနဲ့ ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။ ဒန်နူဘီမြစ်ရေကို အားထားနေရတဲ့ ကဏ္ဍအသီးသီးမှာ ကြီးမားတဲ့ ရိုက်ခတ်မှု ဖြစ်ပေါ်နေပါတယ်။ အထူးသဖြင့် လျှပ်စစ်စွမ်းအင်ကဏ္ဍမှာ သိသိသာသာရိုက်ခတ်မှု ဖြစ်ပေါ်နေပါတယ်"ဟု ရိုမေးနီးယား ရေထုအရင်းအမြစ်ဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ပြင်သစ်နိုင်ငံ အနောက်တောင်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုထိန်းချုပ်နိုင်သဖြင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို နေရပ်သို့ပြန်ခွင့်ပြု

ပဲရစ် ဩဂုတ် ၁

ပြင်သစ်နိုင်ငံ အနောက်တောင်ဘက်ပိုင်းတွင် ဇူလိုင်လ ဒုတိယပတ်မှ စတင်လောင်ကျွမ်းနေသောတောမီးကို ထိန်းချုပ်နိုင်သဖြင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို ယနေ့မှစ၍ နေရပ်သို့ ပြန်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

တောမီးကူးစက်လောင်ကျွမ်းမှုသည် ရက်သတ္တနှစ်ပတ်ကြာ ကူးစက် လောင်ကျွမ်းခဲ့ခြင်းကြောင့် သစ်တောမြေဟက်တာ အမြောက်အမြား လောင်ကျွမ်းပျက်စီးခဲ့ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ သိန်းနှင့်ချီ ရှိခဲ့ကြောင်း၊ ပြင်သစ်နိုင်ငံ အနောက်တောင်ဘက်ပိုင်းတွင် ခရိုင်ပေါင်း ၁၂ ခရိုင်ထိ တောမီးကူးစက်လောင်ကျွမ်းခဲ့ပြီး လူနေအိမ်ခြေများနှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ခန့်မှန်းဦးရေ ၂၂၀၀၀၀ ကျော်ထိ ရှိကြောင်း၊ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူများအနက် ဒေသခံဦးရေ ၁၄၄၀၀၀ ကျော်ကို နေရပ်သို့ပြန်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

"အနောက်တောင်ဘက်ပိုင်းမှာ တောမီးလောင်ကျွမ်းမှုဟာ ရက်သတ္တနှစ်ပတ်ကြာ လောင်ကျွမ်းခဲ့ပါတယ်။ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ဒေသခံဦးရေ ၂၂၀၀၀၀ ကျော်ထိဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတယ်။ တောမီးကို ထိန်းချုပ်လာနိုင်ပြီဖြစ်တဲ့အတွက် ဒေသခံဦးရေ ၁၄၄၀၀၀ ကျော်ကို နေရပ်ပြန်ခွင့်ပြုလိုက်ပြီဖြစ်ပါတယ်"ဟု ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# တောင်ကိုရီးယားနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းပြီး စံချိန်တင်အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေ

ဆိုးလ် ဩဂုတ် ၁

တောင်ကိုရီးယားနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းပြီး စံချိန်တင်အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသည်ဟု တောင်ကိုရီးယား မိုးလေဝသအေဂျင်စီက ထုတ်ပြန်လိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်ပမာဏမှာ ၄၁ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်နေသည့်အတွက် စံချိန်တင်အပူချိန်မြင့်တက်မှုဖြစ်ကြောင်း၊ ယန်ဆန်စီမြို့တွင် စံချိန်တင်အပူချိန်မြင့်တက်မှုအနေဖြင့် သုံးရက်ဆက်တိုက် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

"မိုးလေဝသအေဂျင်စီရဲ့ မှတ်တမ်းတွေအရ စံချိန်တင် အပူချိန်မြင့်တက်မှုတွေဖြစ်ပေါ်နေပါတယ်။ အပူချိန်ပမာဏဟာ ၄၁ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပါတယ်။ တောင်ကိုရီးယားနိုင်ငံ သက်တမ်းတစ်လျှောက် အပူချိန်အမြင့်ဆုံးမြင့်တက်ခဲ့ခြင်းဖြစ်ပါတယ်။ ထူးခြားမှုတစ်ရပ်အနေနဲ့တော့ ယန်ဆန်စီမြို့မှာ သုံးရက်ဆက်တိုက် ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပါတယ်။ စံချိန်တင်အပူချိန်မြင့်တက်မှုကြောင့် ကျန်းမာရေးလုံခြုံမှုကို ခြိမ်းခြောက်နေပါတယ်။ ဒါကြောင့် အပူချိန်မြင့်တက်မှုနဲ့ဆက်စပ်တဲ့ ကျန်းမာရေးလုံခြုံမှုဆိုင်ရာ သတိပေးချက် ထုတ်ပြန်ထားပါတယ်"ဟု တောင်ကိုရီးယား မိုးလေဝသ အေဂျင်စီမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# သတ္တုတူးဖော်မှုကြောင့် တောရိုင်းတိရစ္ဆာန်နှင့် အပင်မျိုးစိတ်များ မျိုးသုဉ်းမည့်အန္တရာယ် ရင်ဆိုင်နေရကြောင်း သုတေသီများသတိပေးပြောကြား

ကင်ဘာရာ ဩဂုတ် ၁

သတ္တုတူးဖော်ရေး လုပ်ငန်းများ တိုးချဲ့လုပ်ဆောင်လာခြင်းကြောင့် ကမ္ဘာတစ်ဝန်းရှိ တောရိုင်းတိရစ္ဆာန်နှင့် အပင်မျိုးစိတ်ပေါင်း ၁၂၀၀၀ ကျော် မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ဩစတြေးလျနှင့် ဗြိတိန်နိုင်ငံမှ သုတေသီများက ယနေ့တွင် သတိပေး ပြောကြားခဲ့သည်။

သုတေသီများ၏ လေ့လာတွေ့ရှိချက်အရ သတ္တုတူးဖော်ရေး လုပ်ငန်းများသည် သတ္တုတူးဖော်ရာနေရာအတွင်း၌သာမက အနီးပတ်ဝန်းကျင်ဒေသများရှိ ဂေဟစနစ်ကိုပါ ထိခိုက်စေလျက်ရှိကြောင်း၊ သတ္တုတူးဖော်ရေး လုပ်ငန်းများကြောင့် သစ်တောများပြုန်းတီးခြင်း၊ တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ရာဒေသများပျက်စီးခြင်း၊ မြေဆီလွှာနှင့် ရေအရင်းအမြစ်များ ညစ်ညမ်းလာခြင်းတို့ဖြစ်ပေါ်စေကာ မျိုးစိတ်အများအပြား၏ အသက်ရှင်ရပ်တည်နိုင်မှုကို ခြိမ်းခြောက်လျက်ရှိကြောင်း သိရသည်။

အထူးသဖြင့် သတ္တုတွင်းများတည်ဆောက်ရန် လမ်းများဖောက်လုပ်ခြင်း၊ သစ်တောများ ရှင်းလင်းခြင်းနှင့် စွန့်ပစ်မြေစာများ စုပုံထားခြင်းတို့ကြောင့် တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ရာနေရာများ ဆုံးရှုံးလာသကဲ့သို့ အစာရေစာနှင့် ရေအရင်းအမြစ်များလည်း ညစ်ညမ်းလာကြောင်း၊ ထိုအခြေအနေများသည် တောရိုင်းတိရစ္ဆာန်များ၏ မျိုးပွားနှုန်းကို ကျဆင်းစေပြီး မျိုးသုဉ်းနိုင်ခြေကို ပိုမိုမြင့်တက်စေကြောင်း သုတေသီများက ပြောကြားသည်။

ထို့ကြောင့် သုတေသီများက သတ္တုတွင်း စီမံကိန်းများမစတင်မီ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို အသေးစိတ် အကဲဖြတ်ကာ ထိခိုက်မှုအနည်းဆုံး ဖြစ်စေမည့် နည်းလမ်းများကို ကျင့်သုံးသင့်ကြောင်း အကြံပြုထားပြီး တူးဖော်မှုပြီးဆုံးပါက ထိုနေရာများတွင် သစ်တော ပြန်လည်ထူထောင်ရေးနှင့် ဂေဟစနစ်ပြန်လည်ပြုပြင်ရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်ရန်လည်း တိုက်တွန်းထားကြောင်း သိရသည်။


Ref : Sputnik News

Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# နယုန်နှင့်ကဆုန်

မောင်ခြိမ့်



ဇူလိုင် ၃၀ ရက်မှအဆက်

အမှန်တော့မူ ဖိုးနီက မကျင်ငွေကို သဘောကျသလို၊ မကျင်ငွေကလည်း ဖိုးနီကို နှစ်သက်နေသည်သာဖြစ်လေ၏။ ယနေ့သည် ဥပုသ်နေ့ဖြစ်၍ ဖိုးနီပိုက်ဆွဲမဆင်းဘဲနေလေ၏။ သီလယူချင်လွန်း၍တော့မဟုတ်၊ ဥပုသ်နေ့တိုင်း ရွာဦးဘုန်းကြီးကျောင်းတွင် အလှူရှိတတ်မြဲဖြစ်၏။ ထိုအလှူတွင် ရွာခံကာလသားသမီးတို့ အကျွေးအမွေးတာဝန်ယူကြရသည်မဟုတ်လော။ မကျင်ငွေလည်း ကျိန်းသေရှိရမည်မဟုတ်လော။

ထိုအခါ လက်ဖက်ခွက်ကမ်းရင်း ရေနွေးထည့်ရင်းမကျင်ငွေနှင့်တွေ့ဆုံခွင့်၊ မျက်လုံးချင်းစကားပြောခွင့်ရမည်မဟုတ်လော။ ထိုအကြံနှင့်ပင် ဆွမ်းစားဇရပ်ဘေးသို့ ပေစောင်းပေစောင်းနှင့် ချောင်းရင်းဖိုးနီတစ်ယောက် ရောက်ခဲ့လေ၏။ ထိုအခိုက် "ဖိုးနီရေအတော်ပဲလာလာ ပန်းကန်တွေ ကူဆေးပေးစမ်းပါအုံးဟယ်။ စောစောက ဆေးနေတဲ့ သေနာလေးတွေဘယ်အပျိုနားသွားပြီး ငေးတယ်မသိဘူး" ပြောပြောဆိုဆို ဖိုးနီ၏ လက်ကိုဆွဲ၍ ပန်းကန်ပုံနား အတင်းထိုင်ခိုင်းလေတော့၏။ ရွာ၏အပျိုခေါင်း မသောင်း၏စကားကို ဘယ်မှာပယ်ရှား၍ ဖြစ်နိုင်ပါမည်နည်း။ ရွာရှိ အပျိုလူပျိုတို့၏ ကံကြမ္မာသည် အပျိုခေါင်းလူပျိုခေါင်းတို့၏လက်ထဲတွင် တည်ရှိတတ်သည်မဟုတ်ပါလော။

ထိုကဲ့သို့ ဖိုးနီတစ်ယောက်၊ ယောင်နနနှင့် ပန်းကန်ဆေးနေခိုက် စားပြီးသား ပန်းကန်တစ်ထပ်ကြီးမ၍ လာနေသောမကျင်ငွေသည် ပန်းကန်ပုံကြီးနားတွင် ဖိုးနီကိုတွေ့လျှင် တွေခနဲတစ်ချက်ဖြစ်သွားပြီးမှ ပန်းကန်များကို ဘေးနားတွင် ချထားရင်း

"တစ်ယောက်တည်းဆေးနေရတာကိုး"ဟု ကရုဏာသက်ဟန်ဖြင့် ခပ်တိုးတိုးပြောလေလျှင် ဖိုးနီသည် ဘယ်ညာလှည့်၍ လူရှင်းမရှင်းကြည့်လိုက်ပြီး

"ဒီမှာ ဒီမှာ ခဏလေး"

မကျင်ငွေသည် မပြန်သေးဘဲ ဖိုးနီကို ပြုံးစိစိနှင့်ကြည့်နေသဖြင့် ဖိုးနီသည် အားတက်သွားကာ၊

"ကျုပ်လေ ကျုပ်...မကျင်ငွေကို...ဟို...ဟို" စကားကိုဆုံးအောင် မဆက်နိုင်ဘဲ တံတွေးကိုသာ မျိုချနေစဉ် "ဘာတွေပြောနေမှန်းလဲ မသိဘူး။ ကျုပ်ကိုကြိုက်ရင် အစ်မကိုလာပြောပေ့ါတော်" ပြောရင်း ဖိုးနီကို မျက်စောင်းတစ်ချက်ထိုးလိုက်ရာ ဖိုးနီသည် လှိုက်ခနဲဝမ်းသာသွားပြီး–

"ဒါဆို ကျုပ်ကို ချစ်...ချစ်တယ်ပေ့ါနော်"

ပြောပြောဆိုဆို မကျင်ငွေ၏ လက်ကလေးနှစ်ဖက်ကို ဆီတွေပေနေသော သူ့လက်ကြီးဖြင့် ဆတ်ခနဲ ကိုင်ရန်ပြင်လိုက်ရာ "သွား"ဟု တစ်ခွန်းတည်းပြောရင်း ဖိုးနီ၏ရင်ဘတ်ကြီးကို တွန်းပစ်လိုက်ရာ ပန်းကန်ပုံကြားထဲကို ဖင်ထိုင်လဲမိတော့၏။ ကွဲသည့် ပန်းကန်တို့လည်း ကွဲကုန်ကြတော့၏။

ထိုဥပုသ်နေ့က ဖင်ထိုင်လဲမိ၍ ပန်းကန်တို့ကွဲခဲ့ရသလို ဖိုးနီတည်ဆောက်ထားခဲ့ရသော မျှော်လင့်ချက်ဗိမာန်ကြီးသည်လည်း အစိတ်စိတ်ပြိုကွဲသွားခဲ့ရသော နေ့တစ်နေ့သည် ယခုလောက် မြန်မြန်ဆန်ဆန်ရောက်ရှိလာလိမ့်မည်ဟု ဘယ်တုန်းကမှ ထင်မထားမိခဲ့ပါပေ။

မကျင်ငွေ၏အစ်မဖြစ်သူ မတင်မေက ဖြစ်ကြောင်းကုန်စင် ဇာတ်ကြောင်းပြောပြပြီးသည့်နောက်–

"အဖြစ်အပျက်ကတော့ အဲဒါပဲဖိုးနီ။ မင်းပဲ ဆုံးဖြတ်ဖို့လိုတာပဲ။ မင်းတို့နှစ်ယောက်ရဲ့ ဘဝရှေ့ရေးဟာ မင်းရဲ့ အဆုံးအဖြတ်ပေါ်မှာပဲ မူတည်ပါတယ်။ အေး...ဆုံးဖြတ်ပြီးပြီဆိုရင်တော့ လူကြီးစုံရာခေါ်ပြီး လာတောင်းလှည့်ပေတော့" မတင်မေ၏ စကားဆုံးသွားသော်လည်း ပြောခဲ့ပြီးသောစကားသံတို့သည် အရပ်မျက်နှာပေါင်းစုံမှနေ၍ ဖိုးနီ၏ရင်ကို တံကျင်ဖြင့်ဆွ၏။ ချွန်မြသော လှံသွားတို့ဖြင့် ထိုးနှက်၏။ ဖိုးနီ၏အသည်းကို ဓားထက်ထက်နှင့် မွှန်းကာ ဆားပက်၍ နေကြဆဲဖြစ်တော့၏။

မျက်ထောင့်ကြီးများ နီလာအောင်။ မေးရိုးကြီးများ တင်းလာအောင်။ ပါးစပ်ထဲက သွားတွေကျိုးကြေမတတ်တကျွိကျွိမြည်အောင် အံကိုကျိတ်၏။ လက်သီးဆုပ်ထဲတွင် ပုရွက်ဆိတ်တစ်ကောင်ရှိလျှင်တောင် မှုန့်မှုန့်ကြေမတတ် လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်မိ၏။ ဖိုးနီ၏ ရင်သည် သရွတ်သွတ်မြစ်ရေပြင်ကို မုတ်သုံလေ ခပ်ကြမ်းကြမ်းတိုက်သဖြင့် လှိုင်းဘောင်ဘင်ခတ်သလို တဖျပ်ဖျပ်ခုန်၏။ တလှပ်လှပ်တုန်၏။ ဖိုးနီ၏ အသက်ရှူသံသည် ရွာလယ်ရှိ ဘကြီးဦးတင်၏ ပန်းပဲရုံကဖားဖိုကြီးလို တရှူးရှူး တရှဲရှဲမြည်လျက်ရှိ၏။

ဘေးနားတွင် ထိုင်နေသော မကျင်ငွေသည် မျက်ရည်တွေတွေကျလျက် ခေါင်းငုံ့နေ၏။ လက်ညှိုးကလေးနှင့် သင်ဖြူးဖျာကို ကုတ်ခြစ်၍နေ၏။ စကားတစ်ခွန်းမှတော့မဆို...

"အဲဒါတွေဟာ အမှန်တွေပဲလားဟင် မကျင်ငွေ" ယူကြုံးမရ ဆို့နင့်သောအသံကြီးဖြင့်မေး၏။ မကျင်ငွေသည် မလှုပ်၊ ကျောက်ရုပ်။ ခေါင်းငုံ့နေရင်း ငြိမ်သက်လျက်ပင်နေသည်။ သို့သော် သူ့အစ်မ၏ အမေးကိုတုံ့ပြန်မည့် ဖိုးနီ၏စကားကို သူ့ရင်ထဲက မျှော်လင့်နေမိပါ၏။ ဘုရားတ၍ သူဖြစ်စေချင်သည့်၊ သူပြောစေချင်သည့် စကားတွေကို ဖိုးနီထံမှ ထွက်ပေါ်လာပါစေဟု ကျိတ်၍ဆုတောင်းရင်း ရွှေရင်အုံတို့မလုံညှိုးနွမ်းစိတ်ဝမ်း ငယ်လျက်ရှိတော့၏။

ဟင်းခနဲ သက်ပြင်းတစ်ချက်ကို ချလိုက်ရင်း "ညနေကျရင် လူကြီးစုံရာနဲ့ လာခဲ့မယ်ဗျ" ဟု မတင်မေကိုပြောရင်း ဆတ်ခနဲထ၍ ဖိုးနီပြန်သွားလေသည်။ ထိုအခါ တစ်ချိန်လုံး ခေါင်းကိုငုံ့ကာ ဖျာကိုလက်သည်းဖြင့်ခြစ်ကာ ငြိမ်သက်နေခဲ့သော မကျင်ငွေက သူ့အစ်မကို မော်ကြည့်ရင်း မျက်ရည်တွေစီးကျလျက်နှင့် ပြုံးပြသည်။ မတင်မေက သူ့ညီမကို မဲ့ပြရင်း ဆေးပေ့ါလိပ်ကို ထောင်းထောင်းထအောင် ဖွာလေသည်။.

လက်ထပ်ပြီးသည့်နေ့မှစ၍ ဖိုးနီ၏ ယခင်က ခလေ့စရိုက်အမူအကျင့်တို့သည် ယခင်နှင့် လုံးဝခြားနားသွားခဲ့ပြီ။ ပိုက်ဆွဲဆင်းစရာရှိလျှင်ဆင်းသည်။ ကျန်အချိန်များတွင် အပြင်မထွက်တော့ အိမ်ထဲမှာပဲနေတော့သည်။ သူအလွန်ဝါသနာပါသော ရွာ၏အလယ် ခရေပင်ရိပ်ရှိ ခြင်းဝိုင်းသို့ပင် မသွားတော့။ ခြင်းခတ်ဖော်သူငယ်ချင်းများက လာခေါ်လျှင်တောင် အကြောင်းအမျိုးမျိုးပြ၍ သူမလိုက်တော့။ ကြာလာလျှင် ဖိုးနီကို သူငယ်ချင်းများကလည်း လာမခေါ်ကြတော့။

"အလကားကောင်ပါကွာ။ မိန်းမတစ်ယောက်ရတာများ ရွှေထုပ်ကြီးရထားတဲ့အတိုင်း အနားက တစ်စောင့်စောင့်နဲ့ ခွာကို မခွာနိုင်ဘူး"ဟူ၍ တစ်မျိုး။

"အရူးအမဲသား ကျွေးမိသလို ဖြစ်နေပြီ"ဟု ဆိုသူကဆို။

"မယားကြောက်ကို သွားခေါ်မနေကြနဲ့ဟေ့" ဟု တစ်နည်း။ ဖိုးနီကိုပြောကြသော်လည်း ဂရုမစိုက်နိုင်ပေ။

သူ ဂရုစိုက်သည်ကတော့ မကျင်ငွေ၏ ဗိုက်ကိုပင် ဖြစ်တော့၏။ မကျင်ငွေ ထိုင်နေလျှင်လည်းကောင်း၊ သွားနေလျှင်လည်းကောင်း၊ အိပ်နေလျှင်လည်းကောင်း ဂရုတစိုက် စောင့်ရှောက်လျက်ရှိနေတော့၏။ မကြာမကြာလည်း မေးတတ်သေးသည်။ "ဘယ်တော့ မွေးမှာလဲဟင်" ဆိုလျှင် မကျင်ငွေက ရှက်စနိုးနှင့်–

"အို...ဘယ်သိပ့ါမလဲ၊ အချိန်တန်တော့ သိရမှာပေ့ါ"ဟု ပြန်ပြောကာ သူ့လင် လူရိုးကြီးဖိုးနီကို ကရုဏာသက်သော မျက်လုံးများနှင့် ကြည့်လေ့ရှိ၏။

သို့နှင့်ပင် လက်ထပ်ပြီး သုံးလခန့်ကြာလျှင် မကျင်ငွေတစ်ယောက် ဆံစတွေ ခြောက်လာ၏။ နံနက်စောစောမကြာခဏ ပျို့တတ်အန်တတ်လာ၏။ ဖိုးနီအမေနှင့် တိုးတိုးတိုးတိုးလုပ်တတ်လာ၏။

ထိုအခါ ဖိုးနီ၏အမေက သူတို့ရွာ၏ မီးယပ်ပါရဂူလည်းဖြစ်၊ သားဖွားဆရာမလည်းဟုတ်သော အရပ်လက်သည် ဒေါ်ကြွေကို ခေါ်လေတော့၏။ "ဟဲ့...ဖိုးနီ နင့်မိန်းမဗိုက်ကြီးနေပြီ ဂရုစိုက်" ဟု ခပ်ပြတ်ပြတ်အမိန့်ပေးလေ၏။ ထိုသောအခါ ဖိုးနီတစ်ယောက်ရုပ်ရှင်တွေထဲမှာလို "ငါကွ"ဟုလည်း ကြွေးကြော်ခြင်းမပြု၊ "လူဖြစ်ပြီကွ" ဟုလည်း ထ၍မအော်၊ ဇနီးဖြစ်သူကိုလည်း ဝမ်းသာအားရ ပြေး၍ မဖက်ပေ...။

ဒေါ်ကြွေ့ကိုသာ တွေဝေသောမျက်လုံးကြီးများနှင့် စိုက်ကြည့်ရင်း ငြိမ်သက်လျက်ရှိနေရာ "ဒေါ်ကြွေက ဘယ်လိုဟာမှန်းမသိပါဘူးတော်"ဟု မှတ်ချက်ပြုရင်းပြန်သွားလေ၏။ သူတို့ တောရွာဓလေ့တွင် မိန်းမတစ်ယောက် ကလေးရှိပြီဆိုလျှင် ဗိုက်ကြီးသည်ဟုသာ ခေါ်တတ်ကြ၏။ ပတ္တမြားရွှေကြုတ်နှုတ်ငုံတော်ရင့်ပြီတို့၊ သန္ဓေခသည်တို့၊ ကိုယ်ဝန်ဆောင်သည်တို့ မသုံးစွဲတတ်ကြပါ။ ထို့ကြောင့် ရိုးရိုးပင် ဗိုက်ကြီးတာဟာ ဗိုက်ကြီးတာပဲ ဖြစ်တော့သည်။ ဘယ်လိုပင်ခေါ်ခေါ် အဓိပ္ပာယ်ကတော့ အတူတူသာပင်။ တောသူတောင်သားပီပီ ရိုးရိုးပင် တွေးတတ် ရိုးရိုးပင် ပြောတတ်ကြပါ၏။

ကိုးလလွယ် ဆယ်လဖွားဆိုသော စကားအတိုင်း သူ့အချိန်သူ့အခါစေ့၍ သူ့နေ့ရောက်လျှင် မကျင်ငွေတစ်ယောက်မွေးလေ၏။ မွေးတာမှ တစ်ယောက်တည်းမဟုတ်။ နှစ်ယောက်ပြူးကြီးဖြစ်၏။ တစ်နည်းဆိုသော် ယောကျ်ားကလေးအမြွှာမွေးခြင်းပေတည်း။

အိမ်ခြေငါးဆယ်ခန့်သာရှိသော သူတို့ရွာကလေးတွင် တစ်လနေလို့ တစ်ခါမဆိုထားနှင့် တစ်ခါတစ်ရံခြောက်လတစ်နှစ်နေလို့မှ တစ်ယောက်တလေသာမွေးလေ့ရှိရာ ဖိုးနီနှင့်မကျင်ငွေတို့က သားယောကျ်ားလေးအမြွှာမွေးသတဲ့ဟူသော သတင်းကြောင့် ပို၍စိတ်ဝင်စားကြသည်ဖြစ်လေရာ တောဓလေ့အတိုင်း လူနာမေး၊ ကလေးကြည့်ဧည့်သည်တွေများလှတော့၏။ မြေးဦး ယောကျ်ားလေးနှစ်ယောက်တောင်ရသော ဖိုးနီ၏ အဖေနှင့် အမေတို့မှာ မျက်စိမပွင့်အောင် တပြုံးပြုံးနှင့် ကုန်းကုန်းပြီး လာသမျှဧည့်သည်တွေအတွက် ရေနွေးကြိုရ၊ လက်ဖက်ကျွေးရနှင့် နားရသည်မရှိ။

သူတို့ဓလေ့အယူအစွဲအရ မီးနေခန်းယောကျ်ားမဝင်ရ။ ဝင်လျှင် ဘကြီးဘုန်းကြီး ထိုးပေးထားသော ဆေးတွေတန်ခိုးပြယ်တတ်တယ်ဟူသော စကားကြောင့် ဖိုးနီသည် ကိုယ့်မယားကိုယ့်သားကြည့်ချင်တာတောင်မှ လက်သည်ဒေါ်ကြွေ၏ မျက်စောင်းကိုကြောက်ရသဖြင့် တံခါးပေါက်အကွယ်ကနေ၍ ကလေးငိုသံကို နားစွင့်နေရတော့၏။

ယနေ့သည် ဥပုသ်နေ့ဖြစ်၏။ သို့အတွက် တစ်ရွာလုံးလိုလို လူကြီးပိုင်းက ဥပုသ်စောင့်သွားကြ၏။ ကလေးများက ဆွမ်းစားဇရပ်နားသွား၍ အလှူအတန်းက မုန့်ဝေကို စောင့်ကြ၏။ ထို့ကြောင့် အိမ်တွင် ဘယ်သူမှ မရှိ။

ထိုသို့ အခွင့်ကောင်းကို ချောင်းလျက်နေသော ဖိုးနီသည် မကျင်ငွေ၏ တစ်ပင်တိုင်မီးနေခန်းသို့ အသာလှမ်း၍ ဝင်တော့သည်။ တစောင်းလှဲ၍ အိပ်နေသော မကျင်ငွေ၏ရင်ခွင်တွင် နီနီတွေးတွေး၊ ပိုးတုံးလုံးကလေး

စာမျက်နှာ ၂၇ သို့ á

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၉၂၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၉၂၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၅၀၄၁၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၉၂၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ မြေပဲဧက ၅၀၄၁၀ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာတော့ ၆၉၂၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်အတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးကြင်းပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ငါးကြင်းပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက ငါးကြင်းပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဇူလိုင်လအတွင်း ငါးကြင်းပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချတဲ့ ငါးကြင်းတွေက လတ်ဆတ်ပြီး အရည်အသွေး ကောင်းပါတယ်။ ရန်ကုန်ဈေးကွက်က ငါးကြင်းတွေကို ပြီးခဲ့တဲ့လ ပထမပတ်လောက်တည်းက ဝယ်ယူမှုများပြားခဲ့တာဖြစ်ပါတယ်။ မအူပင်မြို့နယ်ကနေ ထွက်ရှိတဲ့ ငါးကြင်းတွေကို အခုလက်ရှိမှာလဲ ရန်ကုန်ဈေးကွက်က မှာယူမှုတွေရှိပါတယ်" ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိသည့် ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀ မှ ၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေထံမှ သိရသည်။ **ကျော်ကျော်လင်း**

ā စာမျက်နှာ ၂၆ မှအဆက်

နှစ်ကောင်ကဲ့သို့ မျက်လုံးပင် မပွင့်သေးသော သူ့သားနှစ်ယောက်ကို အသာကဲ၍ ကြည့်သည်။ နက်မှောင်သန်စွမ်း၍ ပိုးသားကလေးလို နူးညံ့နေသော ဆံပင်ကလေးများကို သူ့လက်ကြမ်းကြီးများနှင့် အသာအယာသပ်၍ပေးမိ၏။ ကလေးများက ငြိမ်သက်နေဆဲပင်။

ထိုအခါ ဖိုးနီရဲစိတ်ဝင်လာပြီး သားနှစ်ယောက်၏ သွေးကြောပြာပြာကလေးများထင်နေသော ပါးစုန့်နီနီကလေး နှစ်ဖက်ကို လက်ညှိုးနှင့် အသာတို့ထိကြည့်ရင်း ရင်တွင်းမှ ဖခင်၏မေတ္တာစိတ်တို့ တဖိတ်ဖိတ် ဝေလေတော့၏။

မီးနေခန်းဖြစ်၍ နန္ဒင်းစော်နံလှလေ၏။ တစ်ကိုယ်လုံး နန္ဒင်းတွေ ထိန်နေအောင် လူးထားသဖြင့် အဝါတုံးကြီးဖြစ်နေသော မကျင်ငွေက "ကိုဖိုးနီ ရှင်ဘာတွေ စဉ်းစားနေတာလဲဆိုတာ ကျုပ်သိတယ်" ဟု ရုတ်တရက်ပြောလေလျှင်...ဖိုးနီ လန့်၍ သွားလေသည်။

"ကျုပ်က အစကတည်းက ဖွင့်ပြောမယ်လို့ စိတ်ကူးထားတာ အစ်မကမပြောနဲ့အုံးဆိုလို့ ကြိတ်မှိတ်နေရတာ။ ရှင်က ရိုးလွန်းအလွန်းတာကိုး" ထိုစကားအဆုံးတွင် စောစောကကြည်နူးစိတ်တို့ ရိုပ်ခနဲပျောက်ကာ "ဘာပြောတယ် ကျုပ်က ရိုးတယ်အတယ်ဟုတ်လား။ အေးလေ ကျုပ်က အလို့လဲ မင်းကို..."ဟု ဆိုကာ စကားမဆက်ဘဲ တစ်ဖက်သို့လှည့်၏။

"အိုတော်...ရှင်ထင်ရာတွေ လျှောက်တွေးမနေနဲ့။ ကျုပ်စကားကိုလဲ ဆုံးအောင်နားထောင်စမ်းပါအုံး။ ကျုပ်က အစကတည်းက ရှင့်ကိုပဲ ကြိုက်ခဲ့တာပါ။ ဒါပေမဲ့ အစ်မက ကျုပ်ကိုပြောတယ်။ နင်က ရုပ်ကလေးကလဲလှ၊ လယ်ပိုင်ယာပိုင်ကလဲရှိဆိုတော့ တကယ်မချစ်ဘဲ ရုပ်ကိုမက်ပြီး၊ ပစ္စည်းကိုမက်ပြီး ကြံတဲ့လူနဲ့ တွေ့ရင် ဒုက္ခရောက်မယ်။ ဒီတော့ နင့်ကို တကယ်ရိုးရိုးသားသားချစ်တဲ့ လူကို ရှာ။ ငါပေးစားမယ်လို့ ပြောတယ်။ ဒီတော့ ကျုပ်က ကိုဖိုးနီကိုပဲ ချစ်တယ်။ သူ့ကိုပဲ ယူမယ်လို့ ပြောလိုက်တယ်။ ဒါဆိုအစ်မက သူ့အကဲစမ်းမယ်တဲ့ ငါပြောသလိုလုပ်ရမယ်ဆိုပြီး ကျုပ်ကိုသင်ပေးတယ်။ ဒါနဲ့ ကိုဖိုးနီကို အိမ်ခေါ်ပြီး ကျုပ်မှာ ခဲအိုနဲ့ရတဲ့ ကိုယ်ဝန်လေးလရှိနေပြီဆိုပြီး ညာပြောတာရှင့်သိရဲ့လား... အဲဒီနေ့က ကျုပ်ဖြင့်လေ ကိုဖိုးနီက ကျုပ်ကိုမယူနိုင်ပါဘူးဆိုပြီး ငြင်းလေမလားလို့ စိတ်ပူလိုက်ရတာတော်"

"ဒါဆို ကိုယ်ဝန်တကယ်ရှိခဲ့တာ မဟုတ်ဘူးပေါ့နော်" တုန်ရီလျက်ရှိသော အသံကြီးနှင့် မေးလေရာ

"ဒ့ါကြောင့် တော့်ကို လူရိုးလူအကြီးလို့ ပြောတော့လဲ မခံချင်ဘူး။ ကဲ ကျုပ်အပျိုဟုတ်တယ်။ မဟုတ်ဘူးဆိုတာ ရှင်မသိဘူးပဲထား။ ရှင်စဉ်းစားကြည့်စမ်း တော်နဲ့ ကျုပ်နဲ့မင်္ဂလာဆောင်တာ ဝါမဝင်ခင်က နယုန်လကလေ... အခုဝါကျွတ်ပြီးလို့ ကဆုန်လရောက်နေပြီတော်ရဲ့။ ကျုပ်တို့မင်္ဂလာဆောင်ပြီးလို့ ဆယ့်တစ်လကြာမှ အခုတော့ သားနှစ်ယောက်ကို မွေးတာလေ... အဲဒါတော့်သားတွေမဟုတ်လို့ ကျုပ်မပြောလိုက်ချင်ဘူးနော်"ဟု မျက်စောင်းထိုးကာ ပြောလေ၏။

ဖိုးနီသည် ခဏမျှငြိမ်၍ စဉ်းစားနေသေး၏။ ပြီးမှမျက်နှာက တဖြည်းဖြည်းပြုံး၍လာပြီး "ဟေး ငါကွ"ဟု အသံပြကြီးနှင့် ထ၍ အော်ကာ မကျင်ငွေကို သိမ်း၍ ဖက်လေ၏။

ထိုနေ့မှစ၍ ရွာလယ်ရှိခရေပင်ကြီး အရိပ်အောက်တွင် ခြင်းမင်းသား ဖိုးနီကို အမြဲတမ်းတွေ့နေရသောဟူ၏။

## တိုင်းပြည်ကောင်းကျိုး စုပေါင်းသယ်ပိုး

- မြန်မာပြည် မြန်မာသား
တစ်သုံးငါး ညီညီညာ၊
ကိုယ့်တိုင်းပြည် ကောင်းကျိုး
သယ်ပိုးကြပါ၊
မျိုးချစ်စိတ် ထက်သန်ကာ
ကိုယ့်မြေမဟာ ကာကွယ်ပေး၊
ဘိုးဘွားတွေ အမွေအနှစ်မို့
ချစ်ကြစို့လေး။

- အရေးကြုံ သွေးစည်းမနေး
မြန်မာ့သွေး ပြကြမယ်၊
ကိုယ့်နိုင်ငံ အန္တရာယ်ဘေး
ဆွေးနွေးကာကွယ်၊
လက်ချင်းဆက် ချစ်ကြိုးသွယ်
ကမ္ဘာ့အလယ် မြန်မာ့အား၊
ဘိုးဘွားတွေ အစဉ်အဆက်
ပြသက်သေများ။

- ခေတ်အညီ ညီနောင်ဖွား
ဘိုးဘွားတို့ ပိုင်သောမြေ၊
တို့မျိုးနွယ် တို့လက်ထက်
တိုးတက်ပါစေ၊
ကာယအားနှင့် ဉာဏစေ
တာဝန်တွေ ထမ်းဆောင်လို့၊
တို့တိုင်းပြည် ကောင်းကျိုး
အမျိုးတို့ရေ...
သယ်ပိုးကြစို့။ ။

ချစ်သက်(မြန်မာစာ)

# လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဩဂုတ် ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သော်မှော်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က သော်မှော်ကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများကို ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များထံသို့ ရန်ပုံငွေကျပ် ၄၃၆ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သော်မှော်ကုန်းကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သော်ဇင်ထူး**

# ယဉ်ယဉ်ကျေးကျေး လေးလေးစားစား စကားဆိုမယ် အို...လူငယ်

ဆူးသစ်

လွန်ခဲ့တဲ့ဆယ်နှစ်လောက်က အစ်ကိုကြီး မင်္ဂလာဆောင်မှာ တပ်မတော်က အရာရှိကြီး တစ်ဦးနဲ့ ကျွန်တော်စကားပြောခဲ့ဖူးပါတယ်။ အဲဒီ တုန်းက ကျွန်တော်က ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားဘဝပဲ ရှိပါသေးတယ်။ သူ့ကို စကား ပြောရတာရယ်၊ အမေတို့ဌာနက အကြီးအကဲရဲ့ အမျိုးသားဖြစ်နေတာရယ်ကြောင့် ကျွန်တော် ရိုရို ကျိုးကျိုး လေးလေးစားစားပြောဖြစ်ပါတယ်။

ဒီမှာပဲ ကျွန်တော်သတိထားမိတာက သူ့ရဲ့တုံ့ပြန် မှုပါပဲ။ တကယ်တော့ သူဟာ တပ်မတော်က အရာရှိ ကြီးတစ်ဦးလဲဖြစ်တဲ့အပြင် ကျွန်တော်တို့ထက် အသက်များစွာကြီးသူပါ။ သူနဲ့ယှဉ်လိုက်ရင်ကျွန်တော် ဟာ လေးလေးစားစားစကားပြောမဲ့ အနေအထား ထဲမှာမပါသေးဘူးထင်ထားတာ။ အဲဒီလို အခြေအနေ မှာ သူက ကျွန်တော့်ကို နာမည်ရှေ့က "ကို"တပ် ခေါ်ပြီးပြောသလို သူ့ကိုယ်သူလဲ "ကျွန်တော်"၊ "ကျွန်တော်"လို့သုံးပြီး ပြောသွားတာ ကျွန်တော်ဖြင့် နားထောင်ရင်း ရှိုးတိုးရှန့်တန့်တောင်ဖြစ်မိပါရဲ့။

ဒီနေရာမှာ ကျွန်တော်နားလည်လိုက်တာက သူ့ရဲ့အပြုအမူဟာ သူလက်ရှိရောက်နေတဲ့ နေရာရဲ့ ဂုဏ်ဒြပ်ကိုဖော်ညွှန်းနေတယ်ဆိုတာပါပဲ။ ကျွန်တော့် စိတ်ထဲမှာ ကျိတ်ပြီးလေးစားခဲ့ရတဲ့ ဒီပုဂ္ဂိုလ်ကြီးဟာ ခုတော့လဲ လွန်ခဲ့တဲ့ဆယ်နှစ်ကထက် ပိုမြင့်တဲ့ရာထူး ကြီးတစ်ခုမှာ တာဝန်ထမ်းဆောင်ပြီး အငြိမ်းစား ယူသွားပါပြီ။ တကယ်တော့ ကျွန်တော်ဟာ ဒီပုဂ္ဂိုလ် ကြီးနဲ့မတွေ့ခင်ကတည်းက အပြောအဆိုရိုင်းတဲ့ လူတစ်ယောက်တော့မဟုတ်ခဲ့ပါဘူး။ ကိုယ်နဲ့ သက်တူရွယ်တူတွေ၊ ရင်းနှီးတဲ့သူတွေလို "ကျွန်တော်"၊ "ခင်ဗျား"၊ "မင်း"၊ "ငါ"လို့သုံးပေမဲ့ ကိုယ့်ထက်တစ်နှစ်၊ နှစ်နှစ်ပဲငယ်အုံး "ကို"တပ်ခေါ်ပြီး ကိုယ့်ကိုယ်ကိုယ် "ကျွန်တော်"လို့ နာမ်စားသုံးခဲ့သူပါ။ ခုထက်ထိလဲ ကိုယ့်ထက်ငယ်သူတွေကို "ကို"တပ်ခေါ် ပြီး တော်တော်ရင်းနှီးသွားမှ နာမည်ရင်းခေါ်ပြီး စကားပြောတာပါ။ ရှေ့ကပြောခဲ့တဲ့ပုဂ္ဂိုလ်မျိုးနဲ့ တွေ့လိုက်တော့မှ ကိုယ့်အပြောအဆိုက ဘာဟုတ် သေးလဲလို့တောင် တွေးမိပါသေးတယ်။

အဲဒီလိုတွေးနေတဲ့ကာလတွေကျော်လို့ လက်ရှိ အချိန်ရောက်လာတော့မှ ကျွန်တော်နဲ့ ခင်တဲ့လူငယ် တွေကိုပေါင်းသင်းရင်း ဖြတ်သန်းကြည့်တဲ့အခါ အံ့ဩစရာပါပဲ။ အချို့လူငယ်တွေက ရိုသေလေးစားမှု တို့၊ ယဉ်ကျေးမှုတို့ဆိုတာတွေကို နားလည်သလောက် တချို့ကတော့ ဘာမှန်းကိုမသိသေးတဲ့ပုံစံတွေ တွေ့နေရတယ်။ ဥပမာပြောရရင် ညီလေးနဲ့တစ်တန်း တည်းတက်ခဲ့တဲ့သူငယ်ချင်းတွေထဲက တစ်ယောက် ဆို ကျွန်တော့်ကို "ခင်ဗျား"၊ "ခင်ဗျား"နဲ့ စသိသိချင်း မှာပြောတော့ သူ့စကားနားထောင်ရတာ ဘယ်လိုမှ ခံစားလို့မရပါဘူး။တစ်ခုတော့ရှိတာပေါ့။ ကျွန်တော် က နဂိုကတည်းကကိုယ့်ထက်ကြီးတဲ့သူကို "ခင်ဗျား" လို့သုံးပြီး ရိုင်းရိုင်းပြောတတ်တဲ့သူဆိုရင်တော့ တစ်မျိုးပေါ့။ ခုဟာက ကိုယ်ကိုယ်တိုင်က အပြန် အလှန်လေးစားမှုဆိုတာကို တန်ဖိုးထားတော့ ပိုဆိုး တော့တာပေါ့။

ကျွန်တော်နဲ့ ညီလေးကြားမှာ အသက်ခြောက် နှစ်လောက်ကွာပါတယ်။ ညီလေးသူငယ်ချင်းက ညီလေးထက် တစ်နှစ်ပဲကြီးပါအုံး။ ကျွန်တော်နဲ့ ငါးနှစ်ကွာတယ်။ ဒီလိုအသက်ကွာဟမှုရှိတဲ့လူချင်း ကြားမှာကျွန်တော့်ကို "အစ်ကို"မခေါ်တောင် နာမည် ကို "ကို"တပ်ခေါ်ရလောက်အောင် ရိုသေမှုမရှိတော့ ဘူးလား။ ညီလေးရဲ့ အခြားသူငယ်ချင်းတွေက ကျွန်တော့်ကို ကိုကြီး၊ အစ်ကိုစသဖြင့်ခေါ်ကြသူတွေ ရှိပေမဲ့ သူက အဲဒီလိုမခေါ်ဘူးဆိုတော့ သူနဲ့ကျန်တဲ့ သူတွေကြားမှာ ကွာဟချက်တွေရှိနေပြီပေါ့။

ကျွန်တော်က "အစ်ကို"ဆိုတဲ့ စကားတစ်ခွန်း အခေါ်ခံရဖို့ ကြိုးစားတာမဟုတ်ဘူးဆိုတာတော့ နားလည်စေချင်တယ်။ ကျွန်တော့်စိတ်မှာ တကယ် လိုချင်တာက ညီလေးတို့အရွယ်လူငယ်တွေရဲ့ အပြန် အလှန်လေးစားတတ်မှုပါ။

အပြောအဆိုဟာ ဘယ်လောက်အရေးပါသလဲ ဆိုတာ စီးပွားရေးလုပ်ငန်းတွေမှာ ပိုသိသာပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်အခုဖတ်နေတဲ့ "Customer Service For Dummies"ဆိုတဲ့စာအုပ်မှာ ဖုန်းပြောတာနဲ့ပတ်သက်ပြီး ဒီလိုတောင် ဆိုထား ပါသေးတယ်။

**❖ အပြန်အလှန်လေးစားမှုဆိုတာ လူ့ယဉ်ကျေးမှုထွန်းကားတဲ့ နေရာတိုင်းမှာ တကယ့်ကို လိုအပ်တဲ့အရာပါ။ လူကိုမြင်နေရလို့ အချင်းချင်းလေးစားမှုရှိသလို မမြင်ရတဲ့ဖုန်းတစ်ဖက်က လူကိုလဲ လေးစားတတ်ကြဖို့လိုပါတယ်။ ကျွန်တော့်မိတ်ဆွေ မန်နေဂျာကြီး ပြောခဲ့သလို ဖုန်းပြောတာကုမ္ပဏီရဲ့ပုံရိပ်ဆိုရင် လူငယ်တွေပြော တဲ့စကားဟာ နိုင်ငံရဲ့ပုံရိပ်ဖြစ်ပါလိမ့်မယ်။ မြန်မာပြည်မှာမွေးတဲ့ လူငယ်တွေဟာ မြန်မာ့ပုံရိပ်ကိုဖော်ဖို့ ယဉ်ယဉ်ကျေးကျေး လေးလေး စားစား စကားဆိုဖို့တော့လိုပါတယ်။ ❖**

**"၁။ Customer တစ်ယောက် ဖုန်းကနေရတဲ့ သတင်းအချက်အလက်တွေရဲ့ ၈၆ ရာခိုင်နှုန်းဟာ သင့်ရဲ့အသံကနေ ရတာပါ။ အသံထိန်းတာ၊ အသံ ဖြတ်တာ၊ အသံအနိမ့်အမြင့်တွေကိုသုံးတာဟာ သင့် အတွက် လူအထင်ကြီးလေးစားတဲ့ ဖုန်းပြောသံတစ်ခု ရစေနိုင်ပါတယ်။**

**၂။ ဖုန်းနဲ့ဆိုင်တဲ့ လောကဝတ်ဟာ ဖုန်းပေါ်က သင့်ရဲ့ဝန်ဆောင်မှုကို ပြုလုပ်ပေးနိုင်သလို ပျက်စီးလဲ ပျက်စီးစေနိုင်ပါတယ်။ ဖုန်းကိုပြန်ဖြေဖို့ ဘယ်လို ဖြေရမယ်ဆိုတာအတွက် သင့်လျော်တဲ့ ဖုန်းကျင့် ဝတ်ကိုသိတာ၊ ဖုန်းကိုခေါ်သူက ဆက်ကိုင်ထားဖို့၊ ဖုန်းလွှဲဖို့အတွက်ဆိုတာတွေဟာ သင့်ကို ကစားနည်း တစ်ခုမှာ အမြဲရှေ့ရောက်နေစေတာမျိုးပဲ။**

**၃။ သင့်ရဲ့ဖုန်းပြောသံ တိုးတက်ဖို့အတွက် ကောင်းတဲ့နည်းလမ်းတစ်ခုကတော့ ဖုန်းပြောနေစဉ် မှာ အသံသွင်းယူထားဖို့နဲ့ ပြီးရင်ပြန်နားထောင်ဖို့ပဲ ဖြစ်ပါတယ်**"လို့ ဆိုထားပါတယ်။

ဒါဟာ လုပ်ငန်းလုပ်တဲ့အခါ စီးပွားရေးမှာ တကယ်လိုအပ်တဲ့အချက်တွေလို့ ထောက်ပြထား တာပါ။ ဒီအချက်ကိုကြည့်ပြီး ကိုယ်မမြင်ရတဲ့ လူတစ်ယောက်ကို တုံ့ပြန်တာဟာ ဘယ်လောက် အရေးပါလဲဆိုတာ သုံးသပ်လို့ရပါတယ်။ ကျွန်တော် ကြုံဖူးတဲ့ အချို့လူငယ်တွေအတွက်တော့ ဒါဟာ လေ့လာသင့်တဲ့အရာတစ်ခုပါပဲ။ ကျွန်တော်နဲ့ဖုန်း ပြောတဲ့အခါ သူတို့ထက်ကြီးမှန်းသိတဲ့ကျွန်တော့်ကို စကားပြောတာ"ဟုတ်ကဲ့"လို့မပြောဘဲ "တအင်း အင်း"နဲ့ပြောတတ်တာတွေ၊ တစ်ဖက်မှာ အစည်း အဝေးရှိတာကို ရှိတယ်မပြောဘဲ ဖုန်းထဲကနေ ဒေါသ ပါတဲ့လေသံနဲ့ပြောတတ်တာတွေ ကျွန်တော်ကြုံဖူး ပါတယ်။ သူတို့ကို နားမလည်အောင်ဖြစ်ရပြီး ကျွန်တော်စိတ်မကောင်းဖြစ်ရတာလဲ အကြိမ်ကြိမ် ပါပဲ။ အံ့ဩဖို့ကောင်းတာက သူတို့ဟာအဲဒါကိုမှားမှန်း မသိကြတာပါပဲ။

လောကနီတိထဲမှာပြောထားတဲ့ "အမိမြတ်သော သူအား ကောင်းသောစကားရှိ၏။ အဖမြတ်သော သူအား ကောင်းသောကိုယ်အကျင့်အမူအရာရှိ၏" ဆိုတာမျိုးသိလားလို့မေးပြန်ရင်လဲ ဘာတွေလာပြော နေတာလဲလို့ အမေးခံရနိုင်သေးတာ ကျွန်တော် စဉ်းစားမိတယ်။ ခေတ်ပညာတတ်တစ်ယောက်ဟာ လောကဝတ်တွေကိုသိသင့်လား၊ မသိသင့်ဘူးလား ဆိုတာတွေ၊ အချို့လူတွေ ကိုယ့်ဘာသာယဉ်ကျေးနေ တာဘာကြောင့်လဲဆိုတာတွေဟာ ကျွန်တော့်ခေါင်း ထဲမှာ နောက်ဆက်တွဲပေါ်လာတဲ့ မေးခွန်းတွေပါပဲ။

ကျွန်တော်နဲ့ခင်တဲ့ Human Resources(H.R) မန်နေဂျာတစ်ဦးက ပြောဖူးပါတယ်။ "ဖုန်းပြောတဲ့ စကားသံဟာ ကုမ္ပဏီရဲ့ပုံရိပ်ပဲ"တဲ့။ ဖုန်းပြောတဲ့အခါ တစ်ဖက်လူကိုမမြင်ရဘဲပြောရတာ လေးစားမှုပေးဖို့ လိုတဲ့အကြောင်း၊ တစ်ဖက်လူကို ဒေါသသံနဲ့ပြော တာမျိုးဟာ မလုပ်သင့်တဲ့အကြောင်း၊ အထူးသဖြင့် လူငယ်တွေ ပိုဂရုပြုသင့်ကြောင်း၊ ကျွန်တော့်ထက် အသက်ကြီးတဲ့ အဲဒီ H.R မန်နေဂျာကြီးကို ကျွန်တော် ပြောပြရင်း သူပြန်ပြောသွားတဲ့စကားပါ။ သူက ကုမ္ပဏီကြီးတစ်ခုကပဲလေ။ ပြီးတော့ သူဆက်ပြော တာလေးရှိသေးတယ်။ "ကျွန်တော်တို့ကုမ္ပဏီတင် မက အချို့ကုမ္ပဏီတွေမှာ ဖုန်းပြောနည်းသင်တန်း ပေးတာမျိုးတွေရှိတယ်"တဲ့။

တကယ်တော့ ဖုန်းပြောနည်းဆိုတာ စကားပြော နည်းပါ။ စကားပြောတတ်ပြီး ယဉ်ယဉ်ကျေးကျေး စကားတကယ်မပြောတတ်တဲ့ လူငယ်တွေရှိနေလို့လဲ ဖုန်းပြောနည်းသင်တန်းဆိုတာ ရှိလာရတာထင်ပါ ရဲ့။ စဉ်းစားကြည့်ရင်တော့ စိတ်မကောင်းစရာပါပဲ။ ကျွန်တော်တို့ရုံးမှာတောင် ကျွန်တော့်ဆီ ဖုန်းလာလို့ ဖုန်းပြောရင် တစ်ဖက်ကလူဟာ ကိုယ့်ထက် ရာထူး ကြီးငယ်မဟူ မည်သူမဆိုဖြစ်နိုင်တာမို့ "ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ"ဆိုတာကနေ ကျွန်တော်က စထူး တတ်ပါတယ်။ ဒါဟာ ကိုယ်မမြင်ရတဲ့ တစ်ဖက်က လူကို လေးစားမှုပေးလိုက်တာပါ။ တစ်ဖက်ကလူဟာ ငယ်ချင်ငယ်မယ်၊ ကြီးချင်ကြီးမယ်၊ ရာထူးမြင့်ချင် မြင့်မယ်၊ နိမ့်ချင်နိမ့်မယ်၊ သေချာတာက ကျွန်တော် တို့ဟာ ဖုန်းနဲ့စကားပြောတာဖြစ်တဲ့အတွက် ကိုယ့် ဘက်က ယဉ်ကျေးနေဖို့လိုတယ်ဆိုတာ မမေ့ပါနဲ့။ ကုန်ကုန်ပြောရရင် သူရိုင်းနေတာတောင်မှ ကိုယ်က ယဉ်ကျေးပေးလိုက်ပါ။ ကိုယ်ရပ်တည်ရတဲ့ အလုပ် ပတ်ဝန်းကျင်နဲ့ ကိုယ့်မိသားစုရဲ့ဂုဏ်သိက္ခာ ကိုယ့် ကြောင့် ပိုပြီးတက်ရတယ်။

စကားပြောတာယဉ်ကျေးဖို့အတွက် ဆရာဝန် တစ်ယောက်ရဲ့အယူအဆ(အကျင့်)ကိုလဲ ကြုံတုန်း ကျွန်တော်ပြောပြပါအုံးမယ်။ သူက ကျွန်တော်နဲ့ ရင်းနှီးတဲ့ စာရေးဆရာမ ဒေါက်တာလမင်းပါ။ သူက သူထုတ်တဲ့စာအုပ်လေးတွေ ကျွန်တော့်ကို လက် ဆောင်ပေးတတ်ပါတယ်။ သူ့စာအုပ် **"ဆရာဝန် တစ်ယောက်နှင့်ကမောက်ကမများစွာ"** စာအုပ်ထဲ က စာတစ်ပုဒ်မှာ သူ့လူနာတွေကို "မောင်"၊ "မ" တပ်ပြီးခေါ်ခဲ့ပုံ၊ "ဦး"၊ "ဒေါ်"၊ "ကို"၊ "မ"လိုရင် လိုသလိုခေါ်ခဲ့ပုံ၊ သူ့အကျင့်နဲ့ပတ်သက်လို့ရေးထား တာ ကျွန်တော်ဖတ်ရတယ်။ ဆရာဝန်တစ်ယောက် အနေနဲ့ သူ့ထက်ငယ်တဲ့လူနာတွေအပေါ် ထားရှိတဲ့ သဘောထားတွေက လေးစားစရာပါ။

စဉ်းစားကြည့်ပါ။ ကျွန်တော်တို့ထက်ကြီးတဲ့ လူကြီးတွေက ကျွန်တော်တို့ကို လေးစားမှုပေးနိုင်ကြ ပါတယ်။ ကျွန်တော်တို့က လူငယ်တွေကို လေးစားမှု ပေးနိုင်ပါတယ်။ ဒါဖြင့် လူငယ်တွေကရော ဘာဖြစ်လို့ လေးစားမှုမပေးနိုင်ကြရပါသလဲ။ "ကန်တော့နော်"လို့ မရှိမသေရာကျရင် ပြောတတ်တဲ့စကားတစ်ခွန်း ရှားပါးသွားတဲ့ခေတ်ကြီးထဲမှာ "ဆောရီး"တောင် ကြားချင်မှကြားရတတ်တာ ထုံးစံတစ်ခုလိုဖြစ်လာ ပြီလား။ ဒါဆိုရင်တော့ မဟုတ်သေးဘူး။

ကျွန်တော့်ထက် ရာထူးကော အသက်ပါကြီးမြင့် တဲ့ပုဂ္ဂိုလ်ကြီးတစ်ဦးက ကျွန်တော့်နာမည်ရှေ့မှာ "ကို"တပ်ခေါ်ပြီး သူ့ကိုယ်သူ"ကျွန်တော်"လို့ သုံး သွားဖူးပါတယ်။ သူ့စကားတွေကြောင့် နားထောင်ရ တဲ့ ကျွန်တော်အဖို့ သူ့စကားတစ်ခွန်းကြားတိုင်း နေရထိုင်ရခက်ခဲဖူးပါတယ်။ ကျွန်တော့်မိတ်ဆွေ ဆရာဝန်က သူ့လူနာတွေကို လေးလေးစားစား ဆက်ဆံရင်း ကို၊ မောင်၊ မ၊ ဦး၊ ဒေါ် အရွယ်အလိုက် တပ်ခေါ်ပါတယ်။ သူ့လူနာတွေရဲ့ချစ်ခင်လေးစားမှု မရမှာကို ဘာမှတွေးပူစရာတောင်မရှိပါဘူး။

ကျွန်တော်လဲ ကိုယ့်ထက်ငယ်တဲ့သူ၊ ရွယ်တူ၊ လူကြီးအားလုံးကိုလေးလေးစားစားဆက်ဆံပြောဆို ခဲ့ဖူးပါတယ်။ ရွယ်တူတွေနဲ့လူကြီးတွေဆီက အပြန် အလှန်လေးစားမှုတွေရခဲ့ပေမဲ့ ကိုယ့်ထက်ငယ်တဲ့ လူငယ်တချို့ဆီမှာ မယဉ်ကျေးတဲ့စကားပြောဆိုမှု တွေကတော့ ကျွန်တော့်ရင်ကို ပွန်းရှစေခဲ့ပါတယ်။

"ယဉ်ကျေးမှု"ဆိုတာ "သိမ်မွေ့ပြေပြစ်သော တတ်သိ လိမ္မာမှု၊ တိုးတက်ထွန်းကားလာသော လူမှု အဆင့်အတန်း၊ အစဉ်အလာအားဖြင့် ထိန်းသိမ်းတည် ရှိလာသောဓလေ့ထုံးတမ်း"လို့ မြန်မာအဘိဓာန်မှာ အဓိပ္ပာယ်ဖွင့်ထားပါတယ်။ စစ်မှန်တဲ့လူ့အသိုင်းအဝိုင်း ကယဉ်ကျေးမှုဆိုတာကို နားလည်လက်ခံကြပါတယ်။

တကယ်တော့ အပြန်အလှန်လေးစားမှုဆိုတာ လူ့ယဉ်ကျေးမှုထွန်းကားတဲ့ နေရာတိုင်းမှာ တကယ့် ကို လိုအပ်တဲ့အရာပါ။ လူကိုမြင်နေရလို့ အချင်းချင်း လေးစားမှုရှိသလို မမြင်ရတဲ့ဖုန်းတစ်ဖက်က လူကို လဲ လေးစားတတ်ကြဖို့လိုပါတယ်။

ကျွန်တော့်မိတ်ဆွေ မန်နေဂျာကြီးပြောခဲ့သလို ဖုန်းပြောတာ ကုမ္ပဏီရဲ့ပုံရိပ်ဆိုရင် လူငယ်တွေပြော တဲ့စကားဟာ နိုင်ငံရဲ့ပုံရိပ်ဖြစ်ပါလိမ့်မယ်။ မြန်မာ ပြည်မှာမွေးတဲ့ လူငယ်တွေဟာ မြန်မာ့ပုံရိပ်ကိုဖော် ဖို့ ယဉ်ယဉ်ကျေးကျေး လေးလေးစားစား စကားဆို ဖို့တော့ လိုပါတယ်။ မြန်မာလူမျိုးဆိုတာ စကားနဲ့ အမူအရာရိုင်းစိုင်းတဲ့လူတွေမဟုတ်ဘဲ ယဉ်ကျေးတဲ့ လူတွေဖြစ်တယ်ဆိုတာ ကမ္ဘာကသိပြီးပြီမို့ ညီလေး တို့လက်ထက်ကျမှ မြန်မာတွေရဲ့ **"ယဉ်ကျေးမှု"**ကို ချိုးမပစ်ဖို့ လက်တို့လိုက်ပါရစေ။

**(ဆူးသစ်၏ ၂၀၁၁ ခုနှစ်ထုတ် အဝေးရောက် ထွန်းတောက်မြန်မာနှင့် ညီလေးဖတ်ဖို့ရေးတဲ့စာအုပ် မှ ဖော်ပြပါသည်။)**

# ချစ်စရာ့အရွယ် စာဖတ်မယ်

## တန်ပြန်ကျေးဇူး

မင်္ဂလာပါ သားတို့သမီးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်လေးရဲ့နာမည်ကတော့ "**တန်ပြန်ကျေးဇူး**"ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

တစ်ခါတုန်းက ရွာတစ်ရွာမှာ မောင်ချမ်းသာလို့ခေါ်တဲ့ လူငယ်ကလေးတစ်ယောက်ရှိသတဲ့ကွယ်။ မောင်ချမ်းသာကလေးဟာ နာမည်ကသာ မောင်ချမ်းသာလို့ခေါ်ပေမဲ့ လူကတော့ဆင်းရဲရှာသတဲ့ကွယ်။ လူဆင်းရဲပေမဲ့ မောင်ချမ်းသာကလေးဟာ ရသမျှအလုပ်တွေရှာဖွေလုပ်ကိုင်ပြီး မိခင်အိုကြီးကို ပြုစုလုပ်ကျွေးနေတဲ့ သားလိမ္မာကလေးတစ်ယောက်ပေါ့ကွယ်။ တစ်နေ့တစ်နေ့ မောင်ချမ်းသာကလေးဟာ ရွာထဲကအိမ်တွေမှာ နွားကျောင်း၊ မြက်ရိတ်နဲ့ အခြားအလုပ်လေးတွေကို လုပ်ကိုင်ပေးရင်း ပင်ပန်းကြီးစွာနဲ့ အသက်မွေးဝမ်းကျောင်းနေရရှာသတဲ့ကွယ်။ ရွာထဲကအိမ်တွေမှာ အလုပ်မရှိတဲ့ရက်တွေဆို မောင်ချမ်းသာကလေးဟာ တောထဲသွားပြီးထင်းခုတ်သတဲ့ကွယ်။ မောင်ချမ်းသာကလေးဟာ တောထဲကထင်းတွေကို ခုတ်ပြီး ရွာထဲမှာပြန်ရောင်းကာ ရသမျှပိုက်ဆံလေးတွေကို တစ်ဝက်သုံးပြီး တစ်ဝက်ကို စုထားခဲ့သတဲ့ကွယ်။ မောင်ချမ်းသာကလေးဟာ မနက်တိုင်း သူအလုပ်သွားခါနီးပြီဆိုရင် ဘုရားရှိခိုးပြီး မိခင်အိုကြီးကိုပါ ကန်တော့ပြီးမှ အမြဲအလုပ်သွားသတဲ့ကွယ်။

"အမေ ကျွန်တော်အလုပ်သွားတော့မယ်။ အမေ ဗိုက်ဆာရင်စားဖို့ ခူးခပ်ပြင်ဆင်ထားခဲ့ပြီနော်"

"အေးပါ သားရယ်၊ မိဘအပေါ်ရိုသေသိတတ်တဲ့ သားလေး ဘေးအန္တရာယ်ကင်းပါစေ၊ ကျန်းမာချမ်းသာပါစေ"လို့ မိခင်အိုကြီးက ဆုပေးလိုက်သတဲ့ကွယ်။ မောင်ချမ်းသာကလေးဟာ မိခင်အိုကြီးကို ရှိခိုးကန်တော့ပြီး ထင်းခုတ်ဖို့ တောထဲထွက်လာခဲ့သတဲ့ကွယ်။ ဒီလိုနဲ့ မောင်ချမ်းသာကလေးဟာ တောထဲရောက်တာနဲ့ တောစောင့်နတ်၊ တောင်စောင့်နတ်တွေကို သူပါလာတဲ့ ထမင်းထုပ်ကလေးနဲ့ ပူဇော်ပသလိုက်သတဲ့ကွယ်။ မောင်ချမ်းသာကလေးဟာ တောထဲမှာ သစ်ပင်တွေခုတ်ပြီး ထင်းလုပ်ရောင်းရပေမဲ့ သူခုတ်ရမဲ့သစ်ပင်မှာ ငှက်နဲ့အခြား တိရစ္ဆာန်လေးတွေရဲ့ အသိုက်အမြုံလေးတွေရှိနေရင် မခုတ်ဘဲထားခဲ့သတဲ့ကွယ်။ ဒါကြောင့်မို့ တောထဲက တိရစ္ဆာန်လေးတွေကလဲ မောင်ချမ်းသာကလေးရဲ့ကြင်နာတတ်တဲ့ စိတ်ထားကလေးကို သိပြီး မောင်ချမ်းသာကလေးအပေါ် ရန်မပြုကြဘူးတဲ့ကွယ်။

ဒီလိုနဲ့တစ်နေ့မှာတော့ မောင်ချမ်းသာကလေး ထင်းခုတ်နေတဲ့အနားကို မောင်ဖြိုးဆိုတဲ့ ထင်းခုတ်သမားတစ်ယောက် ရောက်လာခဲ့သတဲ့ကွယ်။ မောင်ချမ်းသာကလေးနဲ့မောင်ဖြိုးဟာ တစ်ရွာတည်းသားချင်းတွေဖြစ်ပေမဲ့ သိပ်မရင်းနှီးကြဘူးတဲ့ကွယ်။ ပြီးတော့ မောင်ဖြိုးဟာ မောင်ချမ်းသာကလေးရဲ့ အလုပ်တွေအဆင်ပြေနေတာကို မြင်တွေ့နေရတော့ မနာလိုစိတ်လဲ ထားနေခဲ့တာပေါ့ကွယ်။ မောင်ဖြိုး အနားရောက်လာတာကို မောင်ချမ်းသာကလေးက နှုတ်ဆက်စကားပြောပေမဲ့ မောင်ဖြိုးဟာ ဘာမှပြန်မပြောဘဲ သစ်ကိုင်းတွေကိုသာ ဆက်ခုတ်နေသတဲ့ကွယ်။ မောင်ဖြိုးက သစ်ကိုင်းတွေခုတ်နေလို့ သူခေါ်တာကို မကြားတာဘဲလို့ မောင်ချမ်းသာကလေးကတွေးပြီး ထပ်မခေါ်တော့ဘဲ နေလိုက်သတဲ့ကွယ်။



ဒီလိုနဲ့ မောင်ဖြိုးဟာ မောင်ချမ်းသာကလေးထက် ထင်းတွေအများကြီးရအောင် ခုတ်မယ်လို့တွေးရင်း မောင်ချမ်းသာကလေးရဲ့ နှုတ်ဆက်စကားကို မကြားဟန်ဆောင်နေခဲ့တာပေါ့ကွယ်။ မောင်ချမ်းသာကလေး ထင်းတွေအများကြီးရသွားမှာကို မနာလိုတဲ့မောင်ဖြိုးဟာ သူ့ရဲ့ရှေ့မှာ တွေ့သမျှသစ်ပင်တွေ အကုန်လုံးကို ခုတ်မယ်လို့လဲ ကြံစည်ထားခဲ့သတဲ့။ ဒီလိုနဲ့ မောင်ဖြိုးဟာ ချောင်းကမ်းနံဘေးကငှက်သိုက်ကလေးတွေအများကြီးရှိနေတဲ့ သစ်ပင်တစ်ပင်ကို ခုတ်ဖို့ပြင်နေတာကို မောင်ချမ်းသာကလေးက မြင်လိုက်သတဲ့ကွယ်။ အဲဒီအခါ မောင်ချမ်းသာကလေးက " အဲဒီသစ်ပင်မှာ ငှက်အသိုက်လေးတွေနဲ့ အခြားအပင်ကို ခုတ်ပါလား ကိုဖြိုး"လို့ ပြောလိုက်သတဲ့ကွယ်။ ဒါပေမဲ့ မောင်ဖြိုးဟာ "ငါ့ဘာသာ ခုတ်ချင်တဲ့အပင်ခုတ်မယ် ဘာဖြစ်လဲ"လို့ မချေမင်ပြန်ပြောသတဲ့ကွယ်။ မောင်ဖြိုးက မချေမင်ပြန်ပြောတာကိုကြားပေမဲ့ မောင်ချမ်းသာကလေးဟာ စိတ်မဆိုးဘဲ "ကျွန်တော်ခုတ်ထားတဲ့ ထင်းတွေကို ကိုဖြိုးယူလိုက်ပါဗျာ။ ဒီအပင်တော့ မခုတ်ပါနဲ့"လို့ ပြောလိုက်သတဲ့ကွယ်။ မောင်ချမ်းသာကလေးအပေါ် မနာလိုစိတ်များနေတဲ့ မောင်ဖြိုးဟာ ဝမ်းသာအားရနဲ့ခေါင်းညိတ်ပြီး မောင်ချမ်းသာကလေး ခုတ်ထားသမျှထင်းတွေကို အကုန်ယူသွားသတဲ့ကွယ်။

ဒီလိုနဲ့ မောင်ဖြိုးဟာ သူခုတ်ထားတဲ့ထင်းတွေနဲ့ မောင်ချမ်းသာကလေးဆီက ရလာတဲ့ထင်းတွေကို ပေါင်းပြီးစုပုံထားခဲ့သတဲ့ကွယ်။ မောင်ချမ်းသာကလေးဟာ ပင်ပန်းနေတဲ့အပြင် ထင်းထပ်ခုတ်ဖို့ကလဲ အချိန်မရှိတော့တာမို့ သူ့ရဲ့ ဓားနဲ့ပုဆိန်တွေကို သိမ်းပြီး အိမ်ပြန်ဖို့ပြင်လိုက်သတဲ့ကွယ်။ ဒီအချိန်မှာပဲ ရုတ်တရက်ဆိုသလို မိုးမှောင်ကြီးကျလာပြီး မိုးတွေတအားရွာလာသတဲ့ကွယ်။ ဒါကြောင့် မောင်ချမ်းသာကလေးဟာ မိုးခိုဖို့အတွက် ငှက်ကလေးတွေအသိုက်ရှိတဲ့ သစ်ပင်အောက်ကို ဝင်လာခဲ့သတဲ့ကွယ်။ ဒီလိုနဲ့ မိုးတအားရွာလာပြီး ရေတွေများလာတာကြောင့် မောင်ချမ်းသာကလေးဟာ မောင်ဖြိုးကို သစ်ပင်ပေါ်တက်နေဖို့ခေါ်ပေမဲ့ မောင်ဖြိုးဟာ သူ့ရဲ့ထင်းတွေကို နှမြောပြီး ကုန်းမြင့်ရာကို သယ်ပို့နေခဲ့တာပေါ့ကွယ်။ ဒီအချိန်မှာပဲ တောင်ကျချောင်းရေတွေက စီးလာပြီး မောင်ဖြိုးနဲ့သူ့ရဲ့ထင်းတွေပါ ချောင်းရေစီးနောက်ကို မျောပါသွားသတဲ့ကွယ်။ မိုးတိတ်သွားချိန်မှာတော့ မောင်ချမ်းသာကလေးဟာ သူမိုးခိုခဲ့တဲ့သစ်ပင်ကို မော့ကြည့်ရင်း "ငှက်ကလေးတွေနဲ့ သစ်ပင်ကြီးကို ကျေးဇူးတင်ပါတယ်"လို့ ဝမ်းသာအားရပြောလိုက်သတဲ့ကွယ်။

သားတို့သမီးတို့ရေ ဒီပုံပြင်လေးထဲမှာတော့ မောင်ချမ်းသာကလေးဟာ သူ့ရဲ့ကြင်နာတတ်တဲ့ စိတ်ထားကလေးကြောင့် တစ်လှည့်တစ်ပြန်ကျေးဇူးတရားလေးတွေကြုံလာခဲ့တာကို သားတို့သမီးတို့က တွေ့ကြရမှာပါ။ ဒါကြောင့်မို့ သားတို့သမီးတို့ကလဲ လူသားအချင်းချင်းပဲဖြစ်ဖြစ်၊ တိရစ္ဆာန်လေးတွေအပေါ်မှာပဲဖြစ်ဖြစ် ကြင်နာတတ်တဲ့စိတ်ထားကလေး ထားရှိကြရမယ်နော်။ ကဲ... သားတို့ သမီးတို့ရေ ဒီတစ်ပတ်ပုံပြင်လေးကတော့ ဒီလောက်ပါပဲကွယ်။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

## မိဘဆရာ ရိုသေပါ

♦ မိဘဆရာ ထိုနှစ်ဖြာ  
ရိုသေလေးစားပါ၊  
လမ်းမှန်ညွှန်ကာ ဆိုဆုံးမ  
မှတ်သားနာယူကြ။



♦ မောင်မယ်ဘဝ လုပ်ရန်  
ကြိုးစားအချိန်မှန်၊  
ရိုးသားရှင်သန် ဘဝလမ်း  
ထုဆစ်မြတ်အောင်ပန်း။ ။

**မိုးနှင်း(နတ်မောက်)**

## အားမာန်သစ်နဲ့ ကျောင်းကလေး

♦ ကျောင်းနဲ့ဝန်းကျင် လှဖို့ရာ  
စောင့်ရှောက်ထိန်းသိမ်းပါ။

♦ အားလုံးညီညာ လုပ်အားပြ  
အမှိုက်ကင်းစင်ပ။



♦ ပေါင်းသင်မြေဆွ ကျောင်းဥယျာဉ်  
စိမ်းမြလန်းကြည်ရွှင်။

♦ ပန်းမန်သစ်ပင် အေးရိပ်ကြား  
ကြည်နူးဆော့ကစား။ ။

**ကိုမျိုး(ပွင့်ဦး)**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၂၇၂၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၂၇၂၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ကေ ၂၇၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၇၂၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ပီလောပီနံ ကေ ၂၇၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၇၂၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျသုံးစွဲတတ်စေဖို့၊ ပိုးမွှားကျရောက်မှု ကင်းရှင်းစေဖို့ အတွက် နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးထားပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြို့နယ်အလိုက် ပီလောပီနံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ကေ ၂၀၊ လဟယ်မြို့နယ်တွင် ၁၃၄ ကေ၊ ထန်ပါခွေမြို့တွင် ၂၅ ကေ၊ နန်းယွန်းမြို့နယ်တွင် ၉၄၁ ကေ၊ ဒုံဟီးမြို့တွင် ၉၅၂ ကေ၊ ပန်ဆောင်မြို့တွင် ၆၅၁ ကေ စုစုပေါင်း ၂၇၂၃ ကေဖြစ်ကြောင်း သိရသည်။

ပီလောပီနံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပီလောပီနံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဒိုက်ဦးမြို့နယ် ပလစ်ကျေးရွာ၌ Smart Village စီမံကိန်းမိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဒိုက်ဦး ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်ကင်းကျေးရွာအုပ်စု ပလစ်ကျေးရွာ၌ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်များ ကျဉ်းမြောင်းစေရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ခေတ်မီစံပြ ကျေးရွာထူထောင်ရေး လုပ်ငန်းစီမံကိန်း (Smart Village) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်၊ ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေယံကျော်တို့က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက စီမံကိန်းရည်ရွယ်ချက်၊ ဆောင်ရွက်ရမည့် နည်းလမ်းနှင့် ကော်မတီရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်း အဓိကလုပ်ငန်းစဉ်နှင့် အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ခေတ်မီစံပြကျေးရွာထူထောင်ရေး လုပ်ငန်းစီမံကိန်း(Smart Village) ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းထံမှ သိရသည်။

**ကိုညို**






Myanmar Mobile Money(MMM) ကို
အသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရယူနိုင်ပါပြီ။

Myanmar MOBILE MONEY anywhere anytime anyone



- ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
- ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
- လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း
- Internet Bill ပေးဆောင်ခြင်း၊
- Skynet Bill Payment ပေးသွင်းခြင်း၊
- Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
- မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
- E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း
- အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊
- လစာထုတ်ခြင်းများကို ဘဏ်သို့သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ရွာသာကျေးရွာအုပ်စု၊ မြို့လှရွာနေ ဦးသိန်းဝင်း + ဒေါ်ခင်ဝမ်းတို့၏သား မောင်ဝင်းထွန်း (၉/ညဥန(နိုင်)၂၀၀၈၈၉) ကိုင်ဆောင်သူသည် မိဘ၊ ဆွေမျိုးများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ**

**ဦးသိန်းဝင်း + ဒေါ်ခင်ဝမ်း**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊မိုးထက်ကျော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–7 တွင် ပညာသင်ကြားနေသော မယွန်းအိမ့်မင်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးခိုင်စိုးမင်း** ဖြစ်ပါကြောင်း။

**ဦးခိုင်စိုးမင်း(၅/စကန(နိုင်)၂၃၉၇၉၈)**

## အမည်ပြောင်း

စစ်ကိုင်းမြို့၊ လေးကျင့်ရေးအလယ်တန်းကျောင်း၊ Grade–5 တွင် ပညာသင်ကြားနေသော (ဘ) ဦးတင်လင်းအောင်(၅/စကန(နိုင်)၁၇၆၆၁၉)၏သမီး မမြမြတ်ချယ်အား အိမ်ထောင်စုလူဦးရေစာရင်းအရ **မခင်ငြိမ်းစံ**ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မခင်ငြိမ်းစံ**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊မိုးထက်ကျော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–11 တွင် ပညာသင်ကြားနေသော မောင်ဝေယံလင်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဇော်မင်းခိုင်** ဖြစ်ပါကြောင်း။

**ဦးဇော်မင်းခိုင်(၅/ကလတ(နိုင်)၀၆၅၂၀၆)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ သူငယ်တော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ Grade–6 တွင် ပညာသင်ကြားနေသော မနှင်းလဲ့ဝေ၏ဖခင်အမည်မှန်မှာ **ဦးကျော်သူရ (ခ) ဦးသူရ** မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်သူရ (ခ) ဦးသူရ(၉/အမရ(နိုင်)၁၂၇၉၉၁)**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊မိုးထက်ကျော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–11 တွင် ပညာသင်ကြားနေသော မစုလှိုင်ဝင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဇာနည်ဝင်း** ဖြစ်ပါကြောင်း။

**ဦးဇာနည်ဝင်း(၅/စကန(နိုင်)၁၉၂၂၃၂)**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊မိုးထက်ကျော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–8 တွင် ပညာသင်ကြားနေသော မနှင်းအိဖြူ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးတင်ထွန်းအောင်** ဖြစ်ပါကြောင်း။

**ဦးတင်ထွန်းအောင်(၉/ပသက(နိုင်)၁၃၇၄၄၄)**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇–၈၁၀၃၃၄၇၊
၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။


## စစ်တောင်းမြစ်ရေ မဒေါက်မြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေ၀က်ခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေ၀က်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## ခိုင်မာသည့် လမ်းပြမြေပုံနှင့် ပြည်ထောင်စု၏ အနာဂတ်ရည်မှန်းချက် ဆောင်းပါး

စာမျက်နှာ - ၁၈

## သဘာဝ၏ အာဟာရသိုက် မှျစ်မှပေးသော ကျန်းမာရေး အကျိုးကျေးဇူးများ ဆောင်းပါး

စာမျက်နှာ - ၁၀

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၁

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ☆



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

## မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ "မီလျံနာ"ရွှေဆိုင်နှင့် မဟာအောင်မြေမြို့နယ်ရှိ "ပေါ်ဦး"ရွှေဆိုင်တို့ကို သေနတ်ပစ်ဖောက်ဝင်ရောက်၍ ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး သုံးဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည် မြို့နယ်ရှိ "မီလျံနာ"ရွှေဆိုင်ကို သေနတ်ပစ်ဖောက်ဝင်ရောက်၍ ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား ခြောက်ဦးနှင့် ပူးပေါင်းပါဝင်သူ အမျိုးသား နှစ်ဦး၊ အမျိုးသမီးသုံးဦးတို့ကို သက်သေခံ ပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၃)ရပ်ကွက် ၆၂ လမ်းနှင့် ၆၄ လမ်းကြား မနော်ဟရီလမ်းရှိ "မီလျံနာ" ရွှေဆိုင်ကို ဇူလိုင် ၂၀ ရက် မွန်းလွဲပိုင်းက အမျိုးသားခြောက်ဦးက ဆိုင်ကယ် သုံးစီးဖြင့် ရောက်ရှိလာပြီး ဆိုင်အတွင်းသို့ သေနတ်ပစ်ဖောက်ဝင်ရောက်ကာ ဆိုင်ရှိဝန်ထမ်းများကို ခြိမ်းခြောက်ပြီး မှန်ကောင်တာများအား ပုဆိန်ဖြင့် ရိုက်ခွဲ၍ ရွှေထည်ပစ္စည်းမျိုးစုံ

စာမျက်နှာ ၂၁ ကော်လံ ၁ ■

## ပက်ထရီယော့တ်ဒုံးကျည်များ ယူကရိန်းကို ထုတ်လုပ်ခွင့်ပေးရန် သဘောတူထားခြင်း မရှိကြောင်း အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့် ပြောကြား

စာမျက်နှာ - ၆

## စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၉၂၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

စာမျက်နှာ - ၂၇

## ထူးခြားသည့် နေ့အပူချိန်များ

(၁-၈-၂၀၂၆)

| | | | | |
|---|---|---|---|---|
| မုံရွာ | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၅ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

## မန္တလေး-လားရှိုးလမ်းပိုင်းရှိ ဂုတ်ထိပ်-၁ အဆန် ပြင်ဦးလွင်-ဂုတ်ထိပ် RBE ရထားလမ်းချော်မှုဖြစ်ပွား

နေပြည်တော် ဩဂုတ် ၁

မန္တလေး-လားရှိုးလမ်းပိုင်း ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်ဘူတာမှ ထွက်ခွာလာသော ဂုတ်ထိပ်-၁ အဆန် ပြင်ဦးလွင်-ဂုတ်ထိပ်ခရီးစဉ်ပြေးဆွဲသော တွဲနှစ်တွဲပါ RBE ရထားသည် ယနေ့နံနက် ၈ နာရီတွင် ပြင်ဦးလွင်နှင့် ပွဲကောက်ဘူတာအကြား မိုင်တိုင်အမှတ် ၄၂၆/၃ နှင့် ၄၂၆/၄ အကြား ပြင်ဦးလွင်မှ မိုးကြိုးပစ်ကျေးရွာသို့ ဖောက်လုပ်ထားသော မြေသားလမ်းနှင့်

စာမျက်နှာ ၂၂ ကော်လံ ၄ ❖

ဂုတ်ထိပ်-၁ အဆန် RBE ရထား ပြင်ဦးလွင်-ပွဲကောက်ကြားလမ်းချော်မှုနှင့် လမ်းချော်သည့်တွဲကို ပြန်လည်မတင်နေစဉ်။

